ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ကြွေးကြော်သံ

အတွဲ (၂) အမှတ်(၈)

၂၀၁၇ ခုနှစ် မတ်လ ၂၈ ရက်

## 'အလင်းတချက် အမှောင်တကွက်နဲ့ သွားနေတဲ့ ငြိမ်းချမ်းရေး'

စာတည်းအဖွဲ့အမှာ

(၁)

တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး (NCA) ကတော့ စစ်အုပ်စုဖြစ်စေချင်တဲ့အတိုင်း ဇာတ်မျောကြီး ဖြစ်နေပါပြီ။ အခု မေလအထိ ဆွဲဆန့်သွားပြီ။ ဒီကြားထဲ ဘာပြဿနာပေါ်ဦးမယ် မသိဘူး။ ဒီချုပ်ရဲ့အကျပ်အတည်းကာလပါပဲ။ တိုင်းရင်းသားအချင်းချင်းအတွက်တော့ ရင်ကြားစေ့ဖို့၊ ထွက်လမ်းရှာဖို့ အချိန်ရသွားခဲ့တယ်။

ဖြစ်နေတဲ့တိုက်ပွဲတွေရပ်သွားဖို့ စစ်တပ်နဲ့အစိုးရဘက်က တောင်းဆိုတာတွေက မမျှတဘူး။ လက်တွေ့မကျဘူး။ ဒါ့ကြောင့် အလုပ်မဖြစ်ဘူး။ မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့ ၄ ဖွဲ့ တောင်းဆိုတာတွေက ကြောင်းကျိုးဆီလျော်တယ်။ မျှတတယ်။ စဉ်းစားသင့်တာတွေ ပါတယ်။ စစ်အုပ်စုက သေနတ်ကို အမိန့်ပေးခွင့်ရနေသရွေ့ သူတို့အနေနဲ့ ကိုင်ထားတဲ့သေနတ် စွန့်လို့မရဘူးဆိုတာ ဘဝပေးအသိအရ သဘောပေါက်ထားကြပုံရတယ်။

(၂)

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေက ငြိမ်းချမ်းရေးရအောင် စည်းရုံးရေးအရ ညီညွတ်သောတိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ (UNFC) ပုံစံနဲ့သွားခဲ့တယ်။ (NCA) ပေါ်ပေါက်ရေးအတွက် ဦးသိန်းစိန်အစိုးရ ကာလကစပြီး ပါဝင်ပန္နက်ရိုက်ခဲ့ကြတယ်။ အခြေခံအချက်တွေ သဘောတူညီမှု ရခဲ့ကြတယ်။ စစ်တပ်ဘက်က ပွဲဖျက်လာတာ အဲဒီအချိန်ကတည်းက ဖြစ်တယ်။ ပုံပေါ်လာတာက စစ်အုပ်စုဟာ တပြိုင်တည်းလမ်းကြောင်း ၂ ကြောင်း သုံးလာတယ်။ စစ်အစိုးရအနေနဲ့ တိုင်းရင်းသား လက်နက်ကိုင်တွေရော နိုင်ငံရေး

ပါတီတွေကိုပါ ၂၀၀၈ ခြေဥဘောင်ထဲက ရုန်းထွက်မရအောင် အကျပ်ကိုင်ခဲ့တယ်။ တခါ ဆွေးနွေးပွဲတွေ အရှိန်ရလာပြီဆိုရင် စစ်တပ်က တိုက်ပွဲတွေဖော် စစ်ရှိန်တွေမြှင့်ခဲ့တယ်။ အဲဒီအချိန်အထိ ဂသပ နဲ့ မိုင်းလားအဖွဲ့က သီးခြားဖြစ်နေပြီး ကိုယ့်ဒေသတိုးတက်ရေး ကိုယ့်ဘာသာ တည်တည်ငြိမ်ငြိမ်လုပ်နေကြတာ ဖြစ်တယ်။ အုပ်စိုးသူတွေဘက်ကတော့ ချော့မြူရေးနဲ့ သွေးခွဲရေးပေါ်လစီကို ကိုင်စွဲထားခဲ့ကြတယ်။ တဖွဲ့ကို အခွင့်အရေးပေး အပစ်ရပ်ထားပြီး တဖွဲ့ကို ချေမှုန်းဖို့ ကြိုးစားတာဟာ သူတို့ရဲ့ လက်သုံးနည်းပဲ။ ဒီလိုနဲ့ (UNFC) တွင်း ကွဲပြဲမှုတွေ ဖြစ်လာတယ်။ ဒီအကျပ်အတည်းကို ဖောက်ထွက်တဲ့အဖွဲ့ကတော့ မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့ပဲ ဖြစ်တယ်။ ပွဲကြည့်ပရိသတ် လုပ်နေတဲ့ ဂအဖွဲ့က 'နောက်ဆုံးတုတ်ချက်' ဟာ သူတို့ခေါင်းပေါ်ရောက်တော့မယ်ဆိုတာ တွက်မိကြပုံပေါ်တယ်။ ပန်ခမ်းကြေညာချက်ဟာ ဒီကိစ္စတွေရဲ့ အထွက်ပစ္စည်းပဲ။ သူတို့က "ပင်လုံစိတ်ဓာတ်၊ ပင်လုံအနှစ်သာရကို ဖွင့်ဆိုရာမှာ အစိုးရနဲ့ကော စစ်တပ်နဲ့ပါ အမြင်ကွဲကြောင်း၊ ဒါ့ကြောင့် ၂၁ ရာစု ပင်လုံညီလာခံလမ်းကြောင်းကနေ မသွားလိုကြောင်း၊ မတူတဲ့လမ်းကြောင်းကနေ- သူ ဦးဆောင်ပြီး တွေ့ဆုံဆွေးနွေးသွားလိုကြောင်း" ထုတ်ပြန်ခဲ့တယ်။ အကျိုးဆက်ကတော့ (UNFC) ထဲမှာ ထပ်ပြီး မတူတဲ့လမ်း ၂ သွယ် ပေါ်လာတာပဲ ဖြစ်တယ်။ (NCA) လမ်းကြောင်းက သွားချင်သူတွေနဲ့ ပန်ခမ်းလမ်းကြောင်းက သွားလိုသူရယ်လို့ ၂ မျိုး ကွဲတယ်။ လမ်းစဉ်ဆိုတဲ့သဘောက တဖွဲ့နဲ့တဖွဲ့ မတူနိုင်သလို တဖွဲ့ထဲမှာကို လက်ခံသူနဲ့ လက်မခံသူရယ်လို့ ရှိတတ်တာပဲ။ ဒါ အားလုံးရဲ့ ဒီမိုကရေစီပဲ။ ဒါကို အပြန်အလှန် အသိအမှတ်ပြုကြဖို့ပဲ လိုပါတယ်။ လုပ်ရင်းက ဘယ်သူ့လမ်းကြောင်းက ပိုခရီးရောက်တယ် ဆိုတာ တွေ့လာမှာပါ။ ရည်မှန်းချက်တူဖို့ပဲ လိုပါတယ်။ "လမ်းကြောင်းမတူ ငါ့ရန်သူ" မလုပ်ဖို့ပဲ လိုပါတယ်။

(၃)

လက်နက်ကိုင်တိုင်းရင်းသားတွေနဲ့ လက်ရှိဖက်စပ်အစိုးရကြားမှာ ဘာတွေများ အဟပ်ကွာနေသလဲ။ အခု ၂၁ ရာစု ပင်လုံညီလာခံဟာ ဦးသိန်းစိန် စစ်အစိုးရ တွန်းလုပ်သွားတဲ့ NCA ကို စစ်တပ်နဲ့ ရင်ကြားစေ့ရေးဗျူဟာ ချထားတဲ့ ဒေါ်စုက အမွေဆက်ခံထားတာ ဖြစ်တယ်။ ဦးသိန်းစိန်ဟာ NCA ကို ၂၀၀၈ ခြေဥ ခွင့်ပြုချက်ဘောင်အတွင်းကပဲ လုပ်နေရတာ ဖြစ်တယ်။ ဒီခြေဥဟာ စစ်အုပ်စုအကျိုးအတွက် ရေးဆွဲထားတာ ဖြစ်တယ်။ သူတို့အတွက် ရေးဆွဲထားတာ မဟုတ်ဘူးဆိုတာ တိုင်းရင်းသားတွေက သိတယ်။ ဒါ့ကြောင့်လည်း ဒေါ်စုကို စစ်တပ်နဲ့ ခွဲမမြင်တော့ဘဲ တွဲမြင်လာခဲ့ကြတယ်။ ဘာပဲဖြစ်ဖြစ် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်စုနဲ့ တွေ့ဆုံပြီးတဲ့နောက် UNFC တောင်းဆိုတဲ့အချက် ၉ ချက်ကို မူအားဖြင့် လက်ခံကြောင်း သိရလို့ ရှေ့ဆက်နိုင်မယ့်သဘော တွေ့လာရတယ်။ လမ်းဆုံးအောင်တော့ လျှောက်ကြည့်ကြလိမ့်မယ် ထင်ပါတယ်။

(၄)

ဒီအချိန် အရေးပါလာတဲ့ နယ်စပ်ကိစ္စများကိုလည်း ကြည့်ဖို့လိုလာပါပြီ။ အစိုးရရဲ့ နိုင်ငံခြားရေး ဆောင်ရွက်ချက်တွေကြောင့်လား၊ စစ်တပ်ရဲ့ လက်တွေ့လုပ်ဆောင်ချက်တွေကြောင့်လား မသိ၊ အနောက်ဘက် ၂ နိုင်ငံက နယ်စပ်စည်းကြောင်းပေါ် သံဆူးကြိုးကာတာ ပိတ်ဆို့တာတွေ တွေ့လာရတယ်။ အရှေ့မြောက်ဘက်မှာလည်း နယ်စပ်ဒေသ အေးချမ်းရေးအတွက်ဆိုကာ တရုတ် ပါဝင်ပတ်သက်လာခဲ့တယ်။ ဗမာ့နိုင်ငံရေးမှာ ပါဝင်ပတ်သက်သူတွေ များလွန်းတယ်။ အားလုံးလိုလိုကလည်း ကစားနေကြတယ်။ ကြားခံဒေသမလိုဘူးဆိုတဲ့ ပေါ်လစီဟာလည်း ဒီအတိုင်းဆက်ရှိနေပါဦးမလား စဉ်းစားစရာ ဖြစ်လာတယ်။ အခု ကုလ၊ အီးယူ၊ အမေရိကန်၊ အာဆီယံတို့လည်း ပါဝင်လာကြလို့ နိုင်ငံတကာပြဿနာ ဖြစ်နေပါပြီ။ ဗမာပြည်ပြဿနာက ရှုပ်ထွေးပါတယ်။ လူမျိုးပေါင်းစုံ ဗမာပြည်သူအချင်းချင်း ဖြေရှင်းကြရမှာ ဖြစ်ပေမယ့် နိုင်ငံအုပ်ချုပ်ရေးမှာ စစ်တပ်ဝင်နေရာယူခဲ့ပြီး ရှင်းမရအောင် ဖြစ်နေတာပါ။ အစိုးရက ဖွဲ့ပေးလိုက်တဲ့ ကော်မရှင်တွေကလည်း မေးခွန်းထုတ်စရာတွေ ရှိနေတယ်။ စစ်အုပ်စုအနေနဲ့ ပြဿနာတွေ ပေါ်နေမှ ငါတို့ရဲ့အခန်းဝင်မှု မပျောက်မှာလို့တွက်ပြီး တပ်မတော်သားတွေရဲ့ အသက်တွေကို ဆက်စတေးနေဦးမယ်ဆိုရင်တော့ တိုင်းပြည်အရေး ရင်လေးစရာ ဖြစ်ပါကြောင်း တင်ပြလိုက်ပါတယ်။

စာတည်းအဖွဲ့
(၃၊ ၄၊ ၂၀၁၇)

**To,**
**Presidium of the 20th Congress**
**Communist Party of Greece**

ဗဟိုစည်းရုံးရေးကော်မတီဗမာပြည်ကွန်မြူနစ်ပါတီ

**CENTRAL ORGANIZING COMMITTEE, COMMUNIST PARTY OF BURMA**

Dated: 2017, March 28th.

**To,**
**Presidium of the 20th Congress**
**Communist Party of Greece**

From,
Central Organising Committee Communist Party of Burma
Subject: Message of Felicitations.

Dear Comrades,

Enthused with pride and deep satisfaction, we hereby extend our fraternal greetings to you, the attendees of the Congress and members of the Communist Party of Greece.

We have been trying our best to keep track of the works of our fraternal parties the world over and we felt energized after having seen the thesis to be read at the Congress.

Rivalry among world powers, which is not in the least favourable to the working class and the oppressed peoples of Burma, has visibly intensified and this makes the living standards, education and healthcare of our people decline steeply to unsafe levels.

Just as the capitalist powers are wreaking havoc in the Middle East and North Africa, the ruling class and the military in our country are also inciting racial hatred and religious conflicts within our community which is made up of people of diverse ethnicity and different faiths. While the government and the military are chanting the mantra of "peace" every day, fighting has increased more than ever leading to hundreds of thousands of local people having to leave their homes and flee to other lands. Refugee camps are scattered all along the borders of our nation and the role of international NGOs, especially the western ones, has become increasingly imposing upon the lives or our people.

We never thought that the military exercises of world powers in the seas close to our nation are conducive to stability and tranquility of our nation or the region. The generals from the military clique of our country are making use of these to bolster their own military strength, which in reality is a great menace to peace as well as the livelihoods of the people of our country. They also provide another excuse for the generals to procure military hardware and equipment and increase military expenditure.

As a poor and backward nation having an enviable amount of untapped natural and human resources, our country is becoming prey to be exploited by many other countries as well as local cronies of various shades. They are busy finding means to increase foreign investment flows into the country, but in reality the exodus of our own people seeking work abroad is unstoppable and the countryside has become depleted of an adequate and viable work force. Although we have been unable to participate actively in the trans-national movements of the international communists and the working class due our own objective limitations, we are exerting all efforts to vitalise the proletarian movement in our country in accordance with the present situation of Burma. We shall firmly rely on the multi-ethnic peoples of Burma who have a glorious tradition of valiantly struggling against various kinds of oppressions and oppressors and shall make utmost contributions to the common struggle of the proletariat all over the world. We shall unite with working people of the world in the fight to maim and sever the extending tentacles of imperialists and big capitalist multinationals.

Success to the Twentieth Congress of the Communist Party of Greece!

Long Live the Fraternal Relationship between the Communist Party of Greece and the Communist Party of Burma!

Long Live Proletarian Internationalism!

Central Organizing Committee
Communist Party of Burma

---

ဗဟိုစည်းရုံးရေးကော်မတီဗမာပြည်ကွန်မြူနစ်ပါတီ

CENTRAL ORGANIZING COMMITTEE, COMMUNIST PARTY OF BURMA

## ဂရိကွန်မြူနစ်ပါတီသို့ ပေးပို့သည့် သဝဏ်လွှာ

(ဗမာပြည်ကွန်မြူနစ်ပါတီ ဝဘ်ဆိုက်မှ)

ရက်စွဲ- ၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ရက်။

သို့-
သဘာပတိအဖွဲ့
(၂၀)ကြိမ်မြောက်ပါတီကွန်ဂရက်
ဂရိကွန်မြူနစ်ပါတီ

မှ-
ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

အကြောင်းအရာ။ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခြင်း။

ချစ်လှစွာသောရဲဘော်များခင်ဗျား -

ရဲဘော်တို့နှင့် ကွန်ဂရက်ကို တက်ရောက်လာသူများ၊ ဂရိကွန်မြူနစ်ပါတီဝင်များအား ဂုဏ်ယူ၊ ကျေနပ်မှုအပြည့်ဖြင့် ဤ ညီနောင်ချင်း ဂုဏ်ပြုသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ကျွန်တော်တို့အနေဖြင့် ကမ္ဘာအဝန်းရှိ ညီနောင်ပါတီများ၏လုပ်ဆောင်မှုများကို အတတ်နိုင်ဆုံး မျက်ခြည်မပြတ်အောင် လုပ်နေပါသည်။ ဂရိကွန်မြူနစ်ပါတီကွန်ဂရက်တွင် ဖတ်ကြားမည့်စာတမ်းကို ဖတ်ရသောအခါ လွန်စွာမှ အားတက်ရပါသည်။

ဗမာနိုင်ငံမှ အဖိနှိပ်ခံပြည်သူများအတွက် နည်းနည်းမှ အကျိုးမရှိသော နိုင်ငံကြီးများအတွင်း အားပြိုင်မှုမှာ သိသိသာသာ ထင်ရှားလာနေပြီး ဤသည်က ကျွန်တော်တို့ပြည်သူများ၏ နေထိုင်မှုအဆင့်အတန်း၊ ပညာရေး၊ ကျန်းမာရေးစသည်တို့ကို ဖောက်ထိုးကျဆင်းစေခဲ့ပါသည်။

အရှေ့အလယ်ပိုင်းနဲ့ အာဖရိကမြောက်ပိုင်းတို့မှာ အရင်းရှင်နိုင်ငံကြီးတွေက ထင်သလိုကြဲနေသကဲ့သို့ပင် ကျွန်တော်တို့နိုင်ငံက စစ်အုပ်စုနှင့် အုပ်စိုးသူလူတန်းစားသည်လည်း လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ကျွန်တော်တို့လူ့အဖွဲ့အစည်းအတွင်း လူမျိုးရေး၊ ဘာသာရေး မုန်းတီးမှုတွေ လှုံ့ဆော်ဖန်တီးနေပါသည်။ အစိုးရနှင့် စစ်တပ်က"ငြိမ်းချမ်းရေး" စကားကို ပရိတ်ရွတ်သလို နေ့စဉ်ရွတ်နေကြသည့်အကြားမှပင် စစ်ပွဲများမှာ အရင်ထက် ပိုများလာခဲ့သဖြင့် သောင်းနှင့်ချီသော လူထုတွေမှာ ကိုယ့်အိမ်ရာတွေကို စွန့်လွှတ်ပြီး အခြားနိုင်ငံတွေကို ပြေးဝင်ခ ခိုလှုံနေကြရပါသည်။ ကျွန်တော်တို့နိုင်ငံ၏ နယ်စပ်တလျှောက်မှာ စစ်ပြေးဒုက္ခသည် ခိုလှုံရေးစခန်းတွေ ဗရပွကြဲနေပါသည်။ သို့ဖြင့် အင်န်ဂျီအိုများ၊ အထူးသဖြင့် အနောက်တိုင်းအင်န်ဂျီအိုများ၏အခန်းသည် ကျွန်တော်တို့ ပြည်သူလူထုတွေ၏ဘဝမှာ ပိုပိုပြီး နေရာယူ၊ အရေးပါလာနေပါသည်။

ကျွန်တော်တို့နိုင်ငံနှင့် ကပ်နေသော ပင်လယ်ထဲတွင် အင်အားကြီးနိုင်ငံများက စစ်ရေးလေ့ကျင့်နေခြင်းသည် ကျွန်တော်တို့နိုင်ငံနှင့်ဒေသတို့၏ ငြိမ်းချမ်းတည်ငြိမ်မှုကို အထောက်အကူဖြစ်လိမ့်မည်ဟု ကျွန်တော်တို့ဘယ်တုန်းကမှ မယူဆခဲ့ပါ။ တကယ်တွင် ဤလုပ်ရပ်များမှာ ကျွန်တော်တို့နိုင်ငံ ပြည်သူများ၏ နေထိုင်မှုဘဝနှင့် ငြိမ်းချမ်းရေးတို့ကို ခြိမ်းခြောက်နေတာသာ ဖြစ်ပါသည်။ ဤအခြင်းအရာများက ဗမာပြည်က စစ်ဗိုလ်ချုပ်များအား စစ်လက်နက်ပစ္စည်းများ ဝယ်ယူရန်၊ စစ်စရိတ်တိုးချဲ့ရန် ဆင်ခြေရစေပါသည်။

မနာလိုစရာကောင်းလောက်အောင် သဘာဝအရင်းအမြစ်နှင့် လူအရင်းအမြစ် ပေါကြွယ်သော ဆင်းရဲနောက်ကျသည့် ကျွန်တော်တို့နိုင်ငံမှာ အခြားနိုင်ငံများနှင့် ပြည်တွင်းခရိုနီ အမျိုးမျိုးတို့၏ သားကောင် ဖြစ်လာနေပါသည်။ သူတို့က ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ တိုးပွားအောင် လုပ်ဆောင်နေပါသည်ဟု ပြောနေကြသော်လည်း လက်တွေ့မှာ ကိုယ့်နိုင်ငံသားတွေ ပြည်ပထွက်ပြီး အလုပ်ရှာဖွေနေကြခြင်းမှာ တားမနိုင်ဆီးမရဖြစ်နေပြီး ကျေးလက်ဒေသတွေမှာတော့ လုပ်အားမလုံမလောက် ဖြစ်လာနေပါသည်။

ကျွန်တော်တို့အနေဖြင့် နိုင်ငံတကာကွန်မြူနစ်များနှင့် အလုပ်သမားလူတန်းစား၏ နိုင်ငံလွန်လှုပ်ရှားမှုများတွင် ကိုယ့်အကန့်အသတ်များကြောင့် ပါဝင်နိုင်ခြင်းမရှိသော်လည်း ကျွန်တော်တို့အနေဖြင့် ဗမာပြည်၏ လက်တွေ့အခြေအနေနှင့်အညီ ပစ္စည်းမဲ့လူတန်းစားလှုပ်ရှားမှုများ သက်ဝင်တိုးပွားအောင် လုပ်ဆောင်နေပါသည်။ ကျွန်တော်တို့သည် ဖိနှိပ်သူမျိုးစုံ၏ ဖိနှိပ်မှုမျိုးစုံကို ရဲဝံ့စွာတိုက်ပွဲဝင်သည့် အစဉ်အလာရှိသည့် ဗမာပြည်မှ လူမျိုးပေါင်းစုံပြည်သူများအပေါ် ခိုင်မြဲစွာအားပြုပြီး ကမ္ဘာအဝန်းမှ ပစ္စည်းမဲ့များ၏ ဘုံတိုက်ပွဲကို အကျိုးပြုရန် အစွမ်းကုန် အားထုတ်သွားကြပါမည်။ ကျွန်တော်တို့သည် နိုင်ငံတကာအလုပ်သမားများနှင့်သွေးစည်းကာ နယ်ချဲ့သမားများနှင့် ရောမနိုင်ငံစုံကုမ္ပဏီကြီးများ၏ လက်ချောင်းများကို ခုတ်ထစ်ဖြတ်တောက်သည့် တိုက်ပွဲတွင် ပါဝင်သွားပါမည်။

ဂရိကွန်မြူနစ်ပါတီ၏နှစ်ဆယ်ကြိမ်မြောက်ကွန်ဂရက် အောင်မြင်ရမည်။

ဂရိကွန်မြူနစ်ပါတီနှင့်ဗမာပြည်ကွန်မြူနစ်ပါတီတို့အကြားမှ ညီနောင်ဆက်ဆံရေး အဓွန့်ရှည်ပါစေ။

ပစ္စည်းမဲ့နိုင်ငံတကာ့ဝါဒ အဓွန့်ရှည်ပါစေ။

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ



## အမျိုးသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးဆိုတာ တဆက်တစပ်တည်း ကိစ္စတွေပါ

စောအယ်ထူး

ဗမာပြည်ပြည်တွင်းစစ်ဟာ အနှစ် ၇၀ နီးပါးရှိလာခဲ့ပြီ။ ဒီလောက်ရှည်ကြာတဲ့ ပြည်တွင်းစစ်ဟာ တောက်လျှောက် မရပ်မစဲ ဖြစ်ခဲ့တာဖြစ်တယ်။ ပြည်တွင်းစစ်ရပ်စဲဖို့ ကြိုးပမ်းခဲ့တာတွေရှိပါတယ်။ မအောင်မြင်ပါဘူး။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ လုပ်ခဲ့တာရှိခဲ့ပါတယ်။ မအောင်မြင်ပါဘူး။ တိုင်းပြည်တပြည်ထဲမှာ အတူနေနေကြတဲ့ တမြေတည်းနေ၊ တရေတည်းသောက်တွေ အချင်းချင်း ဘာကြောင့် သဲသဲမဲမဲ မရပ်မနားတိုက်ခိုက်နေကြပါသလဲ။ မျိုးဆက် ၂ ဆက်၊ ၃ ဆက်တောင် ရှည်ကြာခဲ့ပြီ။ ငြိမ်းချမ်းရေး၊ စစ်ရပ်စဲရေးအလားအလာလည်း မမြင်ရသေး။ ဘာကြောင့်လဲ။ အကြောင်းပေါင်း သောင်းခြောက်ထောင် ရှိနေပါတယ်။ ဒါပေမဲ့ အဓိက ကတော့ အမျိုးသားသွေးစည်းညီညွတ်မှု ပြိုကွဲလို့ပဲ။ အမျိုးသားပြိုကွဲမှုရဲ့အမြင့်ဆုံးအဆင့်ဟာ ပြည်တွင်းစစ်ဖြစ်တာပါပဲ။ မတူတဲ့နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးအင်အားစုတွေဟာ တူညီတဲ့ဦးတည်ချက်အတွက် စုစည်းမိတဲ့အခါမှာ အမျိုးသားသွေးစည်းညီညွတ်မှုရရှိလာတာပါပဲ။ ခေတ်သစ်ဗမာပြည်သမိုင်းမှာ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးအင်အားစုတွေဟာ လွတ်လပ်ရေးဦးတည်ချက်ကို ဆုပ်ကိုင်မိလာကြတဲ့အခါမှာ ဖဆပလ အဖွဲ့မှာ စုစည်းမိလာကြတယ်။ ဘယ်တုန်းကမှ မရှိခဲ့ဖူးတဲ့ စည်းလုံးညီညွတ်မှုကို ရရှိခဲ့တယ်။ အကျိုးဆက်ကတော့ ဗမာပြည်လွတ်လပ်ရေးရတယ်။

လွတ်လပ်ရေးရပြီးရင် တိုင်းပြည်ကို ဘယ်လိုထူထောင်ကြမလဲဆိုတာမှာ အမြင်ကွဲလွဲပါတယ်။ ဒီလို မတူတဲ့နိုင်ငံရေး ပါတီတွေ၊ နိုင်ငံရေးအင်အားစုတွေဟာ တူညီတဲ့ဦးတည်ချက်အတွက် အမြင်ကွဲလွဲလာတာကို အပြန်အလှန် အပေးအယူရှိရှိ စိတ်ရှည်လက်ရှည် ညှိနှိုင်းတိုင်ပင်ဆွေးနွေးတဲ့နည်းနဲ့သာ ဖြေရှင်းရမှာဖြစ်ပါတယ်။ အဲဒီလိုမဖြေရှင်းလို့ အမျိုးသားသွေးစည်းညီညွတ်မှုဟာ တစတစပြိုကွဲလာတော့တယ်။ အာဏာရအင်အားစုက အစိုးရဖွဲ့နိုင်ပြီး အာဏာမဲ့အင်အားစုက အတိုက်အခံ ဖြစ်လာပါတယ်။ အာဏာရနဲ့အာဏာမဲ့တွေဟာ ပြည်သူလူထုကို ဦးထိပ်ပန်ကြမယ်ဆိုရင် မတူတဲ့အမြင်သဘောထားတွေ ဘယ်လောက်ပဲကွဲပြားပါစေ၊ အလုပ်အတူလုပ်နိုင်ကြပါတယ်။ ဒါပေမဲ့ အာဏာရအင်အားစုတွေက အစိုးရဖွဲ့ပြီး အာဏာမဲ့အင်အားစုတွေကို ငါနဲ့မတူ၊ ငါ့ရန်သူလို သဘောထားလိုက်ကြတယ်။ ဒါကြောင့် အာဏာရအင်အားစုရဲ့အစိုးရဟာ အာဏာမဲ့အင်အားစုတွေကို အကြမ်းဖက်နှိပ်ကွပ်တာလုပ်ရာက အမျိုးသားပြိုကွဲမှုဟာ တစစီဖြစ်သွားတဲ့အထိဖြစ်တော့ ပြည်တွင်းစစ်ဖြစ်တော့တာပါပဲ။ အာဏာရအင်အားစုရဲ့ အစိုးရကိုထောက်ခံတဲ့ အင်အားစုကလွဲရင် ကျန်တဲ့အင်အားစုကို မတရားသင်းကြေညာပြီး ပိုမိုဖိနှိပ်လာတော့ ပြည်တွင်းစစ်ဟာ ပိုမိုသည်းသန်ပြင်းထန်လာပါတော့တယ်။ အာဏာရအစိုးရက အစိုးရကိုဆန့်ကျင်တဲ့ အင်အားစုကို ဆူပူသောင်းကျန်းသူ၊ အဖျက်သမား၊ သူပုန်ဆိုပြီး မတရားစွပ်စွဲပြီး ဖိနှိပ်ချုပ်ချယ်တိုက်ခိုက်တာဟာ ဖဆပလအစိုးရကအစ စစ်အစိုးရအဆက်ဆက် တောက်လျှောက်လုပ်ခဲ့တာပါ။ ဒါကြောင့် ပြည်တွင်းစစ်ဟာ

လည်း နှစ် ၇၀ နီးပါး မရပ်မနား တောက်လျှောက်ဖြစ်ခဲ့ပါတယ်။ အဲဒီလိုတိုက်ရာမှာ ဖဆပလ အစိုးရရော စစ်အစိုးရအဆက်ဆက်ပါ အပြုတ်တိုက်ရေး ပေါ်လစီပဲ ကျင့်သုံးခဲ့ပါတယ်။ အခုအချိန်ထိ ကျင့်သုံးနေတဲ့ပေါ်လစီဟာ အပြုတ်တိုက်ရေးပဲ။ လုပ်တဲ့နည်းနာက ဖြတ်လေးဖြတ်စနစ်ပါ။ ဒါကြောင့် ဒီပြည်တွင်းစစ်ကြီးဟာ ဒီလောက် သည်းသန်ပြင်းထန်ပြီး ရက်စက်ရိုင်းစိုင်းနေတာပါပဲ။

လက်နက်ချအညံ့ခံရေးဟာ ပြည်တွင်းစစ်ရပ်စဲရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် နည်းလမ်းကောင်းတခု မဟုတ်တာတော့ လက်တွေ့ပေါင်းများစွာက သက်သေပြခဲ့ပါတယ်။ ၁၉၅၈ ခုနှစ်မှာ ဗမာပြည်တဝန်း လက်နက်ကိုင်အဖွဲ့အစည်း အတော်များများ လက်နက်ချခဲ့ပါတယ်။ ဒီမိုကရေစီနဲ့ လက်နက်လဲလှယ်တယ်ဆိုတဲ့ မလိမ့်တပတ် ပေါ်လစီနဲ့ ကြွေးကြော်သံကြောင့်ပါ။ ဒါပေမဲ့ ပြည်တွင်းစစ်လည်း မရပ်စဲဘဲ ပြည်တွင်းငြိမ်းချမ်းရေးလည်း မရခဲ့ပါဘူး။ မကြာခင်မှာပဲ အဲဒီ လက်နက်ချခဲ့တဲ့ အဖွဲ့အစည်း တချို့ဟာ လက်နက်ကိုင်တော်လှန်ရေး ပြန်ဆင်နွှဲကြပါတယ်။ ပြည်တွင်းစစ်ကို စတင်ဖန်တီးခဲ့တဲ့ ဖဆပလ အစိုးရဝန်ကြီးချုပ် ဦးနုဟာလည်း ဗိုလ်နေဝင်းက သူ့ကို ဝန်ကြီးချုပ်အဖြစ်က ဖြုတ်ချအာဏာသိမ်းပြီးတဲ့နောက်မှာ လက်နက်ကိုင်တိုက်ပွဲကိုဆင်နွှဲခဲ့တာပဲ။ ဦးနုဟာ သူကိုယ်တိုင်နာမည်ပေးခဲ့တဲ့ သောင်းကျန်းသူ၊သူပုန်ဘဝကို ရောက်သွားပါတယ်။ ဗိုလ်နေဝင်းက လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပြန်တော့ ဦးနု လက်နက်ချအညံ့ခံသွားပါတယ်။ ဒါပေမဲ့ ပြည်တွင်းစစ်က ဆက်ဖြစ်နေတာပါပဲ။ ၁၉၈၉ ခုနှစ်မှာ နဝတ စစ်အစိုးရက အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးလုပ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်တဲ့အခါမှာ အဖွဲ့အစည်းအတော်များများ အပစ်အခတ် ရပ်စဲခဲ့ကြပါတယ်။ တချို့အဖွဲ့အစည်းတွေဟာ လက်နက်အပ်ခဲ့ကြပါတယ်။ တချို့ နယ်ခြားစောင့်တပ်ဆိုတာတွေ လုပ်ခဲ့ကြပါတယ်။ ဒါပေမဲ့ ငြိမ်းချမ်းရေး မဖြစ်လာပါဘူး။ ဒီအဖွဲ့တွေထဲကပဲ တချို့ပြန်ပြီး လက်နက်ကိုင်တိုက်ပွဲတွေဖြစ်နေပါတယ်။ ပလောင်အဖွဲ့ဟာ လက်နက်အပ်ခဲ့တဲ့ အဖွဲ့တဖွဲ့ ဖြစ်ပါတယ်။ ဒါပေမဲ့ ငြိမ်းချမ်းရေးမရတဲ့အပြင် ပိုပြီး အစော်ကားခံရတာကြောင့် TNLA တအာင်းပလောင်အဖွဲ့အဖြစ်နဲ့ ပြန်ပြီး လက်နက်ကိုင်တိုက်ပွဲဆင်နွှဲနေရပြန်တယ်။ ကနေ့ NCA လက်မှတ်ထိုးရေး၊မထိုးရေးကိစ္စရှိနေဆဲမှာ ၂၁ ရာစု ပင်လုံညီလာခံ လုပ်ပါတယ်။ အင်အားစုအားလုံး ပါဝင်ရေးကြွေးကြော်ပေမယ့် အဖွဲ့အစည်း ၃ ခုကို သောင်းကျန်းသူအဖွဲ့ဆိုပြီး တက်ခွင့်မပေးခဲ့တာတွေရှိတယ်။ ကာချုပ်ကလည်း မူ ၆ ချက်ကို အသေကိုင်ထားတယ်။ ဒီတော့အပစ်အခတ်ရပ်စဲရေးရော၊ ငြိမ်းချမ်းရေးရော အလားအလာမကောင်းဘဲဖြစ်နေပါတယ်။

တကယ်တော့ တပြည်လုံးအပစ်အခတ်ရပ်စဲရေးကို အစိုးရက ကြေညာရပါမယ်။ အဲဒီကြေညာချက်ကို ကာလုံက အာမခံရပါတယ်။ အပစ်အခတ်ရပ်စဲထားစဉ်မှာ တပ်ဖွဲ့တွေ တခုနဲ့တခု ထိတွေ့မှုမဖြစ်အောင် ကာချုပ်နဲ့ သက်ဆိုင်ရာ လက်နက်ကိုင်ခေါင်းဆောင်တွေက အသေအချာညှိနှိုင်းပြီး တာဝန်ခံကြရပါမယ်။ လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ တပ်ကို ထောက်ပံ့ဖို့ အဲ့ဒီအဖွဲ့အစည်းတွေရဲ့ လူထုတွင်းငွေကြေးကောက်ခံမှု၊ ဒါမှမဟုတ် အလှူခံမှုကို ငြိမ်းချမ်းရေးဆွေးနွေးပွဲကာလအတွင်းမှာ ခွင့်ပြုထားသင့်တယ်။ တဆက်တည်းမှာ မတရားသင်းဥပဒေကို ရုပ်သိမ်းပစ်ရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာက ဗမာပြည်သစ်ကို (ဖက်ဒရယ်ပြည်ထောင်စု) ဘယ်လိုစုပေါင်း တည်ဆောက်ကြမလဲ။ အဲ့ဒီပြည်ထောင်စုနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘယ်လိုရေးဆွဲမလဲ၊ ဖက်ဒရယ်ပြည်ထောင်စုမှာ တခုတည်းသော ပြည်ထောင်စုတပ်ကြီးဖြစ်အောင် တပ်တွေကို ဘယ်လိုပြန်လည်ဖွဲ့စည်းကြမလဲဆိုတာတွေကို အလေးထား ဆွေးနွေးရမှာဖြစ်ပါတယ်။ အဲဒီဆွေးနွေးသဘောတူညီချက်အားလုံးကို အကောင်အထည်ဖော်ရာမှာ လက်ရှိအစိုးရကတာဝန်ယူပြီး အင်အားစုအသီးသီးက ကိုယ်စားလှယ်တွေရဲ့အင်အားနဲ့ စုပေါင်းအကောင်အထည်ဖော်ကြဖို့ဖြစ်ပါတယ်။ အဲဒီလိုသာ ဆောင်ရွက်နိုင်မယ်ဆိုရင် ဗမာပြည်ငြိမ်းချမ်းရေးဟာ အမြန်အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့  အာဏာရအစိုးရက အာဏာမဲ့အင်အားစုတွေကို သောင်းကျန်းသူတွေ၊ သူပုန်တွေလို့သဘောထားနေသရွေ့ အာဏာရအစိုးရက ငါ...အစိုးရပဲ၊ ငါနဲ့မတူ-ငါ့ရန်သူပဲလို့ သဘောထားနေသရွေ့ကတော့ ငြိမ်းချမ်းရေးက အလှမ်းဝေးနေဦးမှာပါပဲ။ အစိုးရဟာ အတိုက်အခံတွေရဲ့ ဝေဖန်မှုကို ဂရုစိုက်နားထောင်သင့်တယ်။ အတိုက်အခံတွေရဲ့အကျိုးရှိတဲ့ ဝေဖန်မှုတွေအတွက် အတိုက်အခံတွေနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်မယ်ဆိုတာ အသင့်ရှိရမယ်။ အတိုက်အခံတွေရဲ့ မှားယွင်းတဲ့ဝေဖန်မှုတွေကို အကျိုးသင့်အကြောင်းသင့် ဖြေရှင်းသင့်တယ်။ အဲဒီလိုလုပ်ရင် အစိုးရနဲ့အတိုက်အခံကြားမှာ ထိပ်တိုက်ပဋိပက္ခမရှိတော့ဘဲ ဆွေးနွေးဖြေရှင်းလို့ရတဲ့ ပဋိပက္ခတွေဖြစ်နေမှာပါ။ အဲဒါဆိုရင် အမျိုးသားစည်းလုံးညီညွတ်ရေးဟာ အကောင်အထည်ပေါ်လာမှာပါပဲ။ အမျိုးသားစည်းလုံးညီညွတ်လာရင် တမြေတည်းနေ၊ တရေတည်းသောက်တဲ့ မတူညီတဲ့ နိုင်ငံရေးပါတီ၊ နိုင်ငံရေးအင်အားစုတွေဟာ တူညီမှုတွေအတွက် တက်တက်ကြွကြွအလုပ်လုပ်ကြပြီး မတူညီတာတွေကို ရင်းနှီး ပွင့်လင်းစွာ မိတ်ဆွေပီသစွာ ဆွေးနွေးဖြေရှင်းတာတွေဖြစ်လာမှာ အမှန်ပါပဲ။ အဲဒီလိုသာဖြစ်လာရင် ပြည်တွင်းငြိမ်းချမ်းရေးဟ အနီးကလေးမှာပါပဲ။

သဘောတူစာချုပ်တွေဆိုတာဟာ တဦးရဲ့အခက်အခဲကို တဦးကနားလည်ပြီး နှစ်ဦးနှစ်ဖက်အခက်အခဲတွေက လွတ်မြောက်ပြီး နှစ်ဦးနှစ်ဖက်အကျိုးရှိတဲ့ကိစ္စတွေအတွက် စေတနာထားပြီး သဘောတူစာချုပ်စာတမ်းလုပ်မှသာ နှစ်ဦးနှစ်ဖက် တကယ်လွတ်လပ်တက်ကြွစွာ အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ သဘောတူစာချုပ်ဟာ တဦးကိုတဦး အကျပ်ကိုင်ဖို့ ချုပ်နှောင်ဖို့သဘောနဲ့ လုပ်ကြမယ်ဆိုရင်တော့ ဘယ်တော့မှ အကောင်အထည်ပေါ်မှာမဟုတ်ပါ။ ဒါကြောင့် ငြိမ်းချမ်းရေးသဘော တူညီချက်တွေဟာ နှစ်ဦးနှစ်ဖက် တကယ် အကျေအလည်ဖြစ်ကြရမှာဖြစ်ပါတယ်။



## ဗမာပြည်နိုင်ငံရေး အရွေ့

မောင်သန်းမြရွှေ

ဦးကိုနီ ကို လုပ်ကြံတာဟာ နိုင်ငံရေးရည်ရွယ်ချက်နဲ့ လုပ်ကြံသတ်ဖြတ်တာ ဖြစ်တယ်။

အာဏာလက်လွတ်သွားတဲ့ နိုင်ငံရေးချွတ်ခြုံကျနေသူတစုက သွေးရူးသွေးတန်း လုပ်လာတာဖြစ်တယ်။ အများပြည်သူ လူထုကြီးအတွင်း အတွေးအခေါ်ရှုပ်ထွေး အထိတ်တလန့်ဖြစ်အောင်လုပ်ကာ ပွဲလုန့်ဖျာခင်းဖို့ ကြိုးစားခြင်းလည်း ဖြစ်တယ်။ ဒါဟာ သူရဲဘောကြောင်သူ တွေရဲ့ ကမူးရှူးထိုးလုပ်ရပ်လည်း ဖြစ်ပါတယ်။

ဗမာပြည်နိုင်ငံရေးဟာ လမ်းဆုံလမ်းခွမှာ ရောက်နေတယ်။ ၂၀၂၀ နဲ့ ခြေချုပ်မိနေတဲ့ ဒီချုပ် အရပ်သားတပိုင်းအစိုးရကော ၂၀၂၀ နဲ့ ခံကတုတ်ယူထားတဲ့ စစ်ဗိုလ်ချုပ်ကြီးတွေပါ ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်ကာ ဗမာပြည်နိုင်ငံရေး အရွေ့ပျောက် နေတယ်။

ဒီချုပ် အရပ်သားတပိုင်းအစိုးရ သက်တမ်းတနှစ် ပြည့်တော့မယ်။ လစ်လပ်နေရာ ၁၉ နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲမှာ (ဧပြီ ၂၀၁၇) လူထုသဘောထားကို အားစမ်းဖို့ရှိတယ်။ လူပုဂ္ဂိုလ်မကြည့်ဘဲ ပါတီကို ကြည့်ပြီး မဲထည့်ဖို့ မဲဆွယ်စည်းရုံးခဲ့တဲ့ ဒီချုပ် တောင်ပြိုကမ်းပြို အနိုင်ရပြီး လွှတ်တော်တွင်းမှာ အများစုဖြစ်လာခဲ့သော်လည်း ထိရောက်တဲ့ ဆောင်ရွက်ချက်များ မလုပ်နိုင်၊ လွှတ်တော်ပ လူထုလှုပ်ရှားမှုများကိုလည်း ပိတ်ဆို့ဟန့်တား၊ အစိုးရဖွဲ့ရာမှာလည်း ဒီချုပ်၊ ကြံ့ဖွံ့၊ စစ်ဗိုလ်ချုပ်ကြီးများ သုံးချိုးတချိုးစီဖြင့် ဖက်စပ်အစိုးရ ဖြစ်နေတယ်။

ပြည်တွင်းစစ်ရပ်စဲရေး - ပြည်တွင်းငြိမ်းချမ်းရေးကိစ္စ သေနတ်သံတွေ တဖန်ညံလာပြန်ပြီ။ အပစ်ရပ်ဆွေးနွေးပွဲက တာစူလို့ တောင် မရသေးဘူး။ သောင်းကျန်းသူအကြမ်းဖက်သမား၊ အပြုတ်တိုက်၊ လက်နက်ချ၊ ချောက်ထဲကျဖို့ လက်နှစ်လုံးအလို၊ တပ်မတော်ရဲ့ဦးဆောင်မှု အရေးသုံးပါး၊ ကာချုပ်မူ ၆ ချက်....စတဲ့ စစ်ဗျူရိုကရက် ဂါထာဆောင်ပုဒ်တွေနဲ့ ငြိမ်းချမ်းရေးက ပြဒါးတလမ်း သံတလမ်း ဖြစ်နေဦးမှာပါပဲ။ နိုင်ငံ့ဝန်ထမ်းတဦးသာဖြစ်တဲ့ ကာချုပ်ကို ပင်စင်သက် ၆၀ မှ ၆၅ သို့ တိုးပေးခဲ့ရတယ်။ ပြည်တွင်းစစ် တိုက်ရင်း သေဆုံးတဲ့ စစ်ဗိုလ်စစ်သားများကို ဘွဲ့ထူးဂုဏ်ထူးတွေ ချီးမြှင့်ခဲ့ရတယ်။ ရှေ့တန်းပြန်စစ်တပ်ကို ပင်နီဝတ်ပြီး ဒီချုပ်အလံလေး ဝှေ့ယမ်းကာ ကြိုရတယ်။ ငြိမ်းချမ်းရေးရန်ပုံငွေဆိုတဲ့ ဆိုင်းဘုတ်လှလှလေးထောင်ပြီး စစ်ခရိုနီတွေထံမှ အလှူငွေ ကျပ် ၁၁ ဘီလီယံ ကျော် (လက်ရှိငွေလဲနှုန်းအရ ဒေါ်လာ ၈ သန်းကျော်ဟုဆိုတယ်) အလှူခံတယ်။ ရင်ကြားစေ့ရေးဆိုတာ ဘယ်သူနဲ့စေ့နေတာလဲ။ ၂၁ ပင်လုံ ဆိုတာ ၂၁ ရာစုရဲ့ တကျော့ပြန် ပြည်တွင်းစစ်ကို တာစူနေတာလား။

ကိုလိုနီခေတ်ကတည်းက ရှုပ်လာတဲ့ နယ်စပ်ဖြတ်ကျော်ဘင်္ဂလီပြဿနာကို လွတ်လပ်ရေးခေတ် အာဏာရ အစိုးရအဆက်ဆက် လူဝင်မှုဥပဒေနဲ့အညီ နည်းလမ်းတကျ မဖြေရှင်းခဲ့ရုံမက၊ လူမျိုးရေးဘာသာရေး အစွန်းရောက်အတွေးအခေါ်နဲ့ နိုင်ငံရေးကစားဖို့ ပြဿနာမီးကို မွေးထားခဲ့တယ်။ အာဏာနဲ့နွယ်တဲ့ ကိုယ်ကျိုးရှာမှုကြောင့် ခိုးဝင်လူကုန်ကူးပြဿနာ မူးယစ်ဆေးဝါးပြဿနာ လက်နက်မှောင်ခိုပြဿနာ စတဲ့ ပြဿနာများလည်း တနွယ်ငင်တစင်ပါ ကြီးထွားလာတယ်။ ဒါတင်မကဘူး၊ ခိုးဝင်ဘင်္ဂလီပြဿနာ ဘောင်ကို ကျော်လွန်ပြီး လူမျိုးရေး ဘာသာရေး အဓိကရုဏ်းများကို တနိုင်ငံလုံးမှာ ဖန်တီးခဲ့တဲ့အပြင် ရည်ရွယ်ချက်ရှိရှိ အစွန်းရောက် လူရမ်းကားအုပ်စုတွေကိုလည်း မွေးထားခဲ့ပါတယ်။ ယခုအခါမှာတော့ ခိုးဝင်ဘင်္ဂါလီပြဿနာဟာ (ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ) နိုင်ငံတကာပြဿနာအဖြစ် လက်ရှိအစိုးရခေါင်းပေါ် ကျရောက်နေပါပြီ။ (နစ်နာအောင်ပြောတာ မဟုတ်ပါဘူး) သူများစွန့်ထားတဲ့ အညစ်အကြေး ပုစွန်ဆိတ်ခေါင်းစု ဆိုသလို အဖြစ်ခံဖို့မသင့်ပါဘူး။

စီးပွားရေးက တိုးတက်မှုမရှိဘူး။ တိုးတက်လိမ့်မယ်လို့လည်း မျှော်လင့်လို့မရဘူး။ ခိုင်မာတဲ့ စီးပွားရေးဗျူဟာနဲ့ အလုပ်ဖြစ်မယ့် ပေါ်လစီ မည်မည်ရရမရှိဘူး။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို မျှော်ကိုးနေသော်လည်း မောင်မောင်က ပေါ်မလာဘူး။ သစ်မှော် ကျောက်စိမ်းမှော် ရွှေမှော် စတဲ့ သရဲမရဲစီးနေတဲ့ သယံဇာတလုပ်ကွက်တွေ အသစ်ထပ်ချ မပေးတော့ဘူးဆိုသော်လည်း စာချုပ်ဟောင်းအတိုင်း သက်တမ်းမကုန်မချင်း လက်ကုန်နှိုက်တူးနေတာကို ဘယ်လိုတားဆီးပိတ်ပင်မှုမှ မလုပ်နိုင်တဲ့အပြင် တရားဝင်အောင်တောင် ပြုလုပ်ပေးသလိုပါပဲ။ ဖွံ့ဖြိုးရေးကို အဟန့်အတားပြုနေတဲ့ စစ်ခရိုနီလက်ဝါးကြီးအုပ် ဘဏ္ဍာအရင်းကို ထိန်းချုပ်ကန့်သတ်တာ ပိတ်ပင်တားဆီးတာ မလုပ်ရဲဘူး။ အရပ်ဖက်ဆန်းစစ်သူများက ထောက်ပြနေတဲ့ (တရားဝင်ကုန်သွယ်ရေးနဲ့ ဆတူလောက်ဖြစ်နေတဲ့) တရားမဝင်ကုန်သွယ်ရေးကြောင့် နိုင်ငံတော်ဝင်ငွေ အဟောသိကံဖြစ်နေမှုကို မထိန်းချုပ်နိုင်ဘူး။ မြေသိမ်းတဲ့ခရိုနီ၊ အမြတ်အစွန်းတခုတည်းကြည့်တဲ့ခရိုနီ၊ အာဏာပိုင်ကို ခွဲ့ပြီး ပါမစ်ရထားတဲ့ခရိုနီ၊ စီမံကိန်းကြီးတွေ ပုဂ္ဂလိကပိုင်ပြုခွင့်ရထားတဲ့ခရိုနီ စတဲ့ (၂၀၀၈ နှင့်အတူ) ခရိုနီမှုပြုထားတဲ့ စစ်ဗျူရိုကရေစီ စီးပွားရေးစနစ်ကို မထိပါးရဲဘူး။

ပိုဆိုးတာက အမေရိကန်ရဲ့ဒဏ်ခတ်မှုမှ လွတ်ငြိမ်းချမ်းသာခွင့်ရလာတဲ့ စစ်ခရိုနီတွေလက်ထဲက (အမေရိကန်ဒေါ်လာ ဘီလီယံနဲ့ချီတဲ့) ငွေမဲ(မည်း)တဖြစ်လဲ ငွေဖြူတွေဟာ ငွေသေတွေမဟုတ်ဘူး။ စည်းစနစ်မရှိ လှည့်လည်သောင်းကျန်းပြီး အမြတ်အစွန်းတိုးပွားအောင် လုပ်ဆောင်မှာဖြစ်တဲ့အတွက် ငွေဈေးနှုန်း မြေဈေးနှုန်း ကုန်ဈေးနှုန်း အရင်းအနှီးဈေးနှုန်းတွေမှာ ကစားပါလိမ့်မယ်။ နဂိုကတည်းက မစည်ကားတဲ့ဈေးကွက်ဟာ ကမောက်ကမ ဖြစ်ပါလိမ့်မယ်။ ဒါတွေကို ထိန်းချုပ်ဖို့နဲ့ တရားနည်းလမ်းကျတဲ့ ငွေကြေးလှည့်ပတ်မှုဖြစ်ဖို့ ပေါ်လစီနဲ့ ယန္တရားမရှိဘူး။

အဆိုးဆုံးက နိုင်ငံတော်က အလုပ်အကိုင် ဖန်တီးမပေးနိုင်သေးခင် ကြုံရာကျပန်း လုပ်ကိုင်စားသောက်နေရတဲ့ လက်လုပ်လက်စားများကို စည်းကမ်းတကျဖြစ်အောင် ထိန်းကျောင်းပေးတာထက် ကျော်လွန်ပြီး နှိပ်ကွပ်တာ မဖြစ်ဖို့ လိုပါတယ်။ လယ်သမား အလုပ်သမား ကျောင်းသား နဲ့ တက်ကြွလှုပ်ရှားသူများကို ဖိနှိပ်ရေး ပုဒ်ထီးပုဒ်မအမျိုးမျိုးနဲ့ တရားရုံး ဂါတ် ထောင်တို့နဲ့ ဖိနှိပ်တာတွေ အမွေမဆက်ခံသင့်တော့ပါဘူး။ စိုက်ပျိုးမြေတွေ စစ်ခရိုနီပိုင်ပြုမှုကြောင့် လယ်မဲ့ယာမဲ့ဖြစ်ကြရတဲ့ လယ်သိမ်းခံလယ်သမားတွေ၊ ကျေးလက်ထုတ်လုပ်ရေးလုပ်ငန်းတွေ ပျက်ဆီးဆုံးရှုံးကုန်လို့ မြို့ပြကိုခိုကပ်လာရတဲ့ အခြေခံလူတန်းစားတွေ၊ စက်ရုံတွေကနေ ကန်ထုတ်လိုက်လို့ အလုပ်ပြုတ်လာတဲ့ ပိုလျှံအလုပ်သမားတွေနဲ့ သူတို့ကိုမှီခိုနေရတဲ့ မိသားစုတွေအတွက် တနိုင်တပိုင် မိသားစုလုပ်ငန်းလေးတွေ ကိုယ်ထူကိုယ်ထ ဖန်တီးလာနိုင်အောင်လည်း အားပေးဖို့ လိုပါတယ်။ အသေးစားနဲ့ အလတ်စားလုပ်ငန်းများ ရှင်သန်ခွင့်ရဖို့ ငွေကြေးစီးဆင်းမှု ကုန်စည်စီးဆင်းမှု လုပ်အားထည့်ဝင်မှု နည်းပညာတိုးချဲ့မှု ချောမွေ့အောင်နဲ့ ဈေးကွက်ဖွံ့ဖြိုးအောင် အဟန့်အတားများကို ကျော်လွှားနိုင်အောင် ပေါ်လစီထိန်းကျောင်းပေးဖို့ လိုပါတယ်။ အလုပ်သမား လယ်သမား အခြေခံလူတန်းစားနဲ့ တတ်သိပညာရှင်တွေရဲ့ လွတ်လပ်တဲ့လုပ်အားကို အစွမ်းကုန်ဖွံ့ဖြိုးခွင့်ပြုမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ပါလိမ့်မယ်။စီးပွားရေးဖွံ့ဖြိုးမှု ဆိုတာ ဆန္ဒနဲ့ပကတိ ညီညွတ်ဖို့လိုတဲ့ သိပ္ပံနည်းကျတရားဖြစ်တယ်။ ဉာဏ်ဖွဆိုပြီး နတ်ရေကန်ထဲ ပစ်ချတာတို့ အမိန့်တို့နဲ့ လုပ်လို့မရဘူး။ ၁၉၅၈ စစ်တပ်က အစမ်းအာဏာသိမ်းတုန်းက ရပ်ကွက်တွေအတွင်း ကြံ့ခိုင်ရေးအဖွဲ့ဆိုတာတွေဖွဲ့ကာ " မြို့တော်ကိုရွှေဖြင့်ဆေးမည်"ဆိုပြီး ရန်ကုန်မြို့ နောက်ဖေးလမ်းကြားတွေမှာ သန့်ရှင်းရေးလုပ်အားပေးတွေ လုပ်ခဲ့ဖူးတယ်။ ကျူးကျော်တွေ မြို့ပြင်ထုတ်ပြီး ဥက္ကလာ သာကေတ သုဝဏ္ဏ စတဲ့ မြို့သစ်တွေ ပေါ်လာတယ်။ လမ်းဘေးဈေးသည်တွေ ဖမ်းတယ်။ နောက်တော့လည်း ဒုံရင်းပါပဲ။ နိုင်ငံရေးမျက်နှာချေလိမ်းတဲ့ လူပြိန်းကြိုက် လုပ်ကွက်တွေပဲ ဖြစ်ပါတယ်။ ရန်ကုန် YBS ကားလိုင်း စနစ်အပြောင်းအလဲကို ဥပမာအဖြစ်ကြည့်။ အချိန် ငွေ လုံခြုံမှု သက်သာ ချောင်ချိမှု အဆင်ပြေရဲ့လား။ ပိုဆိုးသွားသလား။ နေ့စဉ် ဘတ်စ်ကားစီးခရီးသည် နစ်သန်းခွဲလောက်ရှိတယ်ဆိုတဲ့ ရန်ကုန်လူဦးရေကို ခရီးသွားဝန်ဆောင်မှုပေးရတဲ့ ဘတ်စ်ကားလိုင်းလုပ်ငန်းဟာ စီးပွားရေးလုပ်ငန်းကြီးဖြစ်သလို လူထုသက်သာ ချောင်ချိရေးလုပ်ငန်းလည်း ဖြစ်ပါတယ်။ မော်တော်ယာဉ်လိုင်းကို အမှီပြုတဲ့ ဆက်စပ်စီးပွားရေးလုပ်ငန်းတွေလည်း တပုံကြီးဖြစ်တဲ့အတွက် လူအမြောက်အမြားကို အလုပ်အကိုင် ဖန်တီးပေးနိုင်ပါတယ်။ မြို့နေလူထုရဲ့ နေ့စဉ်နေထိုင်မှုဘဝနဲ့ ဆက်စပ်နေတာဖြစ်တဲ့အတွက် မချော

မွေ့ရင် တည်ငြိမ်မှုကို ထိခိုက်စေပါတယ်။ ဒီလိုလုပ်ငန်းတွေကို ပုဂ္ဂလိက ခရိုနီတွေလက်ထဲ အပ်မထားသင့်ပါဘူး။ အဓိကပိုင်းကို နိုင်ငံတော်က ထိန်းကျောင်းပြီး ပုဂ္ဂလိကသို့ (ဖက်စပ် သမဝါယမ အများပိုင် ကန်ထရိုက် စသည်) သဏ္ဌာန်တမျိုးမျိုးဖြင့် လုပ်ငန်းငယ် လုပ်ငန်းခွဲများကို မူဘောင်တရပ်အောက်မှာ လွှဲသင့်ပါတယ်။ YBS က ဒီချုပ်အစိုးရရဲ့ လုပ်ရည်ကိုင်ရည်ကိုစစ်ဆေးပါလိမ့်မယ်။ ကုန်ဈေးနှုန်းကြီးမြင့် ဝင်ငွေနိမ့်ပါး ရာဇဝတ်မှုထူပြောဆိုတဲ့ လူမှုဒုက္ခကို ပြည်သူတွေ နေ့စဉ်ရင်ဆိုင်နေတယ်။ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေး တည်ငြိမ်ရေးနဲ့ဖွံ့ဖြိုးရေး ရှေ့အလားအလာဟာ ဆွံ့အမှေးမှိန်နေဆဲ ဖြစ်ပါတယ်။

၂၀၀၈ နဲ့ ခံကတုတ်ယူထားတဲ့ စစ်အုပ်စုဟာ နိုင်ငံရေးလမ်းပြမြေပုံ ပျောက်နေတယ်။ ဦးသန်းဋ္ဌေး ဦးဆောင်တဲ့ သွေးသစ်လောင်းကြံ့ဖွံ့က အမျိုးသားရော်ဗင်ဝါဒ ကြွေးကြော်သံများဖြင့် ရွေးကောက်ပွဲအနိုင်ရရေး အင်တိုက်အားတိုက်လုပ်မယ်လို့ ဆိုသော်လည်း သူတို့ရဲ့ပုံရိပ်က ကျဆင်းနေဆဲဖြစ်တယ်။ တပ်ချုပ်ကလေး နဲ့ ဗိုလ်ချုပ်ကလေးများ အငြိမ်းစားယူပြီး တပ်ပြင်ပရောက်သွားရင် ဘာဆက်လုပ်မလဲ။ တပ်ပြင်ပနဲ့ ပါတီပြင်ပ ရောက်နေတဲ့ ဗိုလ်ချုပ်ကြီး ဗိုလ်ချုပ်ကလေးများဟာ ဗိုလ်လွန်းမောင်လို လူထုနဲ့တသားတည်း နေရဲတဲ့သတ္တိ ရှိဟန်မတူဘူး။ စိုင်ကော်လို့ ချုံပေါ်ရောက်လာတဲ့ ဗိုလ်ချုပ်လက်သစ်များကလည်း အခွင့်သာခိုက်မှာ မိုက်ချင်တဲ့သူတွေ ရှိနေတယ်။ သူတို့ဟာ ပြည်တွင်းစစ်ကိုတိုးချဲ့ပြီး စစ်အုပ်စုရဲ့ အဆင့်နေရာကို ထိန်းသိမ်းဖို့ အချည်းနှီး ကြိုးစားနေတယ်။ သူတို့ထဲက အာဏာရမှုက်ကြီးသူ အုပ်စုတစုက လုပ်ကြံသတ်ဖြတ်ရေးဝါဒကို ကျင့်သုံးလာတယ်။ သူတို့ချင်းတော့ မြွေမြွေချင်း ခြေမြင်တယ်။ လူထုကလည်း နိုင်ငံရေးပါး၀တယ်။ လက်သည် တရားခံဟာ သူတို့ထဲကပဲဆိုတာမြင်တယ်။

သေနတ်နစ်လက်နဲ့ ထွက်ပြေးတဲ့လူသတ်သမားကို လေဆိပ်အငှားယာဉ်မောင်းသမားများက ဝိုင်းဝန်းဖမ်းဆီးကြလို့ အရှင်ဖမ်းမိတယ်။ အုတ်ခဲကျိုးနဲ့ထုပြီး လိုက်ဖမ်းတဲ့ အငှားယဉ်မောင်း ကိုနေဝင်း သေနတ်ပစ်ခံရပြီး သေတယ်။ မခံမရပ်နိုင်ဖွယ် တရားလက်လွတ်လုပ်ရပ်ဟာ လူမှုမီဒီယာများမှာ ရုပ်ပုံများနှင့်တကွ ချက်ချင်းပြန့် သွားကာ ပြည်တွင်းပြည်ပ လူထုလူတန်းစားအသီးသီးအကြားနာကြည်းဒေါသဖြစ်စေတယ်။ ဦးကိုနီ ကိုနေဝင်း စျာပနများမှာ လူမျိုးစုံဘာသာစုံ လူထုကြီးဟာ လူသတ်ဝါဒကို မုန်းတီးရွံရှာမှုအပြည့်ဖြင့် လိုက်ပါပို့ဆောင်ကြတယ်။ အဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံတကာသံတမန်များကပါ လက်သည်တရားခံကို စက်ဆုပ်ရွံရှာစွာ ပြစ်တင်ရှုတ်ချတဲ့ ကြေညာချက်များထုတ်ပြန်ကြတယ်။ လွမ်းသူ့ပန်းခွေပို့ အသုဘပို့ဆောင် မေးမြန်းအားပေးတာတွေ လုပ်ကြတယ်။ အနယ်အနယ် အရပ်ရပ် အမျိုးသားအင်အားစုအသီးသီးနှင့် လူထုလူတန်းစားအသီးသီးအတွင်း နိုင်ငံရေးသတိရှိမှုနဲ့ အသိနိုးကြားမှု မြင့်တက်လာတယ်။

ကာလအတန်ကြာ အုံ့မှိုင်းနေတဲ့ ဗမာပြည်နိုင်ငံရေး ရာသီဥတုဟာ ပြောင်းလဲစပြုလာတယ်။ မြုံသလို ဖြစ်နေတဲ့ ဗမာပြည်နိုင်ငံရေး ပြည်တည်နာဟာ တစစ်စစ်ကိုက်ခဲလို့ လာပြန်ပါပြီ။ အမှုကို တိုက်ရိုက်ကိုင်တွယ်နေတဲ့ ရဲတို့ ပြည်ထဲရေးတို့ နယ်လုံတို့က ဘာသတင်းမှ ထုတ်ပြန်တာမရှိဘူး။ အုံ့သြစရာကောင်းလောက်အောင် နှုတ်ဆိတ်နေတယ်။ ရဲစစ်ချက်ပေါက်ကြားခြင်း၊ တမင်ပေါက်ကြားစေခြင်းနှင့်အတူ လူသတ်တရားခံ ထောင်ထွက်ကြည်လင်းဆိုသူကို ငွေပေးခိုင်းစေတဲ့ထောင်ထွက်အကြောင်း အကြောင်းသိ ထောင်ထွက်ပြောစကား ဆိုတာတွေအပါအဝင် သတင်းအစစ်ကော အတုပါ ပွထလို့နေတယ်။ လုပ်ကြံသတ်ဖြတ်မှု ဖြစ်ပွားပြီး ၅ ရက်အကြာမှ ဆက်စပ်ပတ်သက်သူ (ငွေပေးခိုင်းစေသူ) အောင်ဝင်းဇော် (ဗိုလ်ပြုတ် DSA ၃၄)ကို အခင်းဖြစ်ပွားပြီး ၁၂ နာရီအတွင်း ဖားအံမြို့ သံလွင်တံတားတွင် ဖမ်းဆီးမိကြောင်း သမ္မတရုံးမှ တရားဝင်သတင်းထုတ်ပြန်တယ် (၃ ဖေဖော်ဝါရီ)။ လူထုကို တရားဝင် အသိပေးတာဒါလောက်ပါပဲ။

တပ်မတော်က ပြစ်မှုကျူးလွန်သူတွေကို ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှာ ဖြစ်ကြောင်း ထုတ်ပြန်တယ်။ သူရဦးရွှေမန်းနဲ့ ဦးခင်အောင်မြင့်ကလည်း လူသတ်ဝါဒ ဆန့်ကျင်ကြောင်း ထုတ်ဖော်ပြောတယ်။ ကျန်စစ်အုပ်စုဝင်ပဟောင်းတွေ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေထံမှ ဘာသံမှမကြားဘူး။ ၂၀၀၈ အောက်မှာ ဒီအမှုဟာ တခြားသတ်ဖြတ်မှုများလိုပဲ လက်သည်အမှန် ပေါ်ဖို့မလွယ်ပါဘူး။ ဒါပေမဲ့ နိုင်ငံရေးအသိနိုးကြားနေတဲ့ ပြည်သူလူထုကြီးအဖို့ ၂၀၀၈ ဖျက်သိမ်းရေးအတွက် တဆင့်တိုး သွေးစည်းညီညွတ်လာခဲ့ပါတယ်။ ၂၁ ရာစုမှာ ပြည်တွင်းစစ်နဲ့လူသတ်ဝါဒကို ထပ်မံတိုးချဲ့လာရင် နိုင်ငံရေးချွတ်ခြုံကျနေတဲ့ စစ်တပ်လည်းပျက်လိမ့်မယ်။ လူထုအားနဲ့ တုံ့ပြန်တားဆီးတာလည်း ခံရလိမ့်မယ်။ လက်နက်နဲ့ အကြမ်းဖက်ဖိနှိပ်လာရင် လက်နက်နဲ့ ဆန့်ကျင်ခုခံတာ တရားပါတယ်။ သမိုင်းရေစီးကို ပြောင်းပြန်လှန်ချင်တဲ့ စစ်အာဏာရှင်တွေ လူထုကဒဏ်ခတ်တာ ခံရပါလိမ့်မယ်။ ဗမာပြည်နိုင်ငံရေးအရွေ့ကို လူထုကိုယ်တိုင်ဖန်တီးပါလိမ့်မယ်။

(၁၀ ဖေဖော်ဝါရီ ၂၀၁၇)



## တိုက်ရဲမှ အောင်ပွဲရမယ်

လှဝင်း

ပန်ဒါ ချည်မျှင်နှင့်အထည် အချောကိုင်စက်ရုံ(ပလိပ်) အလုပ်သမားသပိတ်မှာ ထူးခြားချက်တွေ ရှိတယ်။ ပထမတချက်ကတော့ ဒီသပိတ်ဟာ အစိုးရနှစ်ဆက်တိုင်တိုင် ဆက်လက်တိုက်ပွဲဝင်လာခဲ့ရတယ်ဆိုတာပဲ။ တကယ်ကတော့ ဒီစက်ရုံဟာ မူလက အစိုးရ စက်မှုဝန်ကြီးဌာနပိုင် စက်ရုံဖြစ်ပါတယ်။ ဒီစက်ရုံက လုပ်သားတွေဟာလည်း မူလက အစိုးရရဲ့ ဝန်ထမ်းလုပ်သားတွေလို့ ဆိုရပါမယ်။ ဒီနောက် ၁-၁-၂၀၁၄ ခုနှစ်သို့ ရောက်တဲ့အခါမှာ အစိုးရ စက်မှုဝန်ကြီးဌာနက ဒီစက်ရုံကို ပုဂ္ဂလိက လက်သို့ လွှဲပြောင်းပေးလိုက်ခြင်း ဖြစ်တယ်။ အဲသလို လွှဲပြောင်းခြင်း ပြုတဲ့နေရာမှာ စက်မှုဝန်ကြီးဌာနက နိုင်ငံ့ ဝန်ထမ်းတွေဖြစ်တဲ့ အလုပ်သမားတွေရဲ့ ဆန္ဒသဘောထား ရယူခြင်းမရှိဘဲ အလုပ်သမားတွေရဲ့ ဘဝကို လျစ်လျူရှုကာ ထင်သလို လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်တယ်။ အလုပ်သမားတွေဟာ ဒီလိုလွှဲပြောင်းမယ့်အရေး ဘာမှ သိခဲ့ကြတာမဟုတ်ဘူး။ လွှတ်တော်အမတ်တွေရဲ့ တလစာ နှစ်လစာလောက်သာရှိတဲ့ လျော်ကြေးငွေလေးနဲ့ သူတို့ဘဝရဲ့ အနာဂတ် ပျောက်ဆုံးသွားမယ့်အခြေအနေကို သူတို့ ကြုံတွေ့လိုက်ရတယ်။ တကယ်က သူတို့မိဘတွေ လက်ထက်ကတည်းက ဒီစက်ရုံရဲ့ ဝန်ထမ်းအိမ်ရာမှာ နေလာခဲ့ကြတာ။ သူတို့ကိုယ်တိုင် ဒီစက်ရုံရဲ့ ဝန်ထမ်းတွေဖြစ်လာတဲ့အခါမှာလည်း သူတို့သားသမီးတွေ ဒီစက်ရုံထဲမှာ နေလာကြရတာ။ မလောက်မင မဝရေစာနဲ့ သားသမီးတွေကို ပညာသင်ကြားပေးရင်း နိုင်ငံ့ဝန်ထမ်းအလုပ်ကို တမြတ်တနိုးလုပ်လာခဲ့တာ။ နိုင်ငံ့ဝန်ထမ်းဖြစ်တဲ့ အလုပ်သမားတွေဟာ စက်ရုံကို ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းလိုက်တဲ့အခါမှာ သူတို့ဘဝအတွက် ဘာအာမခံချက်မှ မရကြဘူး။ ဒါကြောင့် အလုပ်သမားတွေ မကျေနပ်ကြဘူး။ ပုဂ္ဂလိကလက်ထဲ ကျရောက်သွားခဲ့တဲ့ အလုပ်သမားတွေဟာ အလုပ်သမားအခွင့်အရေးတွေ နစ်နာဆုံးရှုံးရတယ်။ ဒီအတွက် စက်ရုံပိုင်ရှင်နဲ့ အငြင်းပွားမှုတွေ ဖြစ်တယ်။ ဒါကြောင့် ဆန္ဒဖော်ထုတ်မှုတွေဟာ အရင် ဦးသိန်းစိန် စစ်အစိုးရလက်ထက်ကတည်းက စပေါ်ခဲ့တာပါ။ တကယ်တမ်းမှာလည်း အလုပ်သမား အခွင့်အရေးကို ပြည့်ဝစွာ ဖြည့်ဆည်းမပေးနိုင်တဲ့ လက်ရှိစက်ရုံရဲ့ ပုဂ္ဂလိကပိုင်ရှင်မှာ တာဝန်ရှိသလို စက်ရုံကို ပုဂ္ဂလိကလက်သို့ လွှဲပြောင်းရာမှာ အလုပ်သမားတွေအရေး စိုးစဉ်းမျှ တာဝန်ယူမှုမရှိတဲ့ မျက်နှာလွှဲခဲပစ်လုပ်ခဲ့တဲ့ စက်မှုဝန်ကြီးဌာနနဲ့ အစိုးရတို့မှာလည်း တာဝန်ရှိတာပဲ။

ဒုတိယထူးခြားချက်ကတော့ ဒီအလုပ်သမားသပိတ်ဟာ အခက်အခဲတွေနဲ့ ရင်ဆိုင်ရင်း ရေရှည်တိုက်ပွဲဝင်ခဲ့ရတယ်ဆိုတဲ့ အချက်ပဲ။ စက်ရုံကို ပုဂ္ဂလိကလက်သို့ လွှဲပြောင်းအပြီး ၃ နှစ်အတွင်း ဆန္ဒပြမှု သုံးကြိမ်ပေါ်ခဲ့ပါတယ်။ သပိတ်တိုက်ပွဲမှာ ပါဝင်သူ အများစုက အမျိုးသမီးတွေပါ။ သပိတ်ကာလအစပိုင်းမှာကတည်းက အာဏာပိုင်ရဲ့အရာရှိတယောက်က တိုက်ပွဲဝင်အလုပ်သမား၊ အလုပ်သမတို့ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ငေါက်ငမ်းကြိမ်းမောင်းခဲ့တာ အားလုံး မှတ်မိကြဦးမယ်ထင်ပါတယ်။ အလုပ်ရှင်နဲ့အာဏာပိုင်တွေ ပူးပေါင်းဖိနှိပ်မှုကို ရင်ဆိုင်ပြီး သူတို့တိုက်ပွဲဝင်ခဲ့ကြရတာပါ။ ဒီလိုမျိုး ရင်ဆိုင်ပြီး သူတို့ တိုက်ပွဲဝင်ခဲ့ကြရတာမှာ ထိုင်သပိတ်တိုက်ပွဲဟာ ရှစ်လကျော် ကြာပါတယ်။ သူတို့ လုပ်ခ မရပါဘူး။ သူတို့ ဝမ်းစာ မရှိပါဘူး။ စေတနာရှင်ရဲ့ အလှူဒါနတွေက သူတို့ဝမ်းစာအတွက်သာမက သူတို့ရဲ့ တိုက်ပွဲဝင်စိတ်ဓာတ်အတွက်လည်း အထောက်အကူ ပြုပေးခဲ့ပါတယ်။ ဒီ ၈ လတာ ကာလအတွင်းမှာ တိုက်ပွဲဝင် အလုပ်သမားတဦး အလုပ်သမတဦး သေဆုံးခဲ့ရပါတယ်။ သေဆုံးရခြင်းအကြောင်းရင်းကို ဆေးစစ်ချက်တွေအရ အအေးဒဏ်နဲ့ အစာ

ရေစာ ချို့တဲ့မှုဒဏ်ကြောင့်လို့ သိရတာဟာ အလွန်ရင်နင့်စရာ ကောင်းလှပါတယ်။ ဒီလို ဖိနှိပ်မှုတွေ ဝမ်းစာချို့တဲ့မှုတွေကြားက သူတို့ ရေရှည်သပိတ်ဆင်နွှဲနိုင်ခဲ့တာဟာ အလုပ်သမားလူတန်းစားရဲ့ ခိုင်မာတဲ့ ဖွဲ့နပဲကို ဖော်ပြလိုက်ခြင်းပဲ ဖြစ်ပါတယ်။ အလုပ်ရှင်၊ အစိုးရတာဝန်ရှိသူတွေနဲ့ တိုက်ပွဲဝင် အလုပ်သမားတွေဟာ အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းမှုတွေ ပြုခဲ့ကြတယ်။ ဒါပေမဲ့ သူတို့တောင်းဆိုချက်တွေ ပြေလည်အောင် ဖြေရှင်းမပေးခဲ့ကြတဲ့အတွက် အလုပ်သမားတွေဟာ တောင်းဆိုချက်တွေ မရမချင်း ရေရှည်ဖွဲ့နဲ့ အောင်ပွဲဆီ ဆက်လက် ချီတက်ခဲ့ကြတာ ဖြစ်တယ်။

တတိယထူးခြားချက်ကတော့ တိုက်ပွဲနည်းနာပေါင်းစုံကို အသုံးပြုနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ သူတို့ဟာ ထိုင်သပိတ်ဆင်နွှဲရုံသက်သက် မဟုတ်ပါ။ သူတို့ဟာ ဇန်နဝါရီလ ၂၂ ရက်နေ့မှာ မန္တလေးသို့ ချီတက်ပြီး မန္တလေးရဲ့ လူစည်ကားရာ နေရာတွေမှာ ဆန္ဒထုတ်ဖော်ပွဲတွေလည်း ပြုလုပ်ခဲ့ပါတယ်။ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ သက်ဆိုင်ရာက ဘာဖြေရှင်းချက်မှ ပြေလည်အောင် လုပ်မပေးနိုင်ခဲ့တဲ့အတွက် တခါ ထိုင်သပိတ်ကို အရင် စက်ရုံဝင်ထွက်ပေါက် ဂိတ်အမှတ် (တစ်) မှ ပြုလုပ်နေရာမှ ဂိတ်အမှတ် (နှစ်)ကို ရွှေ့ပြောင်းပြီး ဆက်လက်ဆင်နွှဲခဲ့ပြန်တယ်။ တခါ သူတို့တောင်းဆိုချက်တွေမရရင် နေပြည်တော် စက်မှုဝန်ကြီးဌာနအထိ ချီတက်ဖို့ တဖက်က ပြင်ဆင်ထားတာလည်း မူလကတည်းက ရှိပါတယ်။ ဒ့ါအပြင် ၂၇-၁- ၂၀၁၇ နေ့မှာ နိုင်ငံတော် သမ္မတ ဦးထင်ကျော်နဲ့ ဇနီးတို့ ကျောက်ဆည်မြို့ ရှင်ပင်မဒ္ဒေါဘုရားသို့ လာရောက်ဖူးမျှော်ရာမှာ တိုက်ပွဲဝင်အလုပ်သမားတွေဟာ ဒီအခွင့်အခါကောင်းကို ဆုပ်ကိုင်ပြီး သမ္မတကြီးနဲ့ တွေ့ဆုံကာ ပလိပ်အလုပ်သမားများအရေး တင်ပြတောင်းဆိုခဲ့ကြပါတယ်။ သမ္မတကြီးဦးထင်ကျော်က အလုပ်သမားတွေကို စိတ်မပူကြဖို့နဲ့ အမြန်ဆုံးဖြေရှင်းပေးမယ်လို့ ကတိပေးခဲ့ပါတယ်။ သမ္မတကြီးရဲ့ ကတိစကားရပေမယ့်လည်း အလုပ်သမားတွေအနေနဲ့ တိုက်ပွဲအရှိန်ကို မလျှော့ဘဲ တိုက်ပွဲအရှိန်မြှင့်ဖို့ ကြေညာချက်တွေ ထုတ်ပြန်ကာ ပြင်ဆင်မှုတွေ လုပ်ခဲ့ပါတယ်။ တဖက်ကလည်း လိုအပ်ရင် သတင်းစာရှင်းလင်းပွဲတွေ လုပ်ဖို့အထိလည်း ပြင်ဆင်ထားခဲ့ပါတယ်။ ဒီလို သပိတ်အရှိန်မြင့်မှုအပေါ် ရဲစခန်းက အမှုဖွင့်ထားတာလည်း လုပ်ပါတယ်။

စတုတ္ထထူးခြားချက်ကတော့ သူတို့ရဲ့တိုက်ပွဲဟာ အကျိုးအကြောင်းရှိစွာ တိုက်ပွဲဆင်ခြင်း၊ အကန့်အသတ်ရှိစွာ တိုက်ပွဲဆင်ခြင်း၊ အကျိုးအမြတ် ဆွတ်ခူးနိုင်ခြင်းဆိုတဲ့ အချက်သုံးချက်နဲ့ ကိုက်ညီနေတာ ဖြစ်ပါတယ်။ ၂၇-၁- ၂၀၁၇ မှာ တိုင်းဒေသကြီးရုံးမှာ သပိတ်အလုပ်သမားတွေနဲ့ တွေ့ဆုံဆွေးနွေးတာ လုပ်ပါတယ်။ ၄-၂- ၂၀၁၇ မှာ မန္တလေးတိုင်းအစိုးရ ဝန်ကြီးချုပ်နဲ့ တွေ့ဆုံခဲ့ကြပါတယ်။ ၈-၂- ၂၀၁၇ နေ့မှာ အမျိုးသားလွှတ်တော်မှ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တွေ ပလိပ်သို့ ရောက်ရှိလာပြီး စက်ရုံသို့ ကွင်းဆင်းစစ်ဆေးသလို သပိတ်တိုက်ပွဲဝင် အလုပ်သမားတွေနဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့ကြတယ်။ အဲသလို အခြေအနေမှာပဲ အလုပ်သမားတွေဟာ ဒီရက်ပိုင်းတွေကို စောင့်ကြည့်ရေး ရက်ပိုင်းတွေအဖြစ် သတ်မှတ်ထားပြီး သူတို့တောင်းဆိုချက်မရရင် အဆုံးစွန်တိုက်ပွဲတွေအထိ ဆက်တိုက်သွားဖို့ သန္နိဋ္ဌာန်ချထားကြပါတယ်။ ဖေဖော်ဝါရီလ ၉ ရက်နေ့မှာတော့ သက်ဆိုင်ရာ တာဝန်ရှိသူတွေရဲ့ ရှေ့မှောက်မှာ အလုပ်ရှင်နဲ့ တိုက်ပွဲဝင်အလုပ်သမားတွေရဲ့ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ကို ချုပ်ဆိုကာ သပိတ်တိုက်ပွဲကို အောင်မြင်စွာ အဆုံးသတ်လိုက်နိုင်ပါပြီ။

အလုပ်မှ ထုတ်ပယ်ထားတဲ့ အလုပ်သမား ၂၂ ဦးအနက်မှ ၁၈ ဦးကို မူလအတိုင်း အလုပ်ပြန်ခန့်ထားမယ်လို့ စာချုပ်သတ်မှတ် ဖော်ပြလိုက်တာဟာ အလုပ်သမားတွေရဲ့ အောင်မြင်မှုရလဒ်တခုပါ။ ကျန် ၄ ယောက်က အလုပ်သမားခေါင်းဆောင်တွေပါ။ ဒီခေါင်းဆောင် ၄ ဦးအနက်က ဦးထွန်းဝင်းညွန့်နဲ့ ဦးလှကိုတို့ ၃ လ အစမ်းခန့်အဖြစ် ခန့်အပ်မယ်လို့ သဘောတူကြပါတယ်။ ကျန်ခေါင်းဆောင်နှစ်ဦးဖြစ်တဲ့ ဒေါ်ဇာခြည်ဝင်းနဲ့ ဦးချမ်းမိုးအောင်တို့ကိုလည်း အစမ်းခန့်အဖြစ် ပြန်လည်ခန့်ထားဖို့ အလုပ်ရှင်ဘက်မှ စဉ်းစားပေးရန်ဆိုတဲ့အချက်လည်း သဘောတူစာချုပ်ထဲမှာ ထည့်သွင်းဖော်ပြထားပါတယ်။ ဒီလိုအစမ်းခန့် - ခန့်တာမှာ ခံဝန်ကတိနဲ့ လုပ်ခွင်စည်းကမ်းလိုက်နာဖို့အချက်တွေ အလုပ်သမားဘက်က လက်မှတ် ရေးထိုးရပါမယ်။ ဒီအချက်တွေကိုပဲ ကြည့်ရင် အပြည့်အဝအောင်ပွဲရတယ်လို့တော့ မဆိုနိုင်ပါဘူး။ ဒါပေမဲ့ အလုပ်သမားတွေဟာ အလုပ်သမားအများစု အလုပ်ပြန်ခန့်ပေးမယ်ဆိုတဲ့ အချက်နဲ့ တခြား သူတို့တောင်းဆိုထားတဲ့ အချက်တချို့လည်း ရရှိလိုက်တဲ့ အောင်သီးအောင်ပွင့်ကိုပဲ အရယူဆုပ်ကိုင်ကာ အကျိုးအမြတ ရှိစွာနဲ့ သပိတ်ကို အောင်မြင်စွာအဆုံးသတ်ဖို့ ဆုံးဖြတ်ချက်ချလိုက်ကြပါတယ်။ တိုက်ရဲရင်၊ တိုက်တတ်ရင်၊ ရေရှည်တိုက်ပွဲကို ဖွဲ့နပဲနဲ့ ဆင်နွှဲရင် အောင်ပွဲကို ဆွတ်ခူးနိုင်ကြောင်း ပလိပ်အလုပ်သမားသပိတ်က အထင်အရှား သက်သေပြလိုက်နိုင်ပြီ ဖြစ်ပါတယ်။




## စစ်ထွက်ဆရာကြီးတွေ ဘာလုပ်နေသလဲ

**ဌေးလွန်း**

အာဏာရပါတီရဲ့ ဥပဒေအကြံပေးကို လုပ်ကြံသတ်ဖြတ်မှုမှာ ပါဝင်ပတ်သက်သူတွေက စစ်ထွက်တွေ ဖြစ်နေတယ်။ စစ်ထွက်ဆိုလို့ ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေး၊ ဗိုလ်ခင်ညွန့်တို့ အပါအဝင် စစ်အုပ်စု ထိပ်သီးတွေ အကုန်လုံးနီးပါးက စစ်ထွက်အုပ်စုပါ။ သူတို့လို ထိပ်သီးတွေတင်မက ရာထူးအဆင့်အစုံ အသုတ်လိုက်ခွဲပြီး အရပ်ဘက်ပြောင်း ကိုယ်ယောင်ဖျောက်ထားသူ စစ်ထွက်တွေ အများကြီး ရှိပါတယ်။ နယ်ပယ်အစုံမှာ အသွင်သဏ္ဍာန်မျိုးစုံနဲ့ ရှိနေတာပါ။ သူတို့အုပ်စုက အင်အားတောင့်တယ်၊ တပ်အပေါ် သြဇာရှိသူ ဆရာကြီးတွေ ပါတယ်။ ဒီချုပ်ပါ တီကို အာဏာခွဲပေးပြီးတဲ့နောက် သူတို့ ဘာလုပ်နေသလဲ။

လက်ရှိ ကာချုပ် ဗိုလ်မင်းအောင်လှိုင်တို့လို တရားဝင် အာဏာကိုင်ထားသူ၊ လွှတ်တော်တွင်းမှာ နေရာယူထားသူတွေထက် လွှတ်တော်ပ စစ်အုပ်စုက ပိုပြီးသြဇာအာဏာ ရှိပါတယ်။ လွှတ်တော်ပ အုပ်စုမှာက နိုင်ငံရေး ခလောက်ဆန်နေတဲ့ ကြံ့ဖွံ့အုပ်စု ရှိတယ်။ အနားယူသွားပြီး၊ နိုင်ငံရေး မလုပ်တော့ဘူးဆိုတဲ့ နာယကကြီးတွေ ရှိတယ်၊ ဂါရင့်သမ္မာရင့်တွေ ရှိတယ်။ အခု နောက်ပိုင်း ဇာတ်ရှိန်မြှင့်လာတဲ့ နိုင်ငံရေးတိုက်ကွက်တွေအရ စစ်အုပ်စုမှာ လမ်းပြမြေပုံအသစ်လည်း ရှိပုံရတယ်။ မြေပုံအဟောင်းက လမ်းဆုံးသွားတော့ အသစ်နဲ့ ရှေ့ဆက်ကြတဲ့သဘောပဲ။

လမ်းပြမြေပုံအသစ်ရှိရင် ဘယ်နစ်ဆင့်ရှိလဲ၊ ဘာတွေလဲ မသိရဘူး။ အရေးကြုံတိုင်း ရာဇဝတ်သားတွေ ထုတ်သုံးတာတော့ သူတို့ထုံးစံပဲ။ ဦး(ဗိုလ်)သိန်းစိန် လက်ထက်မှာ နိုင်ငံရေးအကျဉ်းသားလွှတ်တိုင်း ရာဇဝတ်သားတွေ ထောင်ချီပြီး လွှတ်ပေးခဲ့တယ်။ ဒီချုပ်အစိုးရ တက်ပြီးတဲ့နောက် လူသတ်မှု၊ မုဒိမ်းမှု၊ လုယက်မှု၊ ဓားပြမှု ဆိုတာတွေက မိုးဦးကျမှိုတွေလို ထွက်လာတော့တာပဲ။ နောက်ဆုံးမှာ နိုင်ငံရေးလုပ်ကြံမှုအဆင့်ထိ တက်လာတယ်။ ရာဇဝတ်မှုတွေ တိုးပွားသလိုမျိုး လုပ်ကြံသတ်ဖြတ်တာမှာလည်း တယောက်တည်းနဲ့ အဆုံးသတ်ပါ့မလား တွေးပူစရာ ရှိပါတယ်။

ဒီချုပ်ဟာ ရန်သူဝိုင်းဝိုင်းလည်နေတာ မဟုတ်ပါဘူး။ ရန်ဘက်ဆိုလို့ စစ်အုပ်စုပဲရှိတယ်။ အခု လုပ်ကြံသတ်ဖြတ်မှုမှာ စစ်ထွက်တွေက လုပ်တာဖြစ်ဖြစ်၊ လက်ရှိ ယူနီဖောင်းဝတ်တွေက လုပ်တာဖြစ်ဖြစ် အတူတူပါပဲ၊ တဖွဲ့တည်းပါ။ သူတို့ ဘာလို့ ဒီအချိန်မှာ ဒီလို လုပ်သလဲ။ စနစ်တကျ အချိန်ယူ ပြင်ဆင်ပြီးသားဖြစ်သလို ဦးတည်ချက်တွေလည်း အများကြီးရှိပါလိမ့်မယ်။ ဒီဖြစ်ရပ်အပေါ် တုံ့ပြန်သူတွေနဲ့ တုံ့ပြန်ပုံကို အကဲဖြတ်ပြီး သူတို့ ရှေ့ဆက်မှာပါ။ သူတို့က ဘယ်လို တုံ့ပြန်မှုမျိုးကို လိုလားသလဲ။ ဘယ်လို တုံ့ပြန်ကြမလဲ။

အထူးသဖြင့် အာဏာ တချို့တဝက်လည်း ရှိသလို၊ လုပ်ကြံခံရသူရဲ့ မိခင်အဖွဲ့ အစည်းလည်းဖြစ်တဲ့ ဒီချုပ်အစုရဲ့၊ ဒီချုပ် ခေါင်းဆောင်မှုရဲ့ တုံ့ပြန်ပုံဟာ အင်မတန် အရေးကြီးပါတယ်။

လွှတ်တော်ပြင်ပရောက် စစ်ထွက်အုပ်စုရဲ့ ထင်သာမြင်သာတဲ့အလုပ်တွေက ပြည်တွင်းစစ် ထောက်ခံရေးနဲ့ အမျိုးသားနိုင်ငံရေးဆိုတာတွေပါ။ မသိရ၊ မမြင်ရတဲ့ အလုပ်တွေကတော့ အများကြီး ရှိပါလိမ့်မယ်။ လွှတ်တော်တွင်းနဲ့ အုပ်ချုပ်ရေး အဝန်းအဝိုင်းထဲရောက် ယူနီဖောင်းဝတ် အုပ်စုက ၂၀၀၈ အခြေခံကပဲ စကားပြောတယ်။ လက်နက်ကိုင်ဖြစ်ဖြစ်၊ လက်နက်မဲ့ဖြစ်ဖြစ် စစ်ရေးအရလက်နက်ချ၊ နိုင်ငံရေးအရ အညံ့ခံပြီး ၂၀၀၈ ဖွဲ့စည်းပုံအောက်ကို ခေါင်းလျှိုဝင်ခိုင်းတယ်။ ခလောက်ဆန်သူကဆန်၊ အကောက်ကြံသူကကြံပြီး စစ်အုပ်စုတဖွဲ့လုံး အကွက်ကျကျ နိုင်ငံရေး ကစားနေတာပါ။ သိသာထင်ရှားတာက ဒီချုပ်ရဲ့ အဓိက နိုင်ငံရေး ဦးတည်ချက် (၃) ရပ် မအောင်မြင်အောင်၊ မဖြစ်မြောက်အောင် တိုက်ဖျက်နေတာပဲ ဖြစ်ပါတယ်။

၂၀၁၂ ကြားဖြတ်ကတည်းက အခြေခံဥပဒေပြင်ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ကြွေးကြော်သံ (၃) ခုနဲ့ ထွက်လာတဲ့ ဒီချုပ်ဟာ ၂၀၁၅ မှာလည်း ဒီသုံးခုကို ဆက်လက်စွဲကိုင်ပါတယ်။ သို့ပေမဲ့ စစ်အုပ်စုနဲ့ အာဏာခွဲဝေရေးလုပ်ဖို့ လိုလာတော့ ရင်ကြားစေ့ရေးဆိုတာကို ရှေ့တန်းတင်လာရတယ်။ ရင်ကြားစေ့ရေးကလည်း တဖက်သတ် အလျှော့ပေးရေးဖြစ်နေတဲ့အခါ မူလနိုင်ငံရေး ဦးတည်ချက်(၃)ရပ်ကို အကောင်အထည်ဖော်ဖို့ ဝေးသထက်ဝေးလာပါတယ်။ ၂၀၀၈ ပြင်ရေး ရှေ့ဆက်ပြီး ရဲရဲချီတက်မလား။ အဓိက လူသတ်တရားခံ ဘယ်သူပဲဖြစ်ဖြစ် ဖော်ထုတ်ရုံးတင်ပြီး ထိုက်သင့်တဲ့ အပြစ်ဒဏ်ကို ပေးမလား။ ဒီချုပ်ခေါင်းဆောင်မှုအနေနဲ့ အလေးအနက် ဆုံးဖြတ်ရမှာပါ။ ဒါဟာ အရေးပါတဲ့ နိုင်ငံရေးတိုက်ပွဲ ဖြစ်ပါတယ်။

စစ်အုပ်စုကတော့ အလျှော့မပေးတဲ့အပြင် ပိုပိုပြီးတော့ ကြမ်းလာတယ်၊ ရမ်းလာတယ်။ အခုလို လက်နက်ကိုင်တိုက်ပွဲ၊ နိုင်ငံရေးတိုက်ပွဲတွေကို အရှိန်မြှင့်လာတာဟာ သူတို့ကြမ္မာငင်လာတာလည်း ဖြစ်နိုင်ပါတယ်။ သူတို့ထင်တာက လက်နက်ရှိတယ်၊ အင်အားရှိတယ်၊ ဘယ်သူ့မှ မှုစရာမလို၊ ဘာဖြစ်ဖြစ် မှုစရာမလို ဆိုတာမျိုးပါ။ သေနတ်နဲ့ပစ်သတ်တိုင်း နောက်တွန့်တတ်သူတွေမဟုတ်တာ ရှစ်လေးလုံး အရေးတော်ပုံကစလို့ အခုနောက်ဆုံး လူသတ်သမားကို ပိုင်းဖမ်းပြီး အနိုင်ယူလိုက်တဲ့ သမိုင်းဝင် ဖြစ်ရပ်တွေက သက်သေပါ။ ဘယ်သူတွေ ဘယ်လိုပဲ တုံ့ပြန်ပါစေ၊ ပြည်သူ့တရားစီရင်ခန်းနဲ့ ပြည်သူ့ အောင်ပွဲကတော့ ကေန်မုချ ရောက်လာဦးမှာ ဖြစ်ပါတယ်။




**သမိုင်းကနေ ပြေးမလွတ်**

**ညှိုစိန်ဝင်း**

(သမိုင်းကနေ ဘယ်သူမှ မလွတ်မြောက်နိုင်ပါဘူး။ ခေတ်အဆက်ဆက် ကမ္ဘာတည်သရွေ့ ကျွန်မတို့ရဲ့ လုပ်ရပ်တွေကို မျိုးဆက်တွေ တဆက်ပြီး တဆက်က သုံးသပ်ပြီး စီရင်ချက်ချသွားမှာ ဖြစ်တယ်။) ဒါက ဒေါ်အောင်ဆန်းစုကြည် ပြောသွားခဲ့တဲ့ စကားပါ။ ဖေဖော်ဝါရီ ၁၂ ရက်နေ့က ပြောကြားခဲ့တဲ့ ပင်လုံမိန့်ခွန်းထဲမှာ ထည့်ပြောသွားတဲ့စကားပါ။ ဒီစကားကတော့ အမှန်ပါပဲ။ သမိုင်းက လူပုဂ္ဂိုလ်တွေ

အဖွဲ့အစည်းတွေကို စစ်ဆေးအကဲဖြတ် စီရင်ချက်ချသွားမှာ ဖြစ်ပါတယ်။ ဒီအထဲမှာ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် အပါအဝင် ဖြစ်ပါတယ်။

သမိုင်းက စစ်ဆေးအကဲဖြတ် စီရင်ချက်ချတဲ့နေရာမှာ တိုင်းပြည်ရဲ့ နိုင်ငံရေးအတွက် ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်နဲ့အဖွဲ့အစည်းတွေအပေါ်မှာ အလေးအနက် စစ်ဆေးအကဲဖြတ်မှာဖြစ်သလို အထင်အရှား စီရင်ချက်ချမှာလည်း ဖြစ်ပါတယ်။ အဲသလို သမိုင်းက စစ်ဆေးအကဲဖြတ်တဲ့နေရာမှာ လူထုအရေးအခင်းတွေ၊ လူထုလှုပ်ရှားမှုတွေ၊ တိုင်းပြည်ရဲ့ အရေးပါတဲ့ ဖြစ်ရပ်တွေဆိုတာက လူ ပုဂ္ဂိုလ်တွေ အဖွဲ့အစည်းတွေကို စစ်ဆေးတဲ့ မှတ်ကျောက်ခုံတွေ ဖြစ်နေကြပါလိမ့်မယ်။ လူပုဂ္ဂိုလ်တွေ အဖွဲ့အစည်းတွေရဲ့ အဆိုးအကောင်းတွေကို ထင်ဟပ်ဖော်ပြနေတဲ့ သမိုင်းကြေးမုံပြင်တွေလို့လည်း ဆိုရပါလိမ့်မယ်။

ဗမာပြည်မှာ အဲသလို လူထုအရေးအခင်းတွေ၊ လူထုလှုပ်ရှားမှုတွေ၊ ဒီမိုကရေစီ သမိုင်းကြေးမုံပြင်တွေ အထင်အရှား ရှိနေပါတယ်။

တခုကတော့ ဗမာပြည် ပြည်တွင်းစစ်နဲ့ ပြည်တွင်းစစ်ရပ်စဲရေး ငြိမ်းချမ်းရေးလှုပ်ရှားမှု ဖြစ်ပါတယ်။ ဗမာပြည်မှာ ဒီမိုကရေစီရေးကို ရိုက်ချိုးဖျက်ဆီးပစ်ရာကနေ ပြည်တွင်းစစ်မီး စတင်တောက်လောက်လာခဲ့ရတာပါ။ ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးပွဲတွေ ဆိုတာကလည်း ဒီမိုကရေစီနည်းကျစွာနဲ့ တန်းတူမှု တရားမျှတမှန်ကန်မှု ရိုးသားပွင့်လင်းမှုတို့ ရှိမှသာ အောင်မြင်နိုင်မှာပါ။ ဗမာပြည်က ပြည်တွင်းစစ်ဟာ ကမ္ဘာပေါ်မှာ အရှည်ကြာဆုံးပြည်တွင်းစစ်ပွဲလို့ ဆိုရတော့မှာ ဖြစ်ပါတယ်။ ခုထိ ပြည်တွင်းငြိမ်းချမ်းရေးမရသေးပါဘူး။ ဘယ်သူက ပြည်တွင်းစစ် မရပ်စဲအောင် လုပ်နေတာလဲ။ ပြည်တွင်းငြိမ်းချမ်းရေးကို တကယ်တမ်း မလိုလားသူဘယ်သူလဲ၊ ပြည်တွင်းငြိမ်းချမ်းရေးမရအောင် ဘယ်သူက လုပ်နေသလဲဆိုတာ သမိုင်းက မှတ်တမ်းရေးထိုးထားပြီး ဖြစ်ပါတယ်။ မျက်မှောက်နဲ့ အနာဂတ်မှာလည်း ပြည်တွင်းငြိမ်းချမ်းရေးမှာ ပါဝင်ပတ်သက်သူတွေ ဘယ်သူက ဘယ်လိုရပ်တည်တယ်ဆိုတာ သမိုင်းက စစ်ဆေးမှတ်ကျောက်တင်သွားမှာပါ။ လတ်တလောမှာကိုပဲ ဒေါ်အောင်ဆန်းစုကြည်က ၂၁ ရာစု ပင်လုံအတွက် NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို သတ္တိရှိရှိ လက်မှတ်ထိုးလိုက်ပါလို့ တိုက်တွန်းထားပါတယ်။ လက်နက်ကိုင်တိုက်နေသူတွေဟာ ကိုယ်လိုချင်တာ လွယ်လွယ်နဲ့ရမယ်ထင်လို့ တိုက်နေတာ ဖြစ်တယ်လို့လည်း ဆိုထားပါတယ်။ ပန်ခမ်းအစည်းအဝေးမှာ တက်ရောက်ပါဝင်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကလည်း NCA မှာ လက်မှတ်မထိုးနိုင်ဘူးလို့ ယတိပြတ်ပြောလိုက်ပါပြီ။ ၂၀၀၈ ဖွဲ့စည်းပုံအောက်က ကျင်းပတဲ့၊ ကာချုပ် မူ ၆ ချက်နဲ့ ဟန့်တားခံနေရတဲ့ ဘယ်လိုငြိမ်းချမ်းရေးဆွေးနွေးပွဲမှ ချောချောမွေ့မွေ့မအောင်မြင်နိုင်တာက အခြေခံအချက်ပါ။ ဒါပေမဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပြည်တွင်းစစ်ပြဿနာမှာ ဘယ်သူဘယ်ပုဂ္ဂိုလ်က ဘယ်အဖွဲ့အစည်းက ဘယ်လို ရပ်တည်ပါဝင်သလဲဆိုတာ သမိုင်းက စစ်ဆေးမှတ်ကျောက်တင်သွားလိမ့်မယ်ဆိုတာလည်း သံသယရှိစရာ မလိုပါ။

ဒုက္ခတောင်တန်းလို့ အမည်သညာပေးခြင်းခံရတဲ့ လက်ပံတောင်း ဒေသခံပြည်သူတွေရဲ့ လှုပ်ရှားမှုတိုက်ပွဲတွေကလည်း ဒီမိုကရေစီ သမိုင်းကြေးမုံပြင်တချပ်ပါပဲ။ခုတလောမှာကိုပဲ လက်ပံတောင်းဒေသခံလူထုကတဖက်၊ ဦးပိုင်၊ ဝမ်ပေါင်ကုမ္ပဏီနဲ့ အာဏာပိုင်တွေ၊ လုံခြုံရေးတပ်ဖွဲ့တွေကတဖက် ထိပ်တိုက်ရင်ဆိုင်မှုတွေ နေ့စဉ်နဲ့အမျှ ဖြစ်ပွားနေပါတယ်။ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ဆည်တည်းရွာကနေ ဦးပိုင်နဲ့ ဝမ်ပေါင်ကုမ္ပဏီတို့က ဆောက်ပေးထားတဲ့ ဆည်တည်းရွာသစ်(နာမည်ခံအဖြစ်ပဲ ဆောက်ပေးထားတဲ့ရွာလို့ဆိုပါတယ်) မှာ ပြောင်းရွှေ့နေထိုင်သူတွေ အမြောက်အမြားကို အမည်စာရင်းမပါဘဲ ပြောင်းရွှေ့လာသူတွေဆိုပြီး ရဲနဲ့ မီးသတ်အဖွဲ့ဝင်တွေက အတင်းဆွဲချ မောင်းထုတ်နေလို့ ငိုကြွယိုကြနဲ့ ဘဝပျက်တဲ့အဖြစ်မျိုးတွေ လက်ပံတောင်းလူထု ကြုံတွေ့ခံစားနေကြရပါတယ်။ ကြေးနီစီမံကိန်းရဲ့ စီမံကိန်းနယ်မြေဆိုပြီး သတ်မှတ်ထားတဲ့ ဆည်တည်းရွာကို ဦးပိုင်နဲ့ ဝမ်ပေါင် ကုမ္ပဏီတွေဘက်က ခြံစည်းရိုးခတ်ဖို့ လုပ်လာနေတာကြောင့် ပြည်သူတွေရဲ့ကန့်ကွက်တားမြစ်မှုတွေ နေ့စဉ်နဲ့အမျှ ဖြစ်ပေါ်နေပါတယ်။ ဂမ်ပေါင်ကုမ္ပဏီက မင်းတောရွာမှာ ကျောက်ထုတ်လုပ်နေမှုကြောင့် ရွာသားတွေစိုက်ပျိုးထားတဲ့ သီးနှံစိုက်ခင်းတွေ အများအပြားပျက်စီးမှုတွေ ရှိနေခဲ့ပါတယ်။ ဂမ်ပေါင်ကုမ္ပဏီက ရွာဖွံ့ဖြိုးရေးအတွက် ကျောက်တကျင်းကို ကျပ်ငွေ(၃၀၀)နှုန်းအထိ ပေးထားတယ်လို့ နယ်မြေခံအာဏာပိုင်တွေကို တင်ပြထားပေမယ့် အဲဒီပိုက်ဆံဟာ မင်းတောရွာအတွက် လုံးဂရုရှိတာမျိုး မရှိသေးဘူးလို့လည်း မင်းတောအုပ်ချုပ်ရေးမှူး ကိုယ်တိုင် ပြောပါတယ်။ ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုနိုင်ကတော့ ဒီကျောက်ထုတ်လုပ်မှုဟာ သဘာဂပတ်ဂန်းကျင်ကို ထိခိုက်မှုတွေ စဉ်ဆက်မပြတ်ရှိနေတဲ့အတွက် ကျောက် ဆက်မထုတ်လုပ်သင့်ဘူးလို့လည်းဆိုပါတယ်။ ကျောက်သယ်ကားတွေကြောင့် လူတွေဒဏ်ရာရ နွားတွေသေလို့ ကျောက်ကားတွေကို ဒေသခံလူထုက တားဆီးကန့်ကွက်တာတွေလည်း ဖြစ်ပေါ်နေပါတယ်။

နောက်ထပ် ထိပ်တိုက်ရင်ဆိုင်မှုတခုကတော့ ကြေးပြားတွေ သယ်ယူလာတဲ့ ကားတွေကို လူထုမှ တားဆီးပြီး ကန့်ကွက်ထိန်းသိမ်းထားလိုက်တဲ့ ကိစ္စဖြစ်ပါတယ်။ ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်ဒေသမှာ ဒေသခံ၂၀၀ နီးပါးက ဖေဖော်ဝါရီ ၂၁ ရက်နေ့လယ်ပိုင်းမှာ ဝမ်ပေါင်ကုမ္ပဏီထဲက ကြေးနီသယ်ဆောင်လာတဲ့ ကားတွေကို တားဆီးပြီး သီးနှံလျော်ကြေးငွေရဖို့ ဆန္ဒပြ တောင်းဆိုနေကြပါတယ်။ လုံခြုံရေးအာဏာပိုင်တွေနဲ့ တပ်ဖွဲ့တွေ ရောက်ရှိလာပြီး ပါဝင်ညှိနှိုင်းမှုအရ တားဆီးကားတွေကို လွှတ်ပေးလိုက်ပြီး တာဝန်ရှိသူတွေနဲ့ ဆက်လက်ဆွေးနွေးညှိနှိုင်းဖို့ ပြောပါတယ်။ အဲသလိုဆွေးနွေးခဲ့ပေမယ့် အခုတော့ အဲသလို ဆန္ဒဖော်ထုတ်ကန့်ကွက်တဲ့ သံဃာတပါးနဲ့ လူ ၂၄ ယောက်တို့ အမှုဖွင့်ခံနေရပြန်ပါပြီ။ လူထုတောင်းဆိုတာကတော့- ၁-အစီရင်ခံစာပါ အစားထိုးမြေ ဧက ၁၉၀၀ အား ဖော်ထုတ်ပေးရန် ၂-မြေသိမ်းလျော်ကြေးမယူထားသည့် သိမ်းဆည်းခံမြေယာများအတွက် သီးနှံလျော်ကြေးပေးရန် ၃-ကြေးနီစီမံကိန်း လုပ်ငန်းဖော်ဆောင်ရေးကော်မတီမရှိဘဲ ကြေးထုတ်ယူနေမှုအား လုံးဝရပ်ဆိုင်းရန်။ ၄-လက်ပံတောင်းတောင်ဒေသတွင်း ကြေးနီစီမံကိန်းကြောင့်ဖြစ်ပေါ်လာသော လူမှုစီးပွားဘဝ ထိခိုက်မှုများအား ပြန်လည်တည်ဆောက်ပေးရန် ဆိုတဲ့အချက်တွေ ဖြစ်ပါတယ်။

ဒေသခံတွေရဲ့နစ်နာမှုတွေ စုံစမ်းစစ်ဆေးရေးအစီရင်ခံစာနဲ့ပတ်သက်လို့ လိုက်နာမှုရှိမရှိဆိုတဲ့အခြေအနေတွေကို လွှတ်တော်မှာ အရေးကြီးအဆိုတင်သွင်းဖို့လုပ်ခဲ့တဲ့ လက်ပံတောင်းတောင် ဆားလင်းကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဂင်းသိန်းဇော်ကတော့ သူ့ရဲ့အရေးကြီးအဆိုတင်သွင်းဖို့အခြေအနေမပေးခဲ့ဘူးလို့ ဆိုပါတယ်။ ဖေဖော်ဝါရီ ၁၀ ရက်နေ့က ထုတ်ပြန်တဲ့ (Amnesty International) လူ့အခွင့်အရေးအဖွဲ့ရဲ့ "ဒုက္ခတောင်တန်း" အမည်ရှိ အစီရင်ခံစာမှာတော့ လက်ပံတောင်းကြေးနီစီမံကိန်းကြောင့် ထောင်နဲ့ချီတဲ့ မိသားစုတွေဟာ ဒီစီမံကိန်း တိုးချဲ့မှုနဲ့အတူ အိုးအိမ်ရွှေ့ပြောင်းရတာ၊ လယ်ယာဆုံးရှုံးရတာတွေနဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေရှိနေတယ်လို့ ဖော်ပြထားပါတယ်။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဟာ ၂၀၁၀ ခုနှစ်က စတင်လုပ်ဆောင်ခဲ့တာပါ။ စတင်လုပ်ဆောင်ခဲ့တဲ့ သက်တမ်းနဲ့အမျှ ဒေသခံလူထုရဲ့ မကျေနပ်မှုတွေ၊ ဆန့်ကျင်တိုက်ပွဲဝင်မှုတွေ ပေါ်ပေါက်ခဲ့တာ ဒီနေ့အထိ မရပ်စဲသေးပါဘူး။ ဒီလှုပ်ရှားမှုအတွင်း ဦးသိန်းစိန်အစိုးရလက်ထက်မှာ ကြေးနီစီမံကိန်းကို ငြိမ်းချမ်းစွာ ကန့်ကွက်ဆန္ဒပြနေကြတဲ့ သံဃာတော်တွေကို မီးလောင်ပုံးနဲ့ ပစ်ခတ်နှိမ်နင်းခဲ့တယ်။ ဒေါ်ခင်ဝင်း ဦးခေါင်းကို သေနတ်နဲ့ ချိန်ရွယ်ပစ်ခတ်လို့ သေဆုံးသွားခဲ့တယ်။ ခြောက်ဦး ဒဏ်ရာရခဲ့တယ်။ ပြည်သူတွေ အတင်းအဓမ္မ အိုးအိမ် ကျေးရွာ ပြောင်းရွှေ့ပေးခြင်း ခံခဲ့ရတယ်။ သီးနှံလျော်ကြေး မပေး၊ မြေယာ လျော်ကြေးမပေးဘဲ မြေယာတွေကို သိမ်းယူမှုတွေ ရှိခဲ့တယ်။ လူထုက လက်နက်ကိုင်ဖိနှိပ်လာသူတွေကို ရရာလက်နက်နဲ့ တုံ့ပြန်ခုခံခဲ့ရတာတွေ ပေါ်ခဲ့တယ်။ ရွာတွေထဲ သေနတ်တွေနဲ့ ပစ်ခတ်လို့ ဒဏ်ရရှိသွားတဲ့ ရွာသားတွေ ရှိခဲ့တယ်။ လမ်းကြိတ်စက် ဒလိမ့်တုံးကြိတ်စက်ရှေ့ အသေခံဖို့ လှဲအိပ်တဲ့ အမယ်အိုလို ပြည်သူတွေ ပေါ်ထွက်ခဲ့တယ်။ လယ်တီသိမ်၊ ဘုရား ဖြိုဖျက်ခံလိုက်ရတယ်။ တောင်တွေ ပျောက်ပြီး ကျင်းနက်ကြီးတွေ ရောက်လာတယ်။ ချင်းတွင်းမြစ်ရေ အဆိပ်သင့်သွားတယ်။

အစိုးရသစ်က ကိုးလတာကာလအတွင်း ဒီကြေးနီစီမံကိန်းမှ အမေရိကန် ဒေါ်လာ သန်း ၂၀ ဝင်ငွေရခဲ့တယ်လို့ ဖော်ပြပေမယ့် ပြည်သူတွေကတော့ ဒီ- ဒုက္ခတောင်တန်းဆိုတဲ့ လက်ပံတောင်းတောင်ဒေသမှာ ငိုကြွေးသံတွေ ဒုက္ခတိုင်တည်သံတွေ၊ ဆန္ဒထုတ်ဖော်သံတွေ ခုထိ ညံမစဲ ဖြစ်နေဆဲပါ။ ဒီလက်ပံတောင်းတောင်အရေးအခင်းနဲ့ပတ်သက်လို့ အကောင်းအဆိုး သမိုင်းက စမ်းသပ်စစ်ဆေးခြင်း ပြုရမယ့် ပုဂ္ဂိုလ်တွေလည်း လက်ပံတောင်းတောင်ဒေသကို ရောက်ရှိခဲ့ကြတယ်။ ဒေါ်အောင်ဆန်းစုကြည်ရောက်တယ်။ ဒေါ်နော်အုံးလှ ရောက်တယ်။ ဒေါ်ခင်စန်းလှိုင် ရောက်တယ်။ ရှစ်လေးလုံးအရေးတော်ပုံမှာ ပါခဲ့တဲ့ မျိုးဆက်တွေ ကျောင်းသားခေါင်းဆောင်ဟောင်းတွေ ရောက်တယ်- စသဖြင့် နာမည်ထင်ရှားသူရော နာမည်မထင်ရှားသူတွေပါ ရောက်ရှိခဲ့ကြတာ ဖြစ်ပါတယ်။ အဖွဲ့အစည်းတွေဆိုရင်လည်း ဦးသိန်းစိန်အစိုးရ၊ ဒီချုပ်အစိုးရ၊ ဦးပိုင်ကုမ္ပဏီ။ ဝမ်ပေါင်ကုမ္ပဏီ၊ လက်ပံတောင်းတောင် စုံစမ်းစစ်ဆေးရေးအဖွဲ့နဲ့ အစီရင်ခံစာတို့က အစ မုံရွာ ဗကသအထိ ပါဝင်နေပါတယ်။ ဒီလက်ပံတောင်းတောင်နဲ့ ဆက်နွယ်သူအားလုံးဟာ သမိုင်းကြေးမုံပြင်မှာ ပုံရိပ်ထင်ဟပ်နေပြီး သမိုင်းရဲ့စမ်းသပ်စစ်ဆေးခြင်းကို ခံကြရမှာပါ။ သမိုင်းရဲ့ စစ်ဆေးမှုပေတံကတော့ ပြည်သူ့အကျိုးစီးပွားဘက်က ရပ်တည်သလား- ပြည်သူ့အကျိုးစီးပွားကို ကျောခိုင်းသလားဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။

အလားတူ လူပုဂ္ဂိုလ်တွေနဲ့ အဖွဲ့အစည်းတွေကို မှတ်ကျောက်တင်စစ်ဆေးခြင်း ပြုမှာကတော့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ(ဗကသ)အပေါ် ဘယ်လိုသဘောထားသလဲဆိုတဲ့အချက် ဖြစ်ပါတယ်။ ကိုလိုနီခေတ်ကစလို့ ဗကသအပေါ် သဘောထားနစ်ရပ် အထင်အရှား ကွဲပြားခြားနားစွာ ပေါ်ထွက်ခဲ့ပါတယ်။ ကိုလိုနီ အင်္ဂလိပ်အစိုးရက ဗကသအပေါ် ရန်သူလို သဘောထားပြီး ဖိနှိပ်သတ်ဖြတ်တယ်။ ဗမာပြည် ပြည်သူလူထုကြီးကတော့ ဗကသကို ထောက်ခံတယ်။ ဗကသဘက်က ရပ်တယ်။ ဖဆပလ အစိုးရဘက်မှာလည်း အဲသလိုပဲ ဖဆပလအစိုးရက ဗကသကို ရန်သူလို သဘောထားတယ်။ ဗကသ စင်ပြိုင်အဖွဲ့တွေ ဖွဲ့စည်းပေးပြီး

ဗကသကို တိုက်ခိုက်ဖြိုခွဲတယ်။ ဦးနေဝင်းအစိုးရကတော့ သူ အာဏာပလ္လင်ပေါ်မှာ တက်ထိုင်လိုက်ရင်ပဲ ဗကသနဲ့ ကျောင်းသားတွေကို ဓားဓားချင်း-လှံလှံချင်းလို့ စိန်ခေါ်ပြီး ၇ ရက် ဇူလိုင်အရေးအခင်းမှာ ကျောင်းသားရာကျော် ပစ်ခတ်သတ်ဖြတ်ကာ ရန်ကုန်တက္ကသိုလ်မှာ သွေးချောင်းစီးစေခဲ့တယ်။ ၈ ရက်နေ့မှာ ကျောင်းသားသမဂ္ဂအဆောက်အဦကို ဖောက်ခွဲဖြိုလှဲပစ်လိုက်တယ်။ ဒီအရေးအခင်းမှာလည်း ဗမာပြည် ပြည်သူတရပ်လုံးက ဗကသကို ထောက်ခံပြီး ဗကသဘက်မှ ပြတ်သားစွာ ရပ်တည်ကာ စစ်အစိုးရကို ယနေ့တိုင် နာကြည်း မုန်းတီးနေကြဆဲ ဖြစ်ပါတယ်။ စစ်အစိုးရအဆက်ဆက်ဟာ ဗကသကိုသာမက ကျောင်းသားတွေကိုပါ ရန်သူအဖြစ် သဘောထား ခဲ့တယ်ဆိုတာ ရှစ်လေးလုံးအရေးအခင်းအတွင်း တံတားနီအရေးအခင်းမှာ အထင်အရှား တွေ့နိုင်ပါတယ်။ ကမ္ဘာမှာတောင် မပေါ်ခဲ့ဖူးတဲ့ ကျောင်းသားတပ်မတော် ဗမာပြည်မှာ ဖြစ်ပေါ်လာခဲ့ရတဲ့အထိ စစ်အစိုးရအဆက်ဆက်ဟာ ကျောင်းသူကျောင်းသားထုအပေါ် ရန်သူလို သဘောထားခဲ့ပါတယ်။ ဦးသိန်းစိန် စစ်အစိုးရလက်ထက်မှာလည်း ခရီးရှည်ကျောင်းသား သပိတ်စစ်ကြောင်းကို ဗကသက ဦးဆောင် ဆင်နွှဲခဲ့ရပြီး လက်ပံတန်းမှာ ဒီသပိတ်စစ်ကြောင်းကို ရက်ရက်စက်စက် ဖိနှိပ်ဖြိုခွဲခဲ့ပါတယ်။ ဒီအရေးအခင်းမှာ ဗမာပြည် အနယ်နယ် အရပ်ရပ်က ပြည်သူတွေဟာ ဗကသနဲ့ကျောင်းသားထုဘက်က ဝန်းရံရပ်တည်ကြောင်း အထင်အရှား ဖော်ပြလိုက်ပါတယ်။ ဗကသကို အားနည်းစေချင်တာ၊ ဗကသကို ဖြိုခွဲပစ်ချင်တာ၊ ဗကသနဲ့ စင်ပြိုင်အဖွဲ့အစည်းတွေကို ဖွဲ့စည်းပေးပြီး အဲဒီအဖွဲ့တွေကို သွေးထိုး မြှောက်ပင့်ကာ ဗကသကို နည်းမျိုးစုံနဲ့ ထိုးနှက်တိုက်ခိုက်တာတို့ဟာ ဖောက်ပြန်ရေးသမားတွေ လုပ်လေ့လုပ်ထရှိတဲ့ နည်းလမ်းတွေ ဖြစ်ပါတယ်။ ဦးသိန်းစိန် စစ်အစိုးရလက်ထက်မှာ ဒီလို လုပ်နည်းလုပ်ဟန်ကို ဖော်ပြခဲ့သလို ယနေ့အထိလည်း ဒီလုပ်ဟန်တွေ တည်ရှိ နေဆဲ ဖြစ်ပါတယ်။ ယခု လတ်တလော ပေါ်ပေါက်နေတဲ့ ကိစ္စကတော့ ကျောင်းသားသမဂ္ဂအဆောက်အဦကို ပြန်လည်ထူဆောက်ပေး ရေးကိစ္စ ဖြစ်ပါတယ်။ ဒီကိစ္စဟာ သမိုင်းမှာ အစဉ်အလာရှိပြီး ဂုဏ်သိက္ခာမြင့်မားတဲ့ ဗကသနဲ့ တသွေးတည်း တသားတည်း ဖြစ်နေတဲ့ ကိစ္စပါ။ ဒီလိုကိစ္စမျိုးမှာ ဗကသမှ တာဝန်ရှိတဲ့ ကျောင်းသားဟောင်း ကျောင်းသားသစ်တွေမပါဘဲ တကာသ အဆောက်အဦ တည် ဆောက်ရေးကော်မတီဖွဲ့တယ်။ ဗကသ ခေါင်းဆောင်ဟောင်း ခေါင်းဆောင်သစ်တွေဘက်က ဘယ်လိုမြင်သည်ဖြစ်ပစေ၊ သူတို့ ဆောက်ဖို့ ရည်ရွယ်ထားတဲ့နေရာမှာပဲ ဆောက်မယ်လို့ အာဏာရပါတီရဲ့ ခေါင်းဆောင်တဦးက ပြောနေပြန်တယ်။ ဗကသ တရားဝင် တည်ရှိရေး ခွင့်မပြုဘဲ၊....ကျောင်းသားသမဂ္ဂတွေ လွတ်လပ်စွာ တရားဝင်ဖွဲ့စည်းရေး ခွင့်မပြုဘဲ၊.... ဗကသ ခေါင်းဆောင်ဟောင်း ခေါင်းဆောင်သစ်တွေ နဲ့ ညှိနှိုင်းဆွေးနွေးတိုင်ပင်မှု ဆန္ဒသဘောထား ရယူမှုမရှိဘဲ၊.... ကျောင်းသားတွေ ရာချီပစ်သတ်ခံရတဲ့ ၇ ရက် ဇူလိုင် အရေးအခင်းနဲ့ ပတ် သက်လို့ လေးနက်တဲ့ ဖော်ပြထုတ်ပြန်ချက် တစုံတရာမလုပ်ဘဲ ကျောင်းသားသမဂ္ဂ အဆောက်အဦ ပြန်လည်ထူဆောက်ပေးမယ့်ကိစ္စဟာ မှုမှန်တဲ့ ဆာင်ရွက်ချက်တရပ်လို့ ပြောဆိုမရပါ။ တချိန်တည်းမှာ အစိုးရပြန်ကြားရေးဝန်ကြီးဌာန ရဲ့ လက်အောက်က ကြေးမုံသတင်းစာက ဗကသ ကျောင်းသားခေါင်းဆောင်ဟောင်းတဦးဖြစ်တဲ့ ဦးလှရွှေကို ကြက်လှရွှေလို့ အချိန် ကိုက် စော်ကားသုံးစွဲလိုက်တဲ့ ကိစ္စလည်း ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒ့ါအပြင် သမိုင်းဝင်အထိမ်းအမှတ်နေရာတခုဖြစ်တဲ့ တံတားနီကိုလည်း အသွင်ပြောင်းလဲပြီး သမိုင်းအထိမ်းအမှတ်အဖြစ်မှ ဖျောက်ဖျက်ပစ်မယ့် လုပ်ရပ်မျိုးတွေလည်းရှိလာနေပါတယ်။ ဒီလိုဆောင်ရွက်ချက် တွေဟာ ဗကသ သမိုင်းကြေး မှံပြင်မှာ အထင်အရှား ပုံရိပ်ထင်နေမှာ ဖြစ်ပါတယ်။ ဗကသ သမိုင်းကြေးမုံပြင်က သည်လူပုဂ္ဂိုလ်တွေ အဖွဲ့အစည်းတွေရဲ့ အဆိုး အကောင်း ကို စစ်ဆေးမှတ်ကျောက်တင်သွားမယ်ဆိုတာကလည်း အသေအချာပါ။

ဒါဟာ လူပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်းတွေကို စစ်ဆေးမှတ်ကျောက်တင်မယ့် ဒီမိုကရေစီသမိုင်းရဲ့ ကြေးမုံပြင်များကို ဥပမာအဖြစ် ဖော်ပြလိုက်ခြင်းမျှသာ ဖြစ်ပါတယ်။ ဒီသမိုင်းကြေးမုံပြင်များထဲမှာ မြစ်ဆုံစီမံကိန်းနဲ့ အမိရောဝတီရဲ့ ကံကြမ္မာအရေးအခင်း၊ အလုပ်သမားလူတန်းစားရဲ့ အခွင့်အရေးတောင်းဆိုတဲ့အရေးအခင်းများ၊ လယ်သမားလူတန်းစားရဲ့ မြေယာဆိုင်ရာခံစားရပိုင်ခွင့် အရေးအခင်း များတို့လည်း ပါဝင်ကြပါတယ်။ သည်လူတန်းစားတို့ရဲ့မှန်ကန်တဲ့တောင်းဆိုချက်များအပေါ် ဘယ်လူပုဂ္ဂိုလ် ဘယ်အဖွဲ့အစည်းတွေက ဘယ်လို သဘောထားတယ်ဆိုတာ သမိုင်းကြေးမုံပြင်မှာ အမှန်အတိုင်း ထင်ဟပ်ပေါ်လွင်နေမှာပါ။ သည့်နောက် သမိုင်းကပဲ သည်လူ ပုဂ္ဂိုလ်တွေအပေါ် စီရင်ချက်ချသွားမှာပါ။ ၂၀၀၈ အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအပေါ် ဘယ်လိုသဘောထားပြီး ဘယ်လို ရပ်တည်ခဲ့သလဲဆိုတဲ့အချက်ကတော့ ဗမာပြည်ဒီမိုကရေစီ သမိုင်းကြေးမုံပြင်မှာ အရေးအပါဆုံး စမ်းသပ်စစ်ဆေး မှတ်ကျောက်တင်မှု ဖြစ်နေပါလိမ့်မယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အဓိက ဟန့်တားပိတ်ပင်ထားတာ၊ တိုင်းပြည်ကို ဒုက္ခန္ဓံထဲ ဆွဲနှစ်ပြီး ကျရှုံးနိုင် ငံဖြစ်သွား စေမှာ ဒီ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပဲ ဖြစ်ပါတယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ပြတ်ပြတ်သား ဆန့်ကျင်တိုက်ခိုက်သလား၊ ဒီဖွဲ့စည်းပုံအောက် ခေါင်းလျှိုဝပ်တွား ပြားပြားမှောက်သလားဆိုတဲ့အချက်နဲ့ လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေကို သမိုင်းက စမ်းသပ်စစ်ဆေး စီရင်ချက်ချသွားပါလိမ့်မယ်။ ဒေါ်အောင်ဆန်းစုကြည်ပြောတဲ့ ဒီအချက်ဟာ မှန်ကန်မှုရှိပါတယ်။ သမိုင်းကနေ သူအပါအဝင် ဘယ်သူမှ ပြေးမလွတ်ပါဘူး။



## ဗိုလ်ချုပ်အောင်ဆန်းသနားစရာ

ရဲဘော်ဖိုးသံချောင်း

သင်္ကြန်ရေပက်ခံအသင်းကြီးတခုက သံချပ်ထိုးရာမှာ "ဗိုလ်ချုပ်အောင်ဆန်းသနားစရာ၊ သူ့ခမျာ မဲပုံးတံဆိပ်"လို့ထိုးတာကို မှတ်မိနေပါတယ်။ အဲဒီတုန်းက ဖဆပလတွေက ရွေးကောက်ပွဲရောက်ပတဲ့ဆိုရင် သူတို့ရဲ့ အမတ်လောင်းတွေရဲ့ မဲပုံးတွေပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံကို ကပ်ပြီး လူထုကိုမဲထည့်ခိုင်းပါတယ်။ ဒါကိုကြည့်မရတဲ့လူတွေက သင်္ကြန်ကျတော့ သရော်တာ ဖြစ်ပါတယ်။

ဖဆပလအစိုးရနဲ့ ဖဆပလအဖွဲ့ခေါင်းဆောင်တွေဟာ ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရပြီးတဲ့နောက်ကစပြီး ဗိုလ်ချုပ်အောင်ဆန်းနာမည် ကို အသုံးပြုပြီး သူတို့ထင်ရာစိုင်းခဲ့ကြပါတယ်။ ဒါပေမဲ့ ဗိုလ်နေဝင်းက ၁၉၆၂ ခုနှစ်မှာအာဏာသိမ်းပြီးတဲ့ နောက်မှာတော့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ဓာတ်ပုံ/ရုပ်ပုံတွေ ဌာနဆိုင်ရာရုံးခန်းတွေထဲကနေ ဖြုတ်ချကုန်ကြပါတယ်။ စစ်အုပ်စုရဲ့ဗိုလ်ချုပ်အောင်ဆန်းအပေါ် အာဃာတတွေကို ချွန်းဖွင့်လှတ်တဲ့ကာလလို့ဆိုရပါမယ်။ နောက်ပိုင်းမှာ ငွေစက္ကူပေါ်က ဗိုလ်ချုပ်ပုံတွေတောင် ဖယ်ပစ်တာလုပ်ပါတယ်။ ရှစ်လေးလုံးအရေးအခင်းကြီးမတိုင်မီ ၁၁ လလောက်အလိုမှာ ငွေစက္ကူတွေ တရားမဝင်ကြောင်း ကြေညာပြီး အဲဒီကတည်းက ငွေစက္ကူပေါ်က ဗိုလ်ချုပ်အောင်ဆန်းပုံတွေကို ဖယ်ရှားပစ်ဖို့ကြံစည်ဆောင်ရွက်လာခဲ့ကြတာပါ။ ၁၉၉၆ ခုနှစ်က အစပြုပြီး ပြည်ခိုင်ဖြိုးပါတီရဲ့ အမှတ်အသားဖြစ်တဲ့ ခြင်္သေ့ပုံပါတဲ့ ငွေစက္ကူတွေနဲ့လုံးဝအစားထိုးပစ်လိုက်ကြပါတယ်။

ရှစ်လေးလုံးအရေးအခင်းကြီးပေါ်လာပြီး လူထုကြီးက ဒေါ်အောင်ဆန်းစုကြည်အပေါ် ယုံကြည်ကိုးစားမှုတွေ ပုံထားလိုက်တဲ့ အခါမှာတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ပုံရိပ်ကို အကြီးအကျယ်အထောက်အကူပေးတဲ့ သူ့ဖခင်ရဲ့ပုံရိပ်ကို သေးသိမ်၊ မှေးမှိန်အောင် အမျိုးမျိုးလုပ်ခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုတွ၊ တံတားနာမည်ပေးတာတွေ စသဖြင့် သူ့ပုံရိပ်ကိုအသုံးပြုတာတွေ အကျယ်အပြန့်ပေါ်ထွက်လာတာ အံ့သြစရာတွေ့နေရပါတယ်။ တဆက်တည်းမှာ ဒီလုပ်ရပ်တွေအတွက် ဒေသခံတွေရဲ့ ဆန့်ကျင်ကန့်ကွက်မှုတွေပေါ်လာတာလည်း မထင်မမှတ်ဘဲ တွေ့ကြရပါတယ်။ အထင်ရှားဆုံးနဲ့မီဒီယာတွေအပေါ်မှာနေရာ အယူဆုံးကတော့ မြစ်ကြီးနားက ဗိုလ်ချုပ်ရုပ်တုနဲ့ မွန်ပြည်နယ်မော်လမြိုင်က ဗိုလ်ချုပ်အောင်ဆန်းတံတားဆိုတဲ့ ကိစ္စတွေ ဖြစ်ပါတယ်။

ဒီနေရာမှာ ဗိုလ်ချုပ်အောင်ဆန်းတံတားဆိုလို့ စိတ်ဝင်စားစရာ တံတားနာမည်ပေးမှုတခုအကြောင်းရေးချင်ပါတယ်။ အဲဒါက မြစ်ကြီးနားအနားက ဧရာဝတီ မြစ်ကိုဖြတ်ကူးတဲ့ ဗလမင်းထင်တံတားဆိုတာပါ။ ၁၉၉၀ စုနှစ်များအစောပိုင်းတုန်းက တရုတ်တွေက မြစ်ကြီးနားကနေ တရုတ်နယ်စပ်အထိ ကားလမ်းကြီးတလမ်း ဖောက်ပေးပါတယ်။ တောင်ဖြို၊ လမ်းဖောက်တာကအစ တံတားဆောက်၊ တောင်ကမ်းပါးယံကာတဲ့ တံတိုင်းဆောက်တာအထိ သူတို့ကပဲ ငွေထုတ်၊ လူစိုက်ပြီး ဖောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ဒီလိုနဲ့ဒီတံတားကို နာမည်ပေးဖို့ဆိုတော့ စစ်ဗိုလ်တွေက ဗလမင်းထင်တံတားလို့ နာမည်ပေးလိုက်ပါတယ်။ ဗမာပြည်သမိုင်းကိုနားမလည်ကြတဲ့ တရုတ်တွေကတော့ နာမည်ဟာ ခံ့ညားတယ်လို့တောင် သူတို့စိတ်ထဲမှာ အောက်မေ့ကြပါတယ်။ ဗလမင်းထင်စစ်သူကြီးဟာ ဆင်ဖြူ့ရှင်မင်းလက်ထက်တုန်းက တရုတ်စစ်တပ်တွေကိုအနိုင်တိုက်ခဲ့လို့ နာမည်ကျော်ခဲ့တဲ့ဗမာစစ်သူကြီးဆိုတာကို သူတို့သိရင် တရုတ်တွေ ဘယ်လိုခံစားရပ့ါမလဲ၊ တွေးကြည့်ချင်စရာပါ။ နောက်ပြီး ဒါဟာ ထိုင်းနယ်စပ်မှာ ဘုရင့်နောင်ရုပ်တုဆောက်တာ၊ ဝိတိုရိယအငူကို ဘုရင့်နောင်အငူလို့ နာမည်ပြောင်းတာတွေနဲ့ တဆက်တည်းဖြစ်တယ်ဆိုတာလည်း သတိပြုသင့်ပါတယ်။ ဗိုလ်သန်းရွှေ၊ ဗိုလ်ခင်ညွန့်တို့ လက်ထက်ပေါ့။

ဆိုလိုတာ တံတားနာမည်ပေးတယ်ဆိုတာတွေမှာ နောက်ခံနိုင်ငံရေးရည်ရွယ်ချက်တွေ ပါတတ်တယ်၊ ဒီလိုလုပ်တာဟာ စစ်အုပ်စုနဲ့ထောက်လှမ်းရေးရဲ့အကျင့်ပဲဆိုတာဖြစ်ပါတယ်။ အထက်မှာရေးခဲ့သလိုပဲ စစ်အုပ်စုဝင်တွေဟာ ဒေါ် အောင်ဆန်းစုကြည်က သူတို့ရဲ့အဓိကဦးတည်ရန်သူဖြစ်တဲ့အချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းကိုချောင်ထိုးထားခဲ့ပြီး အခု သူတို့ရဲ့အဓိကဦးတည် ရန်သူပြောင်းသွားတဲ့ အခါမှာ ဗိုလ်ချုပ်အောင်ဆန်း ပုံရိပ်ကိုထုတ်ပြီး အသုံးချလာပါတယ်။ တချက်ခုတ် ဆယ်ချက်ပြတ်ပါ။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ရုပ်တု၊ တံတားစတာတွေကြောင့် ပြဿနာပေါ်တယ်ဆိုတာတွေဟာ တိုင်းရင်းသားလူမျိုးစုတွေ အများစုနေထိုင်ရာ အရပ်ဒေသတွေမှာချည်းပဲ ဖြစ်တယ်ဆိုတာကို သတိထားမိကြပါလိမ့်မယ်။ ဒီနေ့ စစ်တပ်/စစ်အုပ်စုရဲ့ အဓိကဦးတည်ရန်သူဟာ တိုင်းရင်းသားလူမျိုးစုတွေဖြစ်တော့ ဒီဟာတွေလုပ်ခြင်းအားဖြင့် တိုင်းရင်းသားတွေနဲ့ ဒေါ်အောင်ဆန်းစုကြည်အကြား သပ်လျှိုပြီးသားဖြစ်သွားပါတယ်။ တိုင်းရင်းသားတွေရဲ့ခေါင်းထဲမှာ ဗိုလ်ချုပ်အောင်ဆန်းအပေါ်ရော ဗမာတွေအပေါ်မှာပါ အမျိုးမျိုးပေါက်ကွဲတာတွေဖြစ်လာပါတယ်။ ဒါကို ဗမာတွေကလည်း သတိထားမိ၊ မကျေမနပ်ဖြစ်မိကြပါတယ်။ ဒါကလည်း သပ်တချောင်းပဲမဟုတ်ပါလား။ နောက်ပြီး ဒါတွေဟာ ဒေါ်အောင်ဆန်းစုကြည်လုပ်နေတဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှု ဆိုတာတွေကို မထိခိုက်ဘူးလား။ လာတော့မယ့် ကြားဖြတ်ရွေးကောက်ပွဲ(အများစုက တိုင်းရင်းသားဒေသတွေမှာ) အပေါ်မှာရော သက်ရောက်မှုမရှိပေဘူးလား။ တိုင်းရင်းသားတွေ မကျေမနပ်၊ မငြိမ်မသက်ဖြစ်ရင် စစ်တပ်ရဲ့အခန်းအရေးပါလာပြီ မဟုတ်ပါလား။ ဆယ်ချက်မကပြတ်ပါတယ်။



## ကွယ်လွန်သူ ရဲဘော်မောင်မောင်အတွက် အမှတ်တရ တမ်းချင်းစာလွှာ

( ရခိုင်တော်လှန်ရေးရဲဘော်တဦးမှ အရေးတော်ပုံဂျာနယ်စာတည်းအဖွဲ့သို့ ပေးပို့လာသည့်စာလွှာ)

ငယ်နာမည် အောင်သာကျော်၊ တော်လှန်ရေးနာမည် ရဲဘော်အေးထွန်း၊ နောက်ဆုံးနာမည် ဦးမောင်မောင် (ရဲဘော် မောင်မောင်) သည် ၂၀၁၇ မတ်လ (၂၂) ရက်၊ အသက်(၈၃) နှစ်အရွယ်တွင် ကွယ်လွန်သွားကြောင်း ကြားသိရ၍ ရခိုင်မှာ အတူလုပ်ခဲ့ရသူ ရဲဘော်ရဲဘက်တယောက်အနေနဲ့ အထူးဝမ်းနည်းနမြောတသမိပါသည်။

သူ့ကို ရာသက်ပန်တော်လှန်ရေးသမားတယောက်အဖြစ် ကျွန်မခံယူပါသည်။ သူသည်တော်လှန်ရေးကို စတင်ဝင်ရောက်လာကတည်းက နောက်ဆုံးထွက်သက်အထိ ပြည်သူဘက်က ရပ်တည်သွားသူပါ။ တော်လှန်ရေးကိုလည်း မရ-ရတဲ့နေရာက လုပ်သွားသူပါ။ တော်လှန်ရေးမှာ ပါတီ ရဲ့ အတက်အကျကို စိတ်ဓာတ်ကြံ့ခိုင်စွာ ရပ်တည်ခဲ့သူပါ။ ဒါကြောင့် သူ့ဘဝရဲ့တသက်တာကို တော်လှန်သောတသက်တာလို့ ခံယူပါတယ်။ သူဟာ တော်လှန်ရေးမှာ အနှောင့်အယှက် ဖြစ်မှာစိုး၍ အိမ်ထောင်ပင် မပြုခဲ့သူပါ။ ဒါကြောင့် သူလိုလူတယောက် ဆုံးရှုံးရတာဟာ အလွန်ပဲ ဆုံးရှုံးနစ်နာပါတယ်လို့ ခံယူပါတယ်။ တချိန်တည်းမှာ သူနဲ့ (၁၀) နှစ်လောက် လက်ပွန်းတတီး လုပ်ခဲ့သူတယောက်အနေနဲ့ သူ့အတွက် ဂုဏ်ယူမိပါတယ်။ ဝမ်းလည်း ဝမ်းနည်းပါတယ်။ ကျွန်မတို့အခေါ် ရဲဘော်အေးထွန်းကို အလေးနီပြုလိုက်ပါတယ်။

ရဲဘော်အေးထွန်း ကောင်းရာသုဂတိလားပါစေ။

**ရဲဘော်(မ)ဦးစိန်**

(ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် ရဲဘော်ကျော်မြ (ကွယ်လွန်) ၏ဇနီး)

၂၀၁၇ မတ်လ (၂၆)ရက်။

**လွမ်းလေသမျှ**

ကျွန်မ ဆက်၍ရေးချင်သော ဖေဖေအကြောင်းများ။ ဆောင်းပါးအမှတ်(၄၂)။

လှကျော်ဇော



၁၉၉၀ခုနှစ်ရွေးကောက်ပွဲများအပြီးမှာ ခရမ်းက ဒီချုပ်အမတ်ဦးတင်မောင်ဝင်းအကြောင်း စတင်ကြားသိလာရပါတယ်။ သူတို့ ညီအစ်ကိုတွေရဲ့ဒဏ္ဍာရီပုံပြင်ဆန်တဲ့အကြောင်းအရာတွေပါ။ နောက်ဆက်တိုက်ဆိုသလိုပင် အဖမ်းခံရပုံများ၊ ထောင်ထဲမှာပဲ ကျဆုံး ကွယ်လွန်သွားပုံများကို မပြတ်ကြားလိုက် ရပါတော့တယ်။ ဦးတင်မောင်ဝင်းအကြောင်း စကြားရကတည်းက ဖေဖေက-အဲဒါ ဖေဖေနဲ့ ဦးထွန်းတင်တို့ကယ်ထုတ်လာတဲ့- ကျောင်းသားခေါင်းဆောင်လေးလားမသိဘူး။-လို့ဆိုပါတယ်။ သိပ်မသေချာပါဘူး။ ဒါ့ကြောင့်ပဲ- ဖေဖေက သူ့စာအုပ်မှာ-ကျွန်တော်နှင့်ပါလာသောကျောင်းသားခေါင်းဆောင်မှာ ကျွန်တော့်အိမ်တွင် နှစ်ရက်ခန့်နေပြီးမှ အဆက်အသွယ်ရရာ လူအချို့လာရောက်ခေါ်ယူသွားပါသည်။ နောင်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ခရမ်းအမတ်ဦးတင်မောင်ဝင်းဖြစ်လာသူမှာ ထိုသူပင်ဖြစ်ဟန် ရှိပါသည်။ (ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော--ဆိုင်းစုမှသည် မန်ဟိုင်းဆီ သို့။(ဖြိုးမောက်သာစာပေ)-နာ-၂၅၆)။ လို့ ရေးထား တာပါ။

၂၀၁၄ ခုနှစ်က ထုတ်ဝေခဲ့တဲ့- (ဒေါ်)ခင်လှိုင်ကြူရဲ့ "လွမ်းလေသမျှ" စာအုပ်ဖတ်ရတော့မှပဲ (ကျွန်မက တလောကမှရတာပါ။) ဖေဖေတို့ ၁၉၆၃ခုနှစ်က တက္ကသိုလ်ဝင်းထဲက ကယ်ထုတ်လာသူဟာ ဦးတင်မောင်ဝင်းပဲဖြစ်တယ်-ဆိုတာ သေချာသွားပါတော့တယ်။ သူ ဘယ်လိုလွတ်မြောက်လာခဲ့တယ်-ဆိုတဲ့အသေးစိတ်အဖြစ်အပျက်ကိုတော့ သူက ပြန်ပြောပြထားပုံမရပါဘူး။ ဒါ့ကြောင့် ကျွန်မမှတ်မိသလောက် ထပ်ရေးလိုက်ပါတယ်။ ဖေဖေက သူ့စာအုပ်ထဲမှာလည်း ရေးတန်သလောက်တော့ ရေးထားပါတယ်။ ဒါတွေဟာ သမိုင်းဝင်ဖြစ်ရပ်များဖြစ်တဲ့အတွက် သေချာတိကျစွာ မှတ်တမ်းတင်ထားဖို့လည်း လိုအပ်ပါတယ်။ ရက်စွဲများ အနည်းငယ်ကွဲလွဲမှုတွေရှိနေတာကိုလည်း(တွေ့ရှိသူများက) ပြင်ဆင်ပြုပြင်ပေးသင့်တယ်ထင်ပါတယ်။ အထူးသဖြင့် နိုင်ငံရေးနောက်ခံအဖြစ်အပျက်များကို ရှင်းရှင်းလင်းလင်း မြင်ဖို့ဖြစ်ပါတယ်။

အဖြစ်အပျက်အစကတော့---၁၉၆၃ခုနှစ်-ဇူလိုင်(၇)ရက်နေ့က စတင်ပါတယ်။ ၇-၇-၆၂-တနှစ်ပြည့် အခမ်းအနားကို ဒိုင်းနမိုက်ဖေါက်ခွဲပြီး ဖြိုချခံလိုက်ရတဲ့ တက္ကသိုလ်သမဂ္ဂအဆောက်အဦနေရာမှာ ကျင်းပခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ကျောင်းသားလှုပ်ရှားမှုတွေ ပြန်လည်နိုးထလာပါတယ်။ ကျောင်းသားများက အဓိပတိလမ်းမတံခါးပေါက်ကိုပိတ်ထားပြီး ကျောင်းဝင်းအတွင်းမှာတော့ ၇ ရက်ဇူလိုင်အမှတ်တရ လက်ကမ်းစာစောင်-စာတမ်းများ၊စစ်အစိုးရဆန့်ကျင်ရေးပိုစတာများ၊ ဟောပြောပွဲများနဲ့ စည်ကားနေပါတယ်။အဲဒီကာလက ဗိုလ်နေဝင်းရဲ့တော်လှန်ရေးကောင်စီ အုပ်ချုပ်နေတဲ့ကာလပါ။ ၁၉၆၂ခုနှစ်-ဇူလိုင်(၇) ရက်နေ့မှာ-စစ်အာဏာသိမ်းမှုကို ပြတ်ပြတ်သားသား ဆန့်ကျင်ဆန္ဒပြနေတဲ့ ကျောင်းသားများကို ပစ်ခတ်သတ်ဖြတ်ပြီး နောက်နေ့(၈-၇-၁၉၆၂)နေ့မှာ ကျောင်းသားသမဂ္ဂ အဆောက်အဦကြီးကို ဖေါက်ခွဲဖျက်ဆီးခဲ့ပါတယ်။ အဲဒီနေ့ကိုအထိမ်းအမှတ်ပြုပြီး ယာယီငြိမ်သက်သွားတဲ့ ကျောင်းသားလှုပ်ရှားမှုကိုပြန်ဖော်ဖို့ ကြိုးစားလာတဲ့ဖြစ်စဉ်တရပ်ပါ။

ကျောင်းသားများကို ရာချီသတ်ဖြတ်လိုက်လို့ ပြည်တွင်းမှာရော နိုင်ငံတကာမှာပါ ပုံရိပ်ဆိုးဝါးသွားတဲ့ အာဏာသိမ်းတော်လှန်ရေးကောင်စီဟာ ပြည်သူလူထုကြီးတရပ်လုံးရဲ့ သည်းခြေကြိုက် ငြိမ်းချမ်းရေးကြွေးကြော်သံကို ကောက်ကိုင်ပြီး ၁၉၆၃ ခုနှစ် ဇွန်လ (၁၁)ရက်မှာ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများကို ဆွေးနွေးဖို့ ကမ်းလှမ်းချက် ထုတ်ပြန်လိုက်ပါတယ်။ ဒီမှာတင် တောတွင်း



# ကိုဘိုးထင်နှင့် တင်မောင်ဝင်း ထိန်းသိမ်းလိုက်၏

ရန်ကုန် တက္ကသိုလ် ကျောင်းသား များ ဆူပူ လှုပ် ရှား ရာ တွင် ပါဝင်ကြ သော ရ-က-သ ကိုဘိုးထင်နှင့်ကျောင်း သားညီညွတ်ရေး တပ်ဦး ဥက္ကဋ္ဌ ကိုတင် မောင်ဝင်းတို့အား ဒီဇင်ဘာလ ၁ရက် နေ့က ဆိုင်ရာမှ ထိန်းသိမ်းလိုက်၏။

အဖွဲ့အစည်းများ တသုတ်ပြီးတသုတ် ရန်ကုန်ကိုရောက်လာကြပြီး တော်လှန်ရေးကောင်စီနဲ့ ဆွေးနွေးပွဲများပေါ်ထွက်လာပါတယ်။ တချိန်တည်းမှာပဲ တပြည်လုံးမှာ ငြိမ်းချမ်းရေးလူထုလှုပ်ရှားမှုကြီး ပေါ်ပေါက်လာပါတယ်။ နိုင်ငံရေးအင်အားစုအားလုံးနီးပါး ပါဝင်ပူးပေါင်းဆောင်ရွက်ကြလို့ အတော်ညီညွတ်ပြီး အင်အားလည်းကြီးလာပါတယ်။ တော်လှန်ရေးကောင်စီက ငြိမ်းချမ်းရေးအတွက် ဆွေးနွေးဖို့ ဖိတ်ခေါ်တဲ့ရည်ရွယ်ချက်ကိုက သူတို့ရဲ့စစ်ဘီလူးပုံရိပ်ကို လျှော့ချဖို့သာဖြစ်လို့တကြောင်း၊ တောတွင်းအဖွဲ့အစည်းများနဲ့ စကားပြောနေစဉ်အတွင်း ပြည်သူတွေကို တစုံတရာလွတ်လပ်ခွင့်ပေးထားရလို့ နိုင်ငံရေးအဖွဲ့အစည်းအသီးသီးက-(စစ်အာဏာရှင်စနစ်ရဲ့ အန္တရာယ်ကိုမြင်လာလို့) ပြည်သူတွေကိုစည်းရုံးနိုင်ပြီး ပြည်တွင်းငြိမ်းချမ်းရေး တောင်းဆိုတဲ့ လှုပ်ရှားမှုကြီး ကြီးမားကျယ်ပြန့်လာလို့တကြောင်း၊ စေ့စပ်ဆွေးနွေးပွဲတွေကို ယောင်ပြ လအချို့သာ လုပ်ဆောင်ခဲ့ပြီး ၁၉၆၃ခုနှစ်-နိုဝင်ဘာ(၁၄)ရက်မှာ တော်လှန်ရေးကောင်စီက တဖက်သတ် ရပ်ဆိုင်းပစ်လိုက်ပါတယ်။

ဒီနောက်မှာတော စစ်တပ်ရဲ့စစ်ဘီလူးရုပ်ပြန်ပေါ်လာပါတော့တယ်။ တောတွင်းပြန်ဝင်သွားတဲ့သူများနောက် စစ်တပ်က တရကြမ်း လိုက်တိုက်ခိုက်သတ်ဖြတ်သလို မြို့ပေါ်က တက်ကြွလှုပ်ရှားတဲ့ နိုင်ငံရေးသမားအများအပြားကိုလည်း ပိုက်စိပ်တိုက်ရှာဖွေဖမ်းဆီးခဲ့ပါတယ်။

ဒီမှာတင် ၇ ရက် ဇူလိုင် ၁နှစ်ပြည့် အခမ်းအနားကစပြီး တက္ကသိုလ်ပရဝုဏ်အတွင်း ပြန်လည်လှုပ်ရှားလာနေတဲ့ ကျောင်းသားလှုပ်ရှားမှုများကို စတင်နှိမ်နင်းဖို့ လုပ်ဆောင်လာပါတော့တယ်။ ကျောင်းသားတွေပိတ်ထားတဲ့တံခါးကြီးကို ဖွင့်ပေးဖို့ ရာဇသံပေးလာပါတယ်။ ကျောင်းသားထုဘက်ကလည်း နဲနဲမှလျှော့မပေးနိုင် ဖြစ်နေပါတယ်။ကျောင်းသားခေါင်းဆောင်အများစုကတော့ အကန့်အသတ်နဲ့ နောက်ဆုတ်သင့်တယ်-လို့မြင်ကြပေမယ့် ကျောင်းသားထုကို နားဝင်အောင်မလုပ်နိုင်တော့။ စစ်တပ်ဘက်ကလည်း အကြမ်းဖက်ဖြေရှင်းဖို့ ပြင်ဆင်ထားပြီးသား။ ဒီတော့ ကျောင်းသားခေါင်းဆောင်တချို့ ကျွန်မတို့အိမ် ရောက်လာပါတယ်။ ၁၉၆၃ ခုနှစ်- နိုဝင်ဘာ(၂၈) ရက်- ည-၉ နာရီလောက်မှာ ကျောင်းသားခေါင်းဆောင်၃ - ယောက် ကျွန်မတို့ရဲ့ စမ်းချောင်း ဆီဆုံလမ်း အိမ်အမှတ်(၃၆)ကို ရောက်လာပါတယ်။ တက္ကသိုလ်မှာ နိုင်ငံရေးဟောပြောပွဲများလုပ်နိုင်တုန်းက ဖေဖေကို တကာသကျောင်းသားအဖွဲ့အစည်းက မကြာခဏ ဖိတ်ဖူးပါတယ်။ ၁၉၆၀- ရွေးကောက်ပွဲဝင်တုန်းကလည်း လာကူညီဖူးသူတွေ ရှိပါတယ်။ အဲဒီကာလတွေကတည်းက ဖေဖေနဲ့ရင်းနှီးသူများရှိပါတယ်။ အဲဒီအဆက်နဲ့ သူတို့ရောက်လာတာပါ။ သူတို့က ဖေဖေကို အခြေအနေတွေပြောပြပြီး ဆရာကြီးမှိုင်းအမည်နဲ့-ကြားဝင်စေ့စပ်ပေးဖို့ တောင်းဆိုပါတယ်။ စစ်တပ်က တံခါးကြီးကို ည(၁၂)နာရီနောက်ဆုံးထား ဖွင့်ပေးဖို့ ရာဇသံပေးထားပြီးသားပါ။ ဖေဖေ က ကျောင်းသားခေါင်းဆောင်များရဲ့တောင်းဆိုချက်ကို လက်ခံလိုက်ပြီး သူတို့ကိုလည်း အမြန်ဆုံးရှောင်ခိုင်းလိုက်ပါတယ်။ ကျောင်းကို ပြန်မသွားနဲ့တော့--တို့ပဲ သွားလိုက်တော့မယ်။---လို့ပြောပါတယ်။ တဆက်တည်း အန်ကယ်ဦးထွန်းတင် (ကျွန်မတို့ရဲ့ ဟိုဘက်လမ်း စမ်းချောင်းလမ်းမှာနေသူ-လွှတ်တော်ရှေ့နေကြီး။ နောက်ပိုင်း ဒီချုပ်ခေါင်းဆောင်- ကွယ်လွန်)ကို ဖုန်းဆက်လှမ်းခေါ်ပြီး ဆွေးနွေးကြပါတယ်။ပြီးမှ ဆရာကြီးရဲ့သဘောထားသွားယူဖို့ ဆရာကြီးအိမ်(ချမ်းသာလမ်း)ကို ထွက်သွားပါတယ်။ ဖေဖေက မထွက်ခင်-အန်ကယ်ဦးထွန်းတင်ကို လမ်းခရီးမှာ ဘယ်လိုသတိထားပြီး ကားမောင်းဖို့ မှာပါတယ်။ ခင်ဗျားကားကိုပဲ ဂရုစိုက်ပြီး ဖြည်းဖြည်းမောင်း။ ဘေးပတ်ဝန်းကျင်ကိုကျွန်တော်ကြည့်မယ်။ ရပ်-ဆိုတဲ့အသံကြားရင် ကားကို ချက်ချင်းရပ်၊ လူကိုကားအောက် လျှောဆင်းလိုက်။ နားစွင့်ထား။

ဘာသံကြားကြား ကားချက်ချင်းရပ်နော်---ပြောပြီး သူတို့(၂)ယောက်သား ထွက်သွားကြပါတယ်။ အဲဒီကာလက နေဝင်းမီးငြိမ်း အမိန့် ထုတ်ထားတဲ့ကာလပါ။ ဒါကြောင့် ဖေဖေက အလွန်သတိရှိနေတာပါ။


ရန်ကုန်တက္ကသိုလ်နယ်မြေတခုလုံး ထိန်းသိမ်းထားပြီ

ညနေ၃နာရီတွင် တက္ကသိုလ်နယ်မြေတခုလုံး၌ ကျောင်းသားများ မရှိတော့ဘဲ အိမ်ပြန်သူ ပြန်၍ ကျောင်းသားကျောင်းသူအချို့ အဖမ်းခံရသည်

မန်းတက္ကသိုလ်

ဖေဖေတို့အိမ်ကထွက်သွားတော့ ည(၁၀)နာရီနီးပါးဖြစ်နေပါပြီ။ ဖေဖေတို့ ထွက်သွားပြီးကတည်းက မေမေနဲ့ကျွန်မ အိမ်တံခါး တွေပိတ်-မီးတွေအကုန်ပိတ်ပြီး မှောင်ထဲထိုင်ပြီး ဖေဖေတို့အပြန်ကို စောင့်နေမိပါတယ်။ မေမေကတော့ ဒါမျိုး ရိုးနေဟန်တူပါတယ်။ ခပ်အေးအေးပါပဲ။ ကျွန်မကသာ ကားသံကြားသလိုလို ကားမီးရောင်မြင်သလိုလိုဖြစ်လိုက်- ထလိုက်ထိုင်လိုက်-နဲ့ ငြိမ်ငြိမ်ကို ထိုင်မနေ နိုင်ခဲ့ပါဘူး။ မေမေက ကျွန်မကိုကြည့်ပြီး--"အခုတော့-မေမေ့ကို ကိုယ်ချင်းစာနိုင်ပြီမဟုတ်လား။"တဲ့။ မနက်မိုးစင်စင်လင်းမှ ဖေဖေ တို့ပြန်ရောက်လာပါတယ်။ဖေဖေနဲ့အတူ လူတယောက်ပါလာပါတယ်။

ဖေဖေတို့(၂)ယောက်ကို ချပေးခဲ့ပြီးနောက် အန်ကယ်ဦးထွန်းတင်က ကားပေါ်ကမဆင်းဘဲ ပြန်ထွက်သွားပါတယ်။ ဖေဖေက သူနဲ့ပါလာတဲ့သူကို အိမ်အပေါ်ထပ် ထပ်ခိုးလေးပေါ်ခေါ်သွားပါတယ်။နောက်မှအကျိုးအကြောင်းပြောပြပါတယ်။ (အဲဒီအကြောင်းအရာ တွေကို ဖေဖေကသူစာအုပ်ထဲမှာ အပြည့်အစုံတော့ ရေးထားပါတယ်။ဒါပေမဲ့ အဲဒီစာအုပ်ကိုအလှမ်းမမီသူများအတွက် အကျဉ်းရုံး ရေးပါဦးမယ်။)

ဖေဖေနဲ့ အန်ကယ်ဦးထွန်းတင်တို့(၂)ယောက်- ဆရာကြီးမှိုင်းအိမ်ဝင် အခြေအနေတွေပြောပြပြီး တက္ကသိုလ်ဘက် ပြည်လမ်း မကြီးအတိုင်း ထွက်လာရာမှာ- မြန်မာ့အသံ-ရှေ့ရောက်တော့- စစ်တပ်က ဘယ်ကားမှ ဆက်သွားခွင့်မပြုတော့ပါဘူး။ ဖေဖေက အဲဒီက စစ်ဗိုလ်လေး(ဗိုလ်ကြီးအဆင့်)ကို သူ ဘယ်သူဘယ်ဝါဖြစ်ကြောင်း -ကျောင်းသားတွေဆီသွားပြီး ဖျောင်းဖျဖို့ ဆရာကြီးက လွှတ်လိုက် ကြောင်း-ပြောပြတော့- အဲဒီစစ်ဗိုလ်လေးက- အသံလွှင့်ရုံထဲပြေးဝင်သွားပြီး အထဲမှာရှိတဲ့ တော်လှန်ရေးကောင်စီဝင်တွေနဲ့ သွားတွေ့ခွင့် တောင်းပြီး- ဖေဖေတို့ကို သွားခွင့်ပြုလိုက်ပါတယ်။ ဖေဖေတို့ ကျောင်းတံခါးပေါက်ကြီးဆီရောက်တော့ ကျောင်းသားတွေက ဖေဖေတို့ ကားဆီ ဝိုင်းအုံလာပါတယ်။ (နံမည်ကြီးကျောင်းသားခေါင်းဆောင်အတော်များများ ရှောင်တိမ်းသွားပြီဖြစ်လို့ အဲဒီကျန် ကျောင်းသားအုပ် ကိုပဲ ဖေဖေက-ဆရာကြီးမှိုင်းက တံခါးများဖွင့်ပေးလိုက်ဖို့ မေတ္တာရပ်ခံကြောင်း ပြောပြပါတယ်။ ကျောင်းသားတွေက အချက်(၂)ချက် တောင်းဆိုပါတယ်။ (၁) ကျောင်းဝင်းထဲ စစ်သားတွေဝင်မလာဖို့နဲ့ (၂) သူတို့ကျောင်းသားများကိုမဖမ်းဆီးဖို့ ။--တဲ့။ ဖေဖေတို့ က- မြန်မာ့အသံ-ကို တခေါက်ပြန်ပြီး ကျောင်းသားတွေရဲ့တောင်းဆိုချက်တွေကို ပြောပြပါတယ်။ သူတို့က အဲဒါတွေကို လက်ခံလိုက်လို့ ဖေဖေတို့က ကျောင်းပြန်ပြီး တံခါးတွေကို ဖွင့်ခိုင်းလိုက်ပါတော့တယ်။ ဖေဖေတို့အပြန်မှာတော့- ကျောင်းသားတွေက သူတို့ခေါင်းဆောင် တယောက်ကို ထုတ်သွားပေးပါ။-ဆိုပြီး ကိုတင်မောင်ဝင်းကို ကားပေါ်တင်ပေးလိုက်ပါတယ်။ (ကိုတင်မောင်ဝင်းရဲ့ ချစ်သူဆီပေးစာမှာ ရေးထားတဲ့အချိန်က--၂၉.၁၁.3.30a.m -တဲ့။ ခုနှစ်ရေးမထားပေမယ့် -၁၉၆၃ပါ။ ခင်လှိုင်ကြူရဲ့လွမ်းလေသမျှ-မှာ- ၁၉၆၄ လို့ ရေးထား ပါတယ်။ နာ(၆၀-၆၄)။ ပူးတွဲဖေါ်ပြထားတဲ့-ကိုတင်မောင်ဝင်းအဖမ်းခံလိုက်ရတဲ့သတင်း ဖော်ပြထားတဲ့- ၁၉၆၃ က သတင်းစာ ဖြတ်ပိုင်း ပောင်းများကိုကြည့်ပါ။)

ဖေဖေတို့က သူ့ကို ကားနောက်ခန်းထဲ ပှက်ခေါ်လာပါတယ်။ ဖေဖေတို့ -မြေနီကုန်းရောက်တော့ လူတယောက်က ကားကို

တားပြီး ကျွန်မတို့လမ်းထိပ်တွေမှာ စစ်ကားတွေ အဆင်သင့်စောင့်နေကြောင်း၊ ဆီးဖမ်းမှာဖြစ်ကြောင်း၊ပြောလို့ ဖေဖေတို့က အိမ်တန်း မပြန်တော့ဘဲ ဆရာကြီးမှိုင်းအိမ် သွားလိုက်ပြီး စစ်ကားတွေပြန်ရုပ်သွားပြီးဆိုတဲ့သတင်းရမှ (မိုးလင်းမှ) အိမ်ပြန်လာကြတာပါ။

ဖေဖေတို့ကားထဲ ကျောင်းသားခေါင်းဆောင်တွေ ပါသွားတယ်-ဆိုတဲ့သတင်း ရထားလို့ စောင့်နေတာ-တဲ့။ မဖမ်းပါဘူးလို့ ကတိပေးထားလို့ မှောင်ရိပ်ခိုဖမ်းဖို့ လုပ်တာ။ ကိုတင်မောင်ဝင်း ကျွန်မတို့အိမ်အပေါ်ထပ် ထပ်ခိုးလေးမှာ (၂)ရက်နေသွားပါတယ်။ အဲဒီကမှ သူဖုံးဆက် အကြောင်းကြားခိုင်းတဲ့အိမ်က လာခေါ်သွားပါတယ်။ သိပ်မကြာခင်မှာပဲ သူကိုဖမ်းမိသွားတယ်-ဆိုတဲ့သတင်း ကြားလိုက်ရပါတယ်။ ဒီနောက်တော့ ကျွန်မတို့ လုံးဝအဆက်အသွယ်ပြတ်သွားးပါတယ်။ (မှတ်ချက်။ ဖေဖေက သူ့စာအုပ်မှာ ဆက်ရေးထားတာက--ထိုနောက်မှာတော့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တော်လှန်ရေးကောင်စီက ကမ်းလှမ်းသဖြင့်---- အထက်ပါ စာအုပ်-နှာ-၂၅၆-လို့ပါလာပါတယ်။ ဒီမှာလည်း ကွဲလွဲမှုများရှိပါတယ်။ တကယ်တော့ အဲဒီကာလက(၁၉၆၃-နိုဝင်ဘာ-၂၉ရက်မှာ)ဖြစ်ပြီး ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတောင် နိုဝင်ဘာ(၁၄)မှာပျက်သွားပြီးပါပြီ။ အမှားပြင်ဆင်ချက်ဖြစ်ပါတယ်။) ဒါတွေကတော့ ကိုတင်မောင်ဝင်းရဲ့ ကျန်ရစ်သူမိသားစုများ မသိရှိသေးတဲ့အကြောင်းအရာတွေပါ။ မြန်မာနိုင်ငံ ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်ရှိရေးအတွက် အစဉ်တစိုက် တိုက်ပွဲဝင်ခဲ့သူ ဦးတင်မောင်ဝင်းရဲ့ ကျန်ရစ်သူမိသားစုဝင်များ အနေနဲ့လည်း မိမိတို့ရဲ့စွန့်လွှတ်ရမှုများအပေါ် ဂုဏ်ယူနစ်သိမ့်နိုင်ကြပါစေ။-လို့ ဆန္ဒပြုလိုက်ပါတယ်။ အဲသလို ဖေဖေတို့ရဲ့(ဆရာကြီးမှိုင်းမေတ္တာရပ် ခံချက်နဲ့)ဝင်ရောက်ဖြေရှင်းပေးမှုကြောင့် ကျောင်းသားအရေး သွေးထွက်သံယိုမဖြစ်ဘဲ၊ ပြေလည်သွားပြီးနောက်-ကျွန်မတို့အိမ်မှာ လူစည်ကားလာပါတယ်။ အဲဒီနေ့ညက ဖေဖေက အဓိပတိလမ်းက တံခါးပေါက်ရှေ့မှာ- အန်ကယ်ဦးထွန်းတင်ရဲ့မောရစ်မိုင်နာ ကားလေးပေါ်တက် ကျောင်းသားတွေကို စကားပြောနေတဲ့ပုံ သတင်းစာတွေထဲမှာပါထားတာဖြစ်လို့- သားသမီးတွေကိုပြန်ခေါ်ဖို့ နယ်ကလာကြတဲ့ မိဖများဟာ ကျွန်မတို့အိမ် ဝင်လာကြပြီး ဖေဖေကို ကျေးဇူးတင်စကားဆိုခဲ့ကြပါတယ်။ ပါလာတဲ့သားတွေ-သမီးတွေကိုလည်း ဖေဖေ့ကို ကန်တော့ခိုင်းပါတယ်။ တချို့သူတွေက ဖေဖေ နယ်တွေလှည့်-ငြိမ်းချမ်းရေးတရားဟောစဉ်က(၁၉၆၁-၁၉၆၂) သိရှိခဲ့သူများပါ။

ဖေဖေက နောက်ပိုင်းမှာတော့- သူတို့ အဲသလိုသွားတားတာ မှားတယ်-လို့ဆိုဖူးပါတယ်။ ဖေဖေ နောင်တရလည်း ရစရာပါပဲ။ အခုဒီဆောင်းပါးနဲ့အတူဖော်ပြထားတဲ့ ၁၉၆၃ ခုနှစ်က သတင်းစာဖြတ်ပိုင်းဟောင်းများကို ကြည့်ပါ။ ၁၉၆၃ ခုနှစ် နိုဝင်ဘာ(၂၈-၂၉) ရက်နေ့များက- မြန်မာ့အသံ- မှာရှိနေကြတဲ့ တော်လှန်ရေးကောင်စီဝင်များက ပေးခဲ့တဲ့ကတိများ ဘယ်လောက်တည်သလဲ။-ဆိုတာ ကြည့်ပါ။

နိုဝင်ဘာ-(၃၀)ရက်နေ့ သတင်းစာမှာ- (၂၉)ရက်နေ့ နေ့လည်(၃)နာရီမှာ တကျောင်းလုံးကို ပိုင်းဝန်းပိတ်ဆို့လိုက်ပြီး- ထောက်လှမ်းရေးတွေက ကျောင်းဆောင်တွေထဲဝင်-ဖမ်းချင်တဲ့သူတွေဖမ်း -နယ်တွေအတင်းပြန်ပို့နဲ့ လုပ်ချင်သလိုလုပ်ခဲ့ကြတယ်။ ဒ့ါအပြင်-ဒီဇင်ဘာ(၁)ရက်နေ့မှာ ကျောင်းသားခေါင်းဆောင်-၂-ဦးဖြစ်တဲ့ ကိုဘိုးထင်နဲ့ ကိုတင်မောင်ဝင်းကို ဖမ်းမိကြောင်း ကြေညာထားတာ တွေ့ရပါတယ်။ (မှတ်ချက်။ဒီနေရာမှာလည်း-ကွဲလွဲချက်တခုတွေ့ရပါတယ်။ ခင်လှိုင်ကြူစာအုပ်မှာ ကိုတင်မောင်ဝင်း အဖမ်းခံရတာ-၁၉၆၄-ဇန်နဝါရီလ(၁၄)ရက်(နှာ-၆၇)လို့ရေးထားပါတယ်။)

အဲသလို ခေတ်အဆက်ဆက်ဗိုလ်ချုပ်ကြီးများ(တော်လှန်ရေးကောင်စီ-မဆလ-နဝတ-နအဖ) ကတိမတည်မှုကြောင့် ဗမာတပြည်လုံးက ပြည်သူများ(တိုင်းရင်းသားများအပါ)က ဘယ်ဗိုလ်ချုပ်(အခုကာချုပ်အပါ)စကားမှ မယုံကြည်ကြတာပါ။ ကာချုပ်ကြီး ပြောသလို-တိုင်းရင်းသားခေါင်းဆောင်များရဲ့ အမြင်ကျဉ်းမြောင်းမှုကြောင့်- မဟုတ်ပါဘူး။ ကာချုပ်မင်းအောင်လှိုင်အနေနဲ့ အမြင်ကျယ်ကြောင်း - သဘောထားကြီးကြောင်းပြသချင်ရင်ဖြင့် အပစ်အခတ်ရပ်စဲရေးကို ဗမာ့တပ်မတော်က အရင်ကြေညာပေးလိုက်ရုံပါပဲ။ ဒီလိုဆိုပြန်တော့လည်း ပြည်တွင်းငြိမ်းချမ်းရေးရသွားမှာ စိုးရသေးတယ်လေ။ ဒ့ါကြောင့်-မင်းအောင်လှိုင်ခမျာ-တနေ့တမျိုး-မရိုးရအောင်- ဆင်ခြေ-ဆင်လက်အမျိုးမျိုးတွေကို မျက်နှာပြောင်တိုက်ပေးနေရတာပါ။ ဒီနေရာမှာ-စစ်အာဏာရှင်စနစ်ကို ဆက်လက်ကိုင်စွဲချင်သူ များကို သတိပေးလိုပါတယ်။ ဖေဖေရေးခဲ့တဲ့ အကြောင်းအရာတရပ်ပါ။ “ထို့ပြင် ဗိုလ်နေဝင်းသည်-တကယ်စစ်မှန်သော မျိုးချစ်ပြည် ချစ်တို့သည် မိမိတိုင်းပြည်ဆင်းရဲခြင်းမှလွတ်ကင်း၍ ချမ်းသာကြွယ်ဝလာမှုကိုလိုလားပြီး မနေမနားကြိုးစားတတ်သည့်သဘောကို မစဉ်း စားမိပေ။ နားလည်နားမလည်နိုင်ပေ။ မိမိပင်ကိုယ်စိတ်နှင့်ပင် နှိုင်း၍ စဉ်းစားပုံရသည်။”------တဲ့။ (အထက်ပါစာအုပ်- နှာ၂၇၆)။

လှကျော်ဇော။

၂၂-၁ --၂၀၁၇။

မှတ်ချက်။ ၁၉၆၃ ခုနှစ်ငြိမ်းချမ်းရေးဖြစ်စဉ်များအတွင်းက ရက်စွဲများကို--လွတ်လပ်ရေးရွှေရတု (အောင်စောဦး)စာအုပ်မှ ရယူပါတယ်။

**“အမျိုးသားရေး စိတ်ဓာတ်များ ပြင်းထန်စွာဖြစ်ပေါ်လာကာ လူငယ်သဘာဝအရ”**
**လို့ဆိုတဲ့ သတင်းစာရှင်းလင်းပွဲ**

(ဇော်လတ်)

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်)



ဦးကိုနီကို ဇန်နဝါရီလ ၂၉ ရက်နေ့မှာ ပစ်ခတ်သတ်ဖြတ်ပြီးတဲ့နောက် ရက်ပေါင်း ၂၇ ရက်အကြာ (ဖေဖော်ဝါရီလ ၂၅ ရက်နေ့) မှာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပါတယ်။ ရှင်းလင်းပွဲမှာ ပြည်ထဲရေးဝန်ကြီး၊ ဒုတိယဝန်ကြီးနဲ့ ရဲချုပ်တို့က ရှင်းကြလင်းကြပါတယ်။ ဒီသတင်းစာ ရှင်းလင်းပွဲကနေ အောက်ပါ အချက်တွေကို ပြည်သူလူထုက ရှင်းလင်းစွာသိရှိသွားကြရပါတယ်။

၁။ ပြည်သူတွေ စိတ်ဝင်တစား သိရှိလိုတာက “အောင်ဝင်းဇော်၊ အောင်ဝင်းခိုင်၊ ဇေယျာဖြိုး” တို့“နောက်ကွယ်ကနေ အကွက်ချ ကြိုးကိုင်စီမံစေခိုင်းသူ ဘယ်သူလဲ ” ဆိုတာပါ။ အဲဒီအချက်ကို ရှင်းလင်းထုတ်ဖော်ပြောကြားနိုင်ခြင်း မရှိသေးဘူး ဆိုတဲ့ အချက်။

၂။ ကြီးတဲ့အမှုသေးငယ်ပြီး လမ်းလွှဲ ရေစုန်မျောသွားစေလိုတဲ့ အချက်ပါပဲ။

ယုတ်မာညစ်ပတ်တဲ့ နိုင်ငံရေးလုပ်ကြံသတ်ဖြတ်မှုကြီးကို ပုဂ္ဂိုလ်ရေးမုန်းတီးမှုကြောင့် ဖြစ်ရတဲ့ သာမန်ရာဇဝတ် သတ်ဖြတ်မှုသာဖြစ်လေဟန်၊ အရှက်ကင်းမဲ့ပြီး မျက်နှာပြောင်အတိုက်ဆုံး အသုံးအနှုန်းနဲ့စကားလုံးကတော့ (“အမျိုးသားရေး စိတ်ဓာတ်များပြင်းထန်စွာဖြစ် ပေါ်လာကာ လူငယ်သဘာဝအရ ပုဂ္ဂိုလ်ရေးမကျေနပ်မှုများ ဖြစ်ပေါ်လာခဲ့ခြင်းမှအစပြု၍ ယခုကဲ့သို့ လုပ်ကြံမှု ဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရဲချုပ်ကပြောကြားခဲ့သည် ” ) တဲ့။

ကြည့်ရတာတော့ နောက်ကွယ်က အကွက်ချကြိုးကိုင်စီမံခိုင်းစေသူ ဒါရိုက်တာက ဇာတ်လမ်း၊ဇာတ်ကွက်အလိုက် ဘယ်လို “ဒိုင်ယာလော့” တွေကို ဘယ်အခန်းမှာ (ရာထူးအဆင့်အတန်းအလိုက်) ဘယ်သူက ဘယ်စကားလုံးနဲ့ပြောရမယ်ဆိုတာကိုပါ ကွက်ပြည့်စီမံချမှတ်ပေးထားပုံပေါ်တယ်။

“ဦးကိုနီကို ဘာကြောင့် ပစ်ခတ်သတ်ဖြတ်လုပ်ကြံရသလဲ” ဆိုတဲ့အချက်နဲ့ပတ်သက်ပြီး ရဲချုပ်ရဲ့ ဖွင့်ဆိုယူဆရှင်းပြချက် ကို (ကွင်းစကွင်းပိတ်နဲ့ဖော်ပြထားတဲ့စကားပိုဒ်ကို) “အစိုးရကိုင်မြန်မာ့အလင်းသတင်းစာနဲ့စစ်တပ်ပိုင်မြဝတီသတင်းစာ”တို့ကဖော်ပြကြပေ

မယ့်၊ "ကြေးမုံ သတင်းစာ"မှာ အဲဒီစကားပိုဒ်ကို ဖော်ပြမထားဘူး။ "ကြေးမုံသတင်းစာအယ်ဒီတာအဖွဲ့"က "လူငယ်သဘာဝအရ" မချိတင်ကဲဖြစ်ပြီး ကိုယ်ချင်းစာနေကြပုံပေါ်တယ်။

"ဦးလှရွှေနာမည်ကိစ္စ" လည်း "ပြင်းထန်စွာဖြစ်ပေါ်လာတဲ့ လူငယ်သဘာဝ" နဲ့အညီ ရတဲ့နေရာကနေ ကြေးမုံသတင်းစာအယ်ဒီတာအဖွဲ့က စော်ကားလိုက်တာလား။ လက်ပံတန်းမှာ ကျောင်းသားသပိတ်ကို ဖြိုခွဲတုန်းက ပြည်ထဲရေးနဲ့ရဲချုပ်တို့က ကျောင်းသားလူငယ်တွေရဲ့လူငယ်သဘာဝကို ဘယ်လိုမှ မစာနာနိုင်ဘဲ၊ နံပတ်တုတ်တွေနဲ့ လက်စွပ်မပြပြီး ချေမှုန်းဖြိုခွင်းခဲ့ကြတယ်မဟုတ်လား။ (ဗကသ) (တကသ) ကျောင်းသားတွေဆိုရင် စစ်တပ်က "ဓား - ဓားချင်း - လှံလှံချင်း" ဆိုတဲ့ ဗိုလ်နေဝင်းရဲ့နှုတ်ကပါဠိတော်ကို အမွေခံကိုင်စွဲပြီး အပြုံးတကြီးချေမှုန်းတာပဲ။

၃။ သူတို့ "လူငယ်"တွေဟာ (ဗိုလ်နေဝင်းစစ်အုပ်စုလွန်) ဗိုလ်သန်းရွှေ - ဗိုလ်ခင်ညွန့် စစ်အုပ်စုသစ်ရဲ့တကျောင်းတည်းဆင်း၊ တခြံတည်းပေါက်တွေ ဖြစ်နေတယ်။ "ဦးကိုနီ လုပ်ကြံသတ်ဖြတ်မှု" ကို သွေးအေးအေးနဲ့ လက်တွေ့လုပ်ကိုင်ကြတဲ့ "အောင်ဝင်းဇော်၊ အောင်ဝင်းခိုင်၊ ဇေယျာဖြိုး"တို့ဟာ (အပတ်စဉ် ၃၄၊ ၃၆၊ ၃၈ ) (DSA) ကျောင်းဆင်းတွေဖြစ်တယ်။ ဒုတိယဗိုလ်မှူးကြီးအဆင့်၊ ဗိုလ်ကြီးအဆင့်၊ ဗိုလ်အဆင့်ထိ စစ်တပ်ထဲမှာ တာဝန်ထမ်းဆောင်ခဲ့ကြသူတွေဖြစ်နေတယ်။ ဒီလိုသွေးဆာနေသူတွေ အပတ်စဉ်အလိုက်သူတို့ကျောင်းဆင်းတွေအထဲမှာ ဘယ်လို အတိုင်းအတာ အရေအတွက်နဲ့ ရှိနေမလဲဆိုတာ စူးစမ်းလေ့လာစရာပါ။ ဒီလိုစိတ်ဓာတ်တွေစွဲကိုင်ထားသူတွေ ပေါက်ဖွားလာအောင် သင်တန်းအပတ်စဉ်တစ်ခုမှာ ဘယ်နယောက်နှုန်းပါဝင်ရမယ်ဆိုတဲ့ ဘယ်လိုအစီ အစဉ်မျိုးတွေချမှတ်ပြီး ရိုက်သွင်းလေ့ကျင့်သင်ကြားပေးလိုက်ကြသလဲ။

သူတို့ ဒီလို ခြိမ်းခြောက် အကြမ်းဖက်လုပ်ကြံ သတ်ဖြတ်ရေး ဗီဇတွေထဲ၊ သွေးထဲသားထဲမှာ စိမ့်ဝင်နေအောင် သူတို့တက်ရောက်သင်ကြားခဲ့ကြတဲ့စစ်ကျောင်းနဲ့ သူတို့ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ စစ်တပ်ထဲကနေ အစီအစဉ်ရှိရှိ ရိုက်သွင်းသင်ကြားပေးလိုက်တာပဲ။

ဒီလိုနဲ့ သူတို့ဟာ (DSA)ဆိုတဲ့ စစ်ကျောင်းနဲ့စစ်တပ်ဆိုတဲ့ ခြံကြီးထဲမှာ လေ့ကျင့်သင်ကြားရင်း၊ တာဝန်ထမ်းဆောင်ရင်း လူမဆန်တဲ့ကြမ်းကြုတ်ရက်စက်မှုတွေဟာ အစွယ်တွေနဲ့ ချိုတွေလို သူတို့ စိတ်မှာကိုယ်မှာ ပေါက်လာကြတာဖြစ်မယ်။ စစ်ကျောင်းကနေဆင်းပြီး၊ တာဝန်ကျရာ ရှေ့တန်း နယ်မြေရောက်တော့ စစ်ကျောင်းမှာသင်ခဲ့ရတဲ့ သင်ခန်းစာတွေကို တိုင်းရင်းသားပြည်သူတွေ နေထိုင်ရာ ရှေ့တန်းနယ်မြေရောက်တော့ မီးရှို့၊ မုဒိမ်းကျင့်၊ သတ်ဖြတ်မှုတွေကျူးလွန်ပြီး လက်တွေ့တွေနဲ့ ပီပီပြင်ပြင် ပေါင်းစပ်ခဲ့ကြတယ်။ အငြိမ်းစားယူ၊ တပ်ကထွက်တဲ့အခါမှာ ဒီလိုအလုပ်တွေကို ဆက်ပြီးမိုက်မိုက်ကန်းကန်းလုပ်နေတာဖြစ်တယ်ဆိုတာ ဦးကိုနီ သတ်ဖြတ်ခံရမှုကနေ အထင်းသားမြင်ရတယ်။

ဟိုးတလောက အပြင်ကို ပေါက်ထွက်လာတဲ့ (DAS)နဲ့ အခြားစစ်ကျောင်းဆိုတာတွေမှာ အထက်အောက်ကြီးနိုင်ငယ်ညှဉ်း ရက်ရက်စက်စက် ထိုးနှက်ကန်ကျောက်ဆုံးမနေတဲ့ ဗွီဒီယိုဖိုင်ကို အားလုံးကြည့်လိုက်ကြရဖူးတာပဲ။ ဗိုလ်လောင်းတစ်ယောက်ဆိုရင် အဲဒီလို လူမဆန်တဲ့ ကြီးနိုင်ငယ်ညှဉ်း ဆုံးမမှုကြောင့် အသက်ထွက်သွားတယ် မဟုတ်လား။ ဒီလိုကျောင်းဆင်းတွေ/ခြံပေါက်တွေ ဒီလိုရက်စက်ကြမ်းကြုတ်မှုနဲ့ယုတ်မာမှုကို ဆက်လုပ်နေတာဘာဆန်းလို့လဲ။ သူတို့အတွက် ဒီကိစ္စတွေဟာ ထမင်းစားရေသောက်ပဲ ဖြစ်မှာပေါ့။

ဒီလို မိုက်မိုက်ကန်းကန်းလုပ်ခဲ့သူတွေကို သတင်းစာရှင်းလင်းပွဲမှာ ပြည်ထဲရေးဝန်ကြီးစစ်ဗိုလ်နဲ့ ရဲချုပ်က သူတို့နဲ့ ရှေ့ဆင်းနောက်ဆင်း (DSA) ဆင်းတွေလည်းဖြစ်ပြန်၊ စစ်တပ်ထဲမှာ တာဝန်ထမ်းခဲ့ကြသူတွေဆိုတဲ့ တကျောင်းတည်းဆင်း၊ တခြံတည်းပေါက်ဝံသာနုစိတ်နဲ့ ကိုယ်ချင်းစာပြီး "လူငယ်သဘာဝ အရ" လို့ မချိတင်ကဲဆိုပြောဆိုနေကြတာဖြစ်လိမ့်မယ်လို့ယူဆပါတယ်။

၄။ စစ်အုပ်စုအဆက်ဆက်ဟာ နိုင်ငံရေးအရလုပ်ကြံသတ်ဖြတ်ရေးကို ထုတ်ဖော်မကြေညာတဲ့ ပေါ်လစီတခုအဖြစ် ကိုင်စွဲထားတာဖြစ်တယ်။ ရှေ့တန်းမှာ အရှင်မိသူကို ထွက်ပြေးလို့ဆိုပြီး အသေပစ်သတ်တာမျိုး၊ စစ်ကြောရေးနဲ့ အကျဉ်းထောင်ထဲမှာ ရိုက်နှက်သတ်ဖြတ်တာမျိုး၊ ထောင်ထဲမှာ (torture) အမျိုးမျိုးပေးပြီး (စိတ်ပိုင်းဆိုင်ရာ/ရုပ်ပိုင်းဆိုင်ရာ) ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်တာမျိုးတွေ (နဝတ-နအဖ) စစ်အုပ်စု မိုးကောင်းခဲ့တဲ့ကာလတလျှောက်လုံးမှာ ပေါ်လစီချပြီး ကျင့်သုံးခဲ့တာပဲမဟုတ်လား။ အဲဒီနည်းတွေကြောင့် သေဆုံးခဲ့ကြရတဲ့ ယုံကြည်ချက် နိုင်ငံရေးသမား၊ တော်လှန်ရေးသမားတွေ နိုင်ငံရေးအကျဉ်းသားအသင်းတွေက စာရင်းပြုစုဖော်ပြနေတယ်မဟုတ်လား။ သူတို့ဟာအပြင်မှာ ကျန်ခဲ့တဲ့မိသားစုကိုပါ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ဒုက္ခတွေကို ပုံစံမျိုးစုံနဲ့ပေးခဲ့ကြတာပါ။ စီးပွားရေး၊ပညာရေး၊ လူမှုရေး စတဲ့ ဘဝနယ်ပယ်တွေမှာပါလိုက်ပြီး အငြိုးတကြီး စုတ်ပဲ့ယုတ်ညံ့စွာ (စိတ်ပိုင်း/ရုပ်ပိုင်း) နည်းမျိုးစုံနဲ့ အနှောင့် အယှက်ပေးခဲ့ကြတာပါ။

၅။ ဒီလို လုပ်ကြံသတ်ဖြတ်မှုတွေကို လုပ်ရာမှာ သူတို့ခြံပေါက် လက်သပ်မွေးတွေကို လက်ရင်းထားပြီး၊ လက်မရွံ့ ဒုစရိုက်သမား၊ ဘိန်းဘုရင်နဲ့ မူးယစ်ဆေးရာဇာစတဲ့ ဒုစရိုက်သမား လူဆိုးလူမိုက်မျိုးစုံကို သိမ်းသွင်းတွဲဖက်ပြီး အသုံးချခဲ့တာဖြစ်ပါတယ်။ ဒီအချက်က ဦးကိုနီကိစ္စမှာ အထင်အရှားမြင်နိုင်သလို အခြားဖြစ်စဉ်ဖြစ်ရပ်တွေမှာလည်း အထင်အရှားတွေ့နိုင်ပါတယ်။ ဥက္ကဋ္ဌသခင်သန်းထွန်းကို လုပ်ကြံခဲ့တဲ့ ကြံ့တိတ်(ခ) လုံတိတ် (ခ) မြကြီးဟာ ဗိုလ်နေဝင်းစစ်အုပ်ရဲ့ လက်သပ်မွေး၊ လက်မရွံ့ ငယ်မွေးခြံပေါက်ပဲမဟုတ်လား။ အရှေ့မြောက် ပါတီဗဟိုကို ဖြိုခွဲရာမှာလည်း စစ်အုပ်စုဟာ ဗိုလ်အောင်ကြီးနဲ့ လောစစ်ဟန်ကို အသုံးချပြီးထိုးဖောက်လာခဲ့တာ မဟုတ်လား။ ကွန်မြူနစ်တွေက ရုပ်ဝါဒအနုပဋိလောမကို လူ့ပ်ရှားပြုမူမှုရဲ့ လမ်းညွှန်အဖြစ် ရပ်တည်ကိုင်စွဲကြသူတွေဖြစ်တော့ အရှေ့မြောက်ပါတီဗဟိုပြိုကွဲတဲ့ကိစ္စဟာ မိမိတွင်းကိစ္စဟာ အရင်းခံသာဖြစ်တယ်ဆိုတာ လက်ခံနားလည်ထားသလို၊ ဒီအရင်းခံအကြောင်းအချက်အပေါ်မှာ ပြင်ပကနေ ဘယ်လို ထိုးဖောက်သွားသလဲဆိုတဲ့အချက်ကိုလည်း အလေးထား လေ့လာဆန်းစစ်သုံးသပ်ကြရမှာ ဖြစ်ပါတယ်။

အခု ဦးကိုနီလုပ်ကြံသတ်ဖြတ်မှုမှာ သေနတ်သမားအခန်းက ပါတဲ့ ကြည်လင်း (ခ) ဖိုးထူးကိုကြည့်ပါ။ ဘာမဆိုလုပ်မယ့် ရှေးဟောင်းပစ္စည်းနဲ့ ဘုရားခိုး ဒုစရိုက်သမားပဲ။ ဒီလို အကောင်မျိုးနဲ့ (အောင်ဝင်းဇော်၊ အောင်ဝင်းခိုင်၊ဇေယျာဖြိုး) (DSA) ဆင်းတွေဟာ နစ်ကိုယ့်တစိတ် ပူးပေါင်းခဲ့ကြတာပဲ မဟုတ်လား။ သူတို့ စာရင်းပြထားတာမှာပါတဲ့ ချဉ်းကပ်သိမ်းသွင်းခဲ့ကြသူတွေကို ကြည့်ပါဦး။ အောင်စိုး ၊နဂါး(ခ)အောင်ကြည်လင်း(ခ) အောင်ကြည်စိုး(ခ)အောင်နိုင်မြင့်တို့ကိုကြည့်ပါ။ ဘာမဆိုလုပ်မယ့် တကယ့်လက်မရွံ့ကြေးစား ဒုစရိုက်သမားတွေ ဖြစ်တယ်။ ဒီလိုဒုစရိုက်ကောင်တွေကို (ဗိုလ်)ဦးသိန်းစိန်သမ္မတသက်တမ်းအတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်ရာမှာ အုတ်တချပ်သဲတပွင့်အဖြစ် ပါဝင်နိုင်အောင် လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ဖောဖောသီသီ လွှတ်ပေးခဲ့တာ မဟုတ်လား။

၆။ နိုင်ငံတကာမှာပဲဖြစ်ဖြစ်၊ ပြည်တွင်းမှာပဲဖြစ်ဖြစ် နိုင်ငံရေးလုပ်ကြံသတ်ဖြတ်မှုတွေမှာ တကယ့်လက်သည်က က ဒင်း(သင်း)ပဲ ဆိုပြီး ဥပဒေအရ ဖော်ထုတ်ပြသဖို့မလွယ်ကူပေမယ့်၊ ဘယ်သူ့လက်ချက်ဖြစ်တယ်ဆိုတဲ့ ဇာစ်မြစ်ကိုတော့ ရှင်းရှင်းလွယ်လွယ် သိမြင်နိုင်ပါတယ်။ ကျူးဘားခေါင်းဆောင်ကြီးဖီဒယ်ကက်စထရိုကိုပဲ ကြည့်ပါ။ သူ့ကို အမေရိကန်စီအိုင်အေက အကြိမ်ကြိမ်သတ်ဖြတ်ဖို့ နည်းပေါင်းစုံနဲ့ အကြိမ်ကြိမ်အခါခါ လုပ်ကြံခိုင်းခဲ့ကြတာပဲ မဟုတ်လား။ ဦးကိုနီလုပ်ကြံသတ်ဖြတ်မှုက လက်မရွံ့သေနတ်သမား ကြည်လင်း၊ ကြည်လင်းနောက်မှာ (DSA)ဆင်းနဲ့ စစ်တပ်ထဲမှာ (ဗိုလ်၊ ဗိုလ်ကြီး၊ ဒုတိယဗိုလ်မှူးကြီးအဆင့်) စစ်ဗိုလ်ဟောင်းတွေပါနေတာ အထင်အရှားပဲ မဟုတ်လား။ အဲဒီနေရာကနေကြည့်လိုက်တော့ တကယ့်လက်သည်ဟာ ဘယ်ကလာတယ်၊ ဘယ်မှာရှိတယ်ဆိုတာ ရှင်းနေပြီ မဟုတ်ပါလား။ စာရေးနေတဲ့ အငြိမ်းစား စစ်ဗိုလ်ဟောင်းတဦးက "လက်မည်းကြီး" (မဟုတ်)"လက်ဖြူကြီး" လို့ ရေးတာဖတ်လိုက်ရတယ်။ ဒါကို ဆက်ပြီးဖော်ထုတ်မနေကြနဲ့ဆိုပြီး သတိပေးသလို ရေးတယ်။ "လက်မည်း"သလား၊ "လက်ဖြူ"သလားသာ အငြင်းပွားကြပေမယ့် နောက်ကွယ်မှာ အကွက်ချစီမံနေတဲ့ ဒါရိုက်တာ " မမြင်ရတဲ့လက်ကြီး" အခိုင်အမာရှိနေတဲ့အချက်ကိုတော့ ဘယ်သူမှ အငြင်းမပွားကြဘဲ တညီတညွတ်တည်း ရှိကြတာကလည်း ဒီဖြစ်ရပ်ရဲ့ ထူးခြားမှုတစ်ခုပါ။

နောက်ထပ်တွေ့မြင်နိုင်တာတခုကတော့ ဦးကိုနီလုပ်ကြံသတ်ဖြတ်ခံရတဲ့သတင်း မဖော်ပြခဲ့သလို။ ဦးကိုနီ-ဦးနေဝင်း အောက်မေ့ဖွယ်အခမ်းအနားသတင်းကို စစ်တပ်ပိုင် မြဝတီသတင်းစာက မဖော်ပြတဲ့အချက်ပါပဲ။ ဒီလိုမဖော်ပြခြင်းကပဲ စစ်တပ်ရဲ့ သဘောထားဖြစ်ပါတယ်။ စစ်တပ်ရဲ့ သဘောထားကိုဖော်ပြလိုက်တာဖြစ်ပါတယ်။

" ဦးကိုနီ - ဦးနေဝင်း အောက်မေ့ဖွယ် အခမ်းအနား" ဟာ ပါတီနိုင်ငံရေးကိစ္စပဲလို့ ကြံ့ဖွံ့တို့ တစည တို့လို နိုင်ငံရေးပါတီတွေက ကျဉ်းကျဉ်းမြောင်းမြောင်း သဘောထားတာ၊ ကြည့်မြင်နေတာ မဆန်းပေမယ့် ဒီအခမ်းအနားကို ပြည်ထဲရေးဝန်ကြီးလို၊ ရဲချုပ်လို Law enforcement အဖွဲ့ဝင်တွေ၊ တရားဥပဒေစိုးမိုးရေးနဲ့ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုကို ခွင့်မပြုဘူး" ဆိုတဲ့ သဘောထားနဲ့ ရပ်တည်ချက်ကို ကိုင်စွဲထားသူတွေအနေနဲ့ တဖက်က မဖိတ်ကြားရင်တောင်မှ ကိုယ်က တကူးတကသွားပြီး တက်သင့်တာပါ။ "ကာချုပ်" ကိုယ်တိုင်ကလည်း "မင်းတို့သွားတက်ကြ" လို့ အမိန့်ပေးသင့်တာပါ။ အမှန်တရားနဲ့ တရားဥပဒေစိုးမိုးရေးဘက်က ရပ်တည်တဲ့ မိမိတို့ရဲ့ ရပ်တည်ချက်ကို အခိုင်အမာ ဖော်ပြဖို့ကောင်းတာပါ။ ဒါပေမဲ့ သူတို့ပျက်ကွက်ခဲ့ကြတယ်။ တပ်နဲ့ရဲဟာ ညီတော်နောင် တော်အဖွဲ့အစည်းပဲလို့ ပြည်ထဲရေး ဝန်ကြီးဗိုလ်ကျော်ဆွေက ရခိုင်ဘက်မှာပြောခဲ့ဖူးတာပဲ။ ဦးကိုနီကိစ္စမှာ တပ်နဲ့ရဲ ပူးပေါင်းပြီး စုံစမ်းစစ်ဆေး ဖော်ထုတ်နေတာ မဟုတ်လား။

လုပ်ကြံသတ်ဖြတ်မှုအဓိကကွင်းဆက်မှာ လက်မရွံ့ဒုစရိုက်သမားနဲ့ (DSA)ဆင်း၊ စစ်ဗိုလ်ဟောင်းတွေ ပူးပေါင်းလုပ်ဆောင်ခဲ့ကြတာ အထင်ရှားဖြစ်နေပြီး၊ ဒီအမှုရဲ့ "နောက်ကွယ်က အကွက်ချ ကြိုးကိုင် စီမံစေခိုင်းသူ ဘယ်သူလဲ" ဆိုတာ တပ်နဲ့ရဲက ဘယ်လို ပူးပေါင်း စုံစမ်းစစ်ဆေးပြီး ဖော်ထုတ်ပြသမှာလဲ။ တကယ်ရော ဖော်ထုတ်နိုင်မှာမို့လား။ ထွက်ပြေးပုန်းအောင်းနေတဲ့ (ဒုတိယ ဗိုလ်မှူးကြီးဟောင်း) အောင်ဝင်းခိုင် ကို ဘယ်တော့ဖမ်းပေးမှာလဲ။ "အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်စွာပေါ်ပေါက်လာတဲ့ လူငယ်တွေ" ဖြစ်တဲ့ အောင်ဝင်းဇော်၊ အောင်ဝင်းခိုင်၊ဇေယျာဖြိုး တို့နောက်ကွယ်က "လူကြီးတွေ" ကို ဖော်ထုတ်နိုင်ပါ့မလား။

## ဘယ်အချိန်ကထက်မဆို ပိုမိုကြည်လင် ရှင်းလင်းပြတ်သားလာနေပါပြီ

(၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်)

မောင်ကျော်ထွန်းမြိုင်



"(၇၂) နှစ်မြောက်၊ တပ်မတော်နေ့ဦးတည်ချက်" ဆိုတာတွေဖတ်ကြည့်တော့ ဟောဒီလို အတွေးနဲ့ယှဉ်ဆချက်တွေ ခေါင်းထဲ အစီအရီ ပေါ်လာတယ်။

ပထမအချက်မှာပါတဲ့ "နိုင်ငံတော်အစိုးရ၏လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး" တဲ့။ အဲဒီစကားပိုဒ်မှာ အဓိကအချက်က (နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်) ဆိုတာပဲ။ ဆိုလိုချင်တာက "ရွေးကောက်ခံအစိုးရ" လုပ်ဆောင်နေသမျှမှာ စစ်အုပ်စုအကျိုးစီးပွား (ဝါ) "၂၀၀၈အခြေခံဥပဒေ" နဲ့ညီညွတ်နေသမျှ ဘယ်အပိုင်းမှ မထိနဲ့၊ ထိပါးတဲ့သူ ဓားသာကြည့်ထားကြလို့ စစ်တပ်/စစ်အုပ်စုက ကြုံးဝါးလိုက်တာဖြစ်တယ်။ ကြေညာလိုက်တာဖြစ်ပါတယ်။ တနည်းအားဖြင့် "၂၀၀၈ အခြေခံဥပဒေနဲ့အညီ" ရွေးကောက်တင်မြှောက်ခံရတဲ့ "အစိုးရ" မှန်သမျှ ငါတို့ စစ်အုပ်စုရဲ့ "ရင်ခွင်ပိုက်အစိုးရ" ဖြစ်တယ်။ ငါတို့ "အစောင့်အရှောက်ခံအစိုးရ" ဖြစ်တယ်လို့ဆိုပြီး စစ်တပ်က ပိုင်ပိုင်နိုင်နိုင် ရဲရဲတင်းတင်း ရင်ခွင်ထဲဆွဲယူ ပွေ့ဖက်လိုက်တာ ဖြစ်တယ်။ အရင်တုန်းက လူထုခေါင်းဆောင်ကိုသာ အိမ်ချုပ်ချထားနိုင်ခဲ့တာပဲ။ အခုတော့ "၂၀၀၈ အခြေခံ ဥပဒေ" ကောင်းမှုနဲ့ အစိုးရတဖွဲ့လုံး အကျယ်ချုပ်ထားနိုင်တဲ့သဘော ဖြစ်တယ်။ လူထုဆန္ဒတောင်မှ စစ်အုပ်စုက "ဥပဒေနဲ့ညီညွတ်တဲ့လူထုဆန္ဒ" ကိုပဲ ကာကွယ်လို့ဆိုနေတယ်မဟုတ်လား။

ဒုတိယအချက်မှာ ပါတဲ့ "ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး" တဲ့။ ဆိုလိုချက်က ၅ နှစ်တစ်ကြိမ် ပေါင်းဖက်ရမယ့် " ရွေးကောက်ခံအစိုးရ" ဟာ "၂၀၀၈ အခြေခံဥပဒေ" ဘောင်ထဲမှာ ပိုင်းကောင်းကျောက်ဖိ နေရမယ်လို့ စစ်တပ်က ဝက်အူရစ်တင်းလိုက်တာဖြစ်တယ်။ " ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်း"ဆိုတာ " ၂၀၀၈ အခြေခံဥပဒေ"ကို ဈေးကွက်ထဲမှာ ကြော်ငြာတဲ့ အသုံးအနှုန်းနဲ့ပြောတာဖြစ်တယ်။ "ထိန်းသိမ်းဆောင်ရွက်ရေး" ဆိုတာ အာဏာကို လိုအပ်ရင်လိုအပ်သလို ထိန်းဖို့နဲ့သိမ်းဖို့ဖြစ်တယ်။ ဒါတွေဟာ စစ်တပ်ရဲ့မလျှော့နိုင်တဲ့ ရပ်တည်ချက်ပဲလို့ ပြောတာဖြစ်ပြီး၊ "သီတာဒေဝီ"ကို "ရာမမင်း" က စည်းဝိုင်းဝိုင်းပေးတာမျိုး မဟုတ်ဘဲ ဒီဇာတ်လမ်းမှာတော့ ဒသဂီရိ က စည်းဝိုင်း ဝိုင်းပေးတာဖြစ်တယ်။ ဒါ့အပြင် ဒီဘောင်၊ ဒီစည်းထဲကနေ မကျော်နဲ့၊ ကျော်လို့ မရဘူးလို့လည်း တခါတည်း ဝမ်နိမ်ပေးလိုက်တာဖြစ်တယ်။

တတိယအချက် "ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် နိုင်ငံတော် အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး " တဲ့။

ငြိမ်းချမ်းရေးဆောင်ရွက်ရာမှာ ၅ နှစ်တစ်ကြိမ် ရွေးကောက်ခံအစိုးရ (ဒီချုပ်ပါတီအစိုးရ) နဲ့အတူတူတော့ လုပ်မယ်။ ဒါပေမဲ့ အစိုးရကချမှတ်မယ့် ငြိမ်းချမ်းရေးပေါ်လစီကို လက်မခံဘူး။ ငါတို့မူဖြစ်တဲ့ "တပ်ငြိမ်းမူ ၆ ရပ်" နဲ့ပဲ လုပ်မယ်လို့ အတိအလင်း ကြေညာတာပဲ။ တနည်းအားဖြင့် ဒီချုပ်ပါတီအစိုးရနဲ့ ငြိမ်းချမ်းရေးပြေလည်ရုံနဲ့ မရသေးဘူး။ ငါတို့မူနဲ့ ကိုက်ညီမှသာ လက်ခံမယ်။ ထာဝရငြိမ်း

ချမ်းရေးကို ငါတို့စစ်တပ်က ချမှတ်ထားတဲ့မူနဲ့သာလျှင် အရယူရမယ်လို့ ပြောတာပဲဖြစ်တယ်။ အနှစ်သာရကတော့ ဒီချုပ် ပါတီအစိုးရရဲ့ ငြိမ်းချမ်းရေးပေါ်လစီဟာ စစ်တပ်ရဲ့ မူ ၆ ရပ်ကို ကျော်လို့မရဘူးလို့ ကန့်သတ်တားမြစ်လိုက်တာပဲ။

စတုတ္ထအချက်ကတော့ "အရာအားလုံး" ကို စစ်တပ်က ချုပ်ကိုင်ထားတာဖြစ်တယ် ဆိုတဲ့အချက်ကို ထပ်မံအတည်ပြုလိုက်တာပဲဖြစ်တယ်။ အဲဒီမှာ အဓိကစကားရပ်က "နိုင်ငံတော်ကာကွယ်ရေးနှင့်ဘက်စုံလုံခြုံရေးတာဝန်များ" ဆိုတဲ့စကားဖြစ်တယ်။

ဆိုလိုတာတော့ "ရွေးကောက်ခံအစိုးရခမျာ" ဘာတွေးတွေး၊ ဘာကြံကြံ၊ ဘာလုပ်လုပ် စစ်အုပ်စု/ကာချုပ် မသိဘဲ ဘာမှ မလုပ်ရဘူးလို့ ပညတ်ထားလိုက်တာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၇ ရက်နေ့မှာ ကာချုပ်ဗိုလ်မင်းအောင်လှိုင်က "ကာကွယ်ရေး ဆိုတာ စစ်ရေးတစ်ခု တည်းသာမကဘဲ များစွာကျယ်ပြန့်တယ်" တဲ့။ တော်ပါသေးရဲ့ သူတို့ ပါးစပ်ပေါက်က ထွက်သမျှနဲ့ ထုတ်မပြောသေးတာတွေ အကုန်ပါတယ်လို့ မပြောလို့။

စစ်အုပ်စုက သူတို့အကျိုးစီးပွားကို ကာကွယ်ထိန်းသိမ်းတိုးချဲ့တဲ့နေရာမှာ နည်းလမ်းနှစ်ရပ် သုံးခဲ့တာတွေ့ရတယ်။ ပထမ နည်းလမ်းက ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးကို ဖြိုခွင်းပြီးတဲ့နောက်မှာ စတင်ပြီး ကျင့်သုံးခဲ့တာဖြစ်တယ်။ အဲဒါက "ဒီမိုကရေစီခေါင်းဆောင်"နဲ့ ပြည်သူလူထုကို ပိုင်းခြားအဆက်ဖြတ်ထားတဲ့ အခြေခံပေါ်မှာ "တကယ့်လူပ်ရှားတက်ကြွသူတွေ"ကို နှစ်ရှည် ထောင်သွင်းအကျဉ်းချထားတဲ့ နည်းဖြစ်တယ်။ ကျင့်သုံးတဲ့ပုံစံက ဒီမိုကရေစီခေါင်းဆောင်ကို "အိမ်ချုပ်"ချုပ်ထားပြီး။ "တကယ့် လှုပ်ရှားတက်ကြွသူတွေ"ကို တောထဲမောင်းပို့ပြီး၊ အချို့ကို ထောင်ထဲမှာ အသေသတ်ပစ်တယ်။ အချို့ကိုတော့ သေရာပါတဲ့အထိ စိတ်ပိုင်းရုပ်ပိုင်း ထိခိုက်အောင် ညှဉ်းပန်းနှိပ် စက်ကြတယ်။ ဒီနည်းလမ်းကို စစ်အုပ်စုက ၁၉၈၉ ဇူလိုင် ၂၀ ရက်နေ့စပြီး ဒေါ်အောင်ဆန်းစုကြည်ကို ထိန်းသိမ်းမှုနဲ့ ဖွင့်လှစ်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၁၃ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးခြင်းဖြင့် အဆုံးသတ်ခဲ့ကြပါတယ်။ အကြမ်းဖျင်းပြောရရင် ၁၉၈၉ ဇူလိုင် ၂၀ ကနေ ၂၀၁၀ နိုဝင်ဘာ ၁၃ အထိ အထိ နှစ်ပေါင်း ၂၀ နီးပါးကျင့်သုံးခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒုတိယနည်းလမ်းကတော့ ပထမနည်းလမ်းနဲ့အနှစ်သာရအရ အတူတူပါပဲ။ နည်းလမ်းနဲ့ လက်တွေ့ကျင့်သုံးပုံမှာသာ ကွဲပြားတာပါ။ အခြေခံကတော့ "ဒီမိုကရေစီခေါင်းဆောင်" နဲ့ လူထုကို အဆက်ဖြတ် တံတိုင်းခြားပစ်တာပဲဖြစ်တယ်။ ဒီနည်းလမ်းကို စစ်အုပ်စု သူတို့စိတ်ကြိုက်ရေးဆွဲအတည်ပြုထားတဲ့ "၂၀၀၈ အခြေခံဥပဒေ" ဆိုတဲ့ ဘောင်ထဲမှာ ကျင့်သုံးတာဖြစ်တယ်။ ပထမနည်းလမ်းထက် ဒုတိယနည်းလမ်းက ပြည်သူလူထုကို ဖြိုခွဲရာမှာ ပိုပြီးတာသွားပါတယ်။ စစ်အုပ်စုအဖို့ ပိုပြီးတွက်ချေကိုက်ပါတယ်။ ၂၀၀၈ အခြေခံဥပဒေနဲ့ ပွဲထွက်လာတဲ့ စစ်အုပ်စုအဖို့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ မှာ ကျင့်သုံးခဲ့တဲ့ အိမ်ချုပ်ချတဲ့နည်းဟာ ကျင့်သုံးဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။ ခေတ်စနစ်နဲ့ မကိုက်ညီတော့ပါဘူး။ ဒီတော့ ခေတ်စနစ်နဲ့ကိုက်ညီမယ့်နည်းကို ပြောင်းလဲကျင့်သုံးလာပါတယ်။ ဒီနည်းကတော့ တခြားမဟုတ်ပါဘူး ဒေါ်အောင်ဆန်းစုကို ၂၀၀၈ အခြေခံဥပဒေဘောင်ထဲ ဆွဲသွင်းတဲ့နည်းပဲ ဖြစ်ပါတယ်။

စစ်အုပ်စုက ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့မှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေထဲက အချို့ကို ပြင်ဆင်ပေးခြင်းအားဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို အချက်ပြလိုက်ပါတယ်။ လမ်းကြောင်းဖွင့်ပေးလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဘက်ကလည်း ဒီအချက်ပြမှုနဲ့လမ်းကြောင်းပေးမှုကို ၂၀၁၁ ခု နိုဝင်ဘာ ၁၈ ဆုံးဖြတ်ချက်နဲ့ တုံ့ပြန်ခဲ့ပါတယ်။ ဒီချုပ်ပါတီက နိုင်ငံရေးပါတီအဖြစ် (ထပ်မံ) မှတ်ပုံတင်ဖို့နဲ့ ရွေးကောက်ပွဲဝင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ဒီအချက်က စစ်အုပ်စုအဖို့ ဖုတ်သွင်းရထားဆိုက်တာပါပဲ။ စိတ်ကြိုက်အချိန်ယူပြီးရေးကာ အဓမ္မအတည်ပြုခဲ့တယ်ဆိုတဲ့ နာမည်ဆိုးလွှန်းလှတဲ့ "၂၀၀၈ အခြေခံဥပဒေ" အတွက်လည်း မင်္ဂလာယူစရာ အကွက်ကောင်းဖြစ်လာပါတော့တယ်။

"၂၀၀၈ အခြေခံဥပဒေ" ကို ဒီမိုကရေစီခေါင်းဆောင်က အရှိအရှိတိုင်းမြင်တယ်လက်ခံတယ်လို့ ဆိုလိုက်ကတည်းက စစ်အုပ်စုအဖို့ အူမြူးချိုကြွစရာ ဖြစ်လာတယ်။ တချိန်က ဒီချုပ်နဲ့ဒီချုပ်ခေါင်းဆောင်ကို ဝန်းရံခဲ့ကြတဲ့ အင်အားစုကြီးဟာ အစည်းပြေသွားပါတော့တယ်။ အတောမသတ်တဲ့ စိတ်ကူးယဉ်မှုမှိုင်းတွေလည်း အလိပ်လိပ်အထပ်ထပ် အုံ့မှိုင်းသွားစေပြီး တချိန်က စစ်အုပ်စု ဆန့်ကျင်ရေးဆိုတဲ့ အင်အားစုကြီး အစိတ်စိတ်အမြွှာမြွှာ အစည်းပြေသွားတာဟာ ပထမဆုံးနဲ့ အကြီးမားဆုံး ပေးဆပ်လိုက်ရတဲ့ တန်ဖိုးပါပဲ။ ရေစုန်မျောသွားရတဲ့အရာ နှစ်ခုကတော့ "၁၉၉၀ ရွေးကောက်ပွဲရလဒ်နဲ့ ရွှေဂုံတိုင်ကြေညာချက်" ပါပဲ။

ဒီကွဲပြဲမှုဟာ စစ်အုပ်စုက ဒီမိုခေါင်းဆောင်ကို "၂၀၀၈ အခြေခံဥပဒေဘောင်" ချည်နှောင်ထားသမျှ အရှိန်ရပ်တန့်သွားမှာ မဟုတ်ပါဘူး။ ဒီမိုခေါင်းဆောင်က ကျမ်းကျိန်ထားတဲ့ကတိနဲ့ အညီ "၂၀၀၈ အခြေခံဥပဒေ" ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေလေတော့ ဒီအကွဲအပြဲဟာ ကြာလေ၊ ကြာလေ နက်ရှိုင်းကြီးမားကျယ်ပြန့်လာလေလေ ဖြစ်နေပါတယ်။

"၂၀၀၈ အခြေခံဥပဒေ" နဲ့အခြားတည်ဆဲဥပဒေတွေကို လေးစားလိုက်နာနေရတဲ့အောက်မှာ (NCA) ကိုပါ လက်မှတ်ထိုးဖို့ တိုက်တွန်းနေတဲ့ဘဝကို ဒီမိုကရေစီခေါင်းဆောင် ကျေကျေနပ်နပ်ကြီး ကျရောက်နေပါပြီ။

"သင့်မြတ်ရေး" ဆိုတဲ့အရာဟာ ခေတ်စနစ်အဆက်ဆက်မှာ ကျဆင်းခဲ့ရတဲ့ ပြည်သူလူထုရဲ့သွေးတွေချွေးတွေနဲ့ ရက်လုပ်ထားရတဲ့ ကောဇော်နီပေါ်မှာ ပြည်သူလူထုအပေါ် အစဉ်အဆက်ဖိနှိပ်သတ်ဖြတ်ခဲ့တဲ့ စစ်အုပ်စုကို ရင်ကော့ခေါင်းမော့၊ လက်မထောင်ပြီး လမ်းလျှောက်နိုင်စေဖို့ ဖန်တီးပေးတဲ့အရာ ဘယ်လိုမှ မဖြစ်သင့်၊ မဖြစ်ထိုက်ပါဘူး။

မရှိတာထက် ရှိတာကကောင်းတယ်တို့။ ခွက်တဝက်ကြီးများတောင် ဆိုတဲ့ ဘေးတီးမှိုင်းတိုက်မှုတွေထဲမှာ အချို့က "၂၀၀၈ အခြေခံဥပဒေ" ဘောင်ထဲမှာ အပြောင်းအလဲတွေ တကယ်ပဲ ဖြစ်လာတော့မယောင်ယောင် ထင်မှတ်ခဲ့ကြတယ်။ အခုတော့ ဒီအိပ်မက် ပျက်ပြယ်လာခဲ့ပါပြီ။ တချို့ကတော့ ဇွတ်အိပ်ချင်ဟန်ဆောင်ပြီး အိပ်မက်မက်နေကြတုန်းပါပဲ။

အမှန်တကယ်ပြောင်းလဲနေပါတယ်။

"၂၀၀၈ အခြေခံဥပဒေဘောင်"ထဲမှာ လက်တွေ့ဖြတ်သန်းကြည့်လိုက်ကြတော့ အရင်က ပြောင်းလဲလို့ရနိုင်မယ်လို့ တွေးခဲ့၊ ထင်ခဲ့၊ မျှော်လင့်ခဲ့တာတွေဟာ အခုတော့ ထင်သလို၊ တွေးသလို၊ မျှော်လင့်သလို မဟုတ်ပါလား/ ထင်သလို မပြောင်းလဲနိုင်ခဲ့ပါလားဆိုတဲ့အသိ တစထက်တစ ပိုမိုရရှိလာတဲ့ဘက်ကို ပြောင်းလဲလာနေပါပြီ။ "၂၀၀၈ အခြေခံဥပဒေ"နဲ့ စစ်အုပ်စုကို အကုန်အစင် ဖျက်သိမ်းပစ်ရမယ်ဆိုတဲ့ အသိဟာ ဘယ်အချိန်ကထက်မဆို ပိုမိုကြည် လင်ရှင်းလင်းပြတ်သားလာနေပါပြီ။



**၂၀၂၀ အလားအလာ**

ရဲဘော်အောင်သော်

၂၀၂၀ ခုနှစ်တွင် နောက်ထပ်ရွေးကောက်ပွဲတခု ကျင်းပဦးမည်။ ထိုအချိန်တွင် ဖြစ်ပေါ်လာနိုင်သော အခြေအနေများမှာ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်ကာလမှာထက် များစွာ ပိုမိုရှုပ်ထွေးလိမ့်မည်။ ယခုပင်လျှင် နိုင်ငံရေးအနေအထားမှာ ၂၀၁၅ ခုနှစ် အနေအထားနှင့် များစွာကွာခဲ့ပြီ ဖြစ်သည်။

ယခု ဒီချုပ်အစိုးရလက်ထက်တွင် ဦးစားပေးဆောင်ရွက်နေသောအရာသည် ငြိမ်းချမ်းရေး ဖြစ်သည်။ ဒီချုပ် အစိုးရဆောင်ရွက်သမျှထဲတွင် မအောင်မြင်ဆုံးအရာမှာလည်း ငြိမ်းချမ်းရေးပင်ဖြစ်သည်။

ဒီချုပ်အစိုးရတက်လာပြီးနောက်တွင် စစ်ပွဲများတိုးပွားလာနေသည်ဟု စစ်အုပ်စုဘက်တော်သားများက ဝေဖန်ပြစ်တင်ပြောဆိုကြသည်။ ထိုစကားအမှန်ပင်ဖြစ်သည်။ ပိုဆိုးသည်မှာ ဒီချုပ်အစိုးရက ငြိမ်းချမ်းရေးလုပ်မည်ဆိုတိုင်းမှာပင် စစ်ပွဲတွေက သိသိသာသာ တိုးလာလိုက်သေးသည်။ အများပြည်သူအဖို့ရာတွင်မူ၊ ငြိမ်းချမ်းရေးဟု အသံကြားလျှင်ပင် အထုပ်အပိုးပြင်ရတော့မလို ဖြစ်လာနေသည်။ ဘာ့ကြောင့် ထိုသို့ဖြစ်ရသနည်း။

စစ်အုပ်စုအနေဖြင့် ဒီချုပ်အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေး မရစေချင်သောကြောင့် ထိုသို့ဖြစ်နေရခြင်းဖြစ်သည်။ ငြိမ်းချမ်းရေး ဆိုသည်မှာ စစ်အာဏာရှင်တို့လက်ခုပ်ထဲကရေ ဖြစ်သည်။ သူတို့ သွန်လိုသွန်၊ မှောက်လိုမှောက်၊ သောက်လိုက သောက်နိုင်သည်။ စစ်အာဏာရှင်တွေက မငြိမ်းချမ်းလိုလျှင် ငြိမ်းချမ်းရေးဟူသည်မှာ မည်သို့မျှ ရနိုင်စရာ အကြောင်းမရှိချေ။ သူတို့စစ်အာဏာရှင်များသည် အင်အားသာလွန်သူဖြစ်သည်။ သူတို့ စစ်အာဏာရှင်များသည် ထိုးစစ်ဖြစ်သည်။ ထို့ကြောင့် သူတို့က ငြိမ်းချမ်းရေး မရစေ

ချင်လျှင် ငြိမ်းချမ်းရေးကို ဖျက်ဆီးရသည်မှာ ဘာမျှ မခဲယဉ်း။ စစ်တိုက်ပေးလိုက်ရုံသာ ဖြစ်သည်။ စစ်တိုက်ရသည်မှာ လက်နက်ကိုင်တော်လှန်ရေးသမားများမှာကဲ့သို့ သူတို့အတွက်က ခက်ခဲလှသည်မဟုတ်။ သူတို့စစ်အာဏာရှင်များအဖို့မှာ စစ်ဆိုတာ ကိုယ်တိုင်တိုက်စရာလိုသည်မဟုတ်။ အောက်ခြေစစ်သားများကို တိုက်မိန့်ပေးလိုက်ရုံသာ ဖြစ်သည်။ ကျည်ဆန်ဖိုး၊ လက်နက်ဖိုးဆိုသည်မှာလည်း တော်လှန်ရေးသမားများကဲ့သို့ တွက်ချက်နေရသည်မဟုတ်။ ပြည်သူ့အခွန်ငွေထဲကနေ ထုတ်ယူသုံးစွဲလိုက်ရုံသာ ဖြစ်သည်။

ထို့ကြောင့် ဒီချုပ်က ငြိမ်းချမ်းရေးစကားဆိုလိုက်တိုင်းမှာ စစ်ပွဲတွေတိုးဖြစ်လာတာကို မြင်တွေ့နေရသည်။ ထိုသို့စစ်ပွဲတွေတိုးလာသောအခါ ဒီချုပ်အစိုးရက စစ်တပ်ကို ဟန့်တားပေးတာမျိုးကို တိုင်းရင်းသားပြည်သူတွေက မြင်လိုကြသည်။ ဒီချုပ်ပါတီသည် သူတို့ မဲပေးတင်မြှောက်ထားသော ပါတီဖြစ်သည်။ တိုင်းရင်းသားပါတီများကိုပင် ကျော်လွန်ပြီး ဒီချုပ်ပါတီကို မဲပေးရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ ထိုသို့သူတို့မဲပေးထားသော ပါတီနှင့်အစိုးရက စစ်တပ်၏ထိုးစစ်တွေကို ဟန့်တားပေးတာမျိုး မြင်ချင်သည်။ သို့သော် ၂၀၀၈ အခြေခံဥပဒေ၏ ကန့်သတ်ချက်အရ ဒီချုပ်အစိုးရတွင် စစ်တပ်ကို အမိန့်ပေးနိုင်သော အာဏာမရှိချေ။ အမိန့်မပေးနိုင်လျှင်တောင်မှ စစ်တပ်ကို ပြတ်ပြတ်သားသား ဝေဖန်အပြစ်တင်တာမျိုးကို တိုင်းရင်းသားများက လိုလားသည်။ သို့သော် ဒီချုပ်ပါတီက ၎င်းတို့၏အမျိုးသား ပြန်လည်သင့်မြတ်ရေးမူအရ စစ်တပ်ကို ဝေဖန်ပြစ်တင်တာမျိုးကို အထူးရှောင်ရှားသည်။ စစ်တပ်က ဘတ်ဂျက်တိုးတောင်းသောအခါ ဒီချုပ်အစိုးရက ငြင်းပယ်လိမ့်မည်ဟု တိုင်းရင်းသားများက မျှော်လင့်သည်။ သို့သော် ဒီချုပ်အစိုးရက ခွင့်ပြုခဲ့သည်။ ထိုအခါ တိုင်းရင်းသားများက ဒီချုပ်ပါတီ ဒီချုပ်အစိုးရကို ငြိုငြင်လာကြသည်။ ဗမာအချင်းချင်း ရိုင်းပင်းသည်ဟု ထင်မြင်လာကြသည်။ ဒီချုပ်ပါတီကို မဲပေးခဲ့ရခြင်းမှာ သူတို့အတွက် ဘာမျှ အကျိုးမရှိဟု ထင်မြင်လာကြသည်။ ဤအခြေအနေနှင့် ဤထင်မြင်ချက်များကြောင့် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် မဲရလဒ်မှာ အနည်းနှင့်အများဆိုသလို ပြောင်းလဲသွားနိုင်စရာ အလားအလာရှိသည်။ တိုင်းရင်းသားများ သည် ၂၀၂၀ ရွေးကောက်ပွဲတွင် ဒီချုပ်ပါတီအစား တိုင်းရင်းသားပါတီများအား ပိုမိုမဲပေးလာနိုင်စရာ အလားအလာမျိုးရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ထိုသို့ တိုင်းရင်းသားများက တိုင်းရင်းသားပါတီများအား မဲပေးလာလျှင် မည်သို့ဖြစ်လာနိုင်သနည်း။ ကျွန်တော်တို့ ပြန်လည်စောင်းငဲ့ကြည့်သင့်သော နမူနာမှာ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်၌ ကြုံတွေ့ ခဲ့ရသော နမူနာဖြစ်သည်။

၂၀၁၅ ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်၌ ဒီချုပ်ပါတီ၊ SNLD နှင့် ကြံ့ခိုင်ရေးပါတီတို့ အပြိုင်ဖြစ်ခဲ့ကြသည်။ ဒီချုပ်နှင့် SNLD အပြိုင် မဲဆွယ်ခဲ့လျှင် ဒီမိုကရေစီအင်အားစုများ၏မဲများ မဲကွဲနိုင်ကြောင်းကို ဒီချုပ်ရော SNLD ပါ သိကြသည်။ သို့သော် နှစ်ဘက်စလုံးက အလျှော့မပေးခဲ့ကြ။ ထွက်ပေါ်လာသောရလဒ်မှာ အားလုံးသိကြသည့်အတိုင်း ရှမ်းပြည်နယ်တွင် ကြံ့ခိုင်ရေးပါတီက မဲအများစု အနိုင်ရသွားခဲ့ကြသည်။ ၂၀၂၀ ခုနှစ်တွင် ထိုသို့သော အခြေအနေမျိုးကို နေရာအနှံ့အပြား၌ ပိုမိုကြုံတွေ့နိုင်စရာရှိသည်။

ထို့အပြင် ၈၈ မျိုးဆက်ငြိမ်းပွင့်များကလည်း ၂၀၂၀ တွင် ရွေးကောက်ပွဲဝင်ရန်၊ ပါတီထောင်ရန် ပြင်ဆင်နေသည်ကို ကြားရသည်။

ထိုအခြေအနေများကို ကြည့်လျှင် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲနောက်ပိုင်း အခြေအနေမှာ ဘာမျှ တိုးတက် ကောင်းမွန်လာစရာ သိပ်မမြင်ရချေ။ ဒီမိုကရေစီမဲများ အနည်းနှင့်အများဆိုသလို မဲကွဲနိုင်ခြေ အလားအလာ ရှိသည်။ ကြံ့ခိုင်ရေးပါတီအတွက်မူ ယခုထက် အနည်းငယ်ပို၍ အသက်ရှုချောင်လာစရာ အလားအလာ ရှိနေသည်။

ဒီချုပ်ပါတီက တနိုင်ငံလုံးမဲအများစု အနိုင်ရပြီး အစိုးရဖွဲ့ထားနိုင်သော ယခုအခြေအနေမှာပင် ဗမာ့ဒီမိုကရေစီ အခြေအနေသည် ဘာတခုမျှ ဟုတ်တိပတ်တိ တိုးတက်ကောင်းမွန်လာသေးသည် မဟုတ်ချေ။ ကြံ့ခိုင်ရေးပါတီ အနည်းငယ်ပြန်လည် အသက်ရှူချောင်လာလျှင်မူ ပြည်သူတို့အတွက်မှာ ပို၍သာဆိုးလာ ဖွယ်ရာ ရှိပေသည်။

ထိုအခြေအနေတွင် အကောင်းဆုံးဖြစ်နိုင်သည့်လမ်းကြောင်းမှာ အဘယ်နည်း။ ၂၀၀၈ အခြေခံဥပဒေဘောင်အတွင်းတွင် ပိုကောင်းသောလမ်းကြောင်း မရှိနိုင်ပါ။ ၂၀၀၈ အခြေခံဥပဒေ ဘောင်အတွင်းက သွားသောနည်းလမ်းကို အများဆုံးမဲအရေအတွက်နှင့် စမ်းသပ်ခဲ့ကြပြီးပြီဟုဆိုနိုင်သည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် မဲအများဆုံးရခဲ့ပြီးပြီ မဟုတ်ပါလား။ မဲအများဆုံးရခဲ့သည့်တိုင် ၂၀၀၈ ဥပဒေဘောင်တွင်းလမ်းကြောင်း အောင်မြင်သည် မအောင်မြင်သည်မှာ အများအမြင်ပင် ဖြစ်သည်။ ၂၀၀၈ အခြေခံဥပဒေဘောင်အတွင်းက သွားသောနည်းဖြင့်စဉ်းစားလျှင် ၂၀၁၅ မှာထက် ပိုကောင်းသော အခြေအနေကို မည်သည့်နည်းနှင့်မျှ ကျွန်တော်တို့ ရနိုင်ဖွယ်ရာ မရှိတော့။ ထို့ကြောင့် ၂၀၀၈ အခြေခံဥပဒေ ဘောင်အတွင်းက နည်းလမ်းမှာ အလုပ်မဖြစ်နိုင်တော့ကြောင်းကို လက်တွေ့စမ်းသပ်မှုဖြင့် သက်သေထူပြီးသကဲ့သို့ ဖြစ်ခဲ့လေပြီ။ ၂၀၀၈ အခြေခံဥပဒေဘောင်အပြင်ဘက်က လမ်းကြောင်းကိုသာ မဖြစ်မနေရွေးချယ်ကြရတော့မည်ဖြစ် ကြောင်းမှာ တနေ့တခြားပို၍ သိသာ ထင်ရှားလာပြီဖြစ်ပါသည်။

## ငြိမ်းဆုံးဖို့မလွယ်လှတဲ့ ၁၉၄၈ ကစခဲ့တဲ့ ဗမာပြည်ပြည်တွင်းစစ်။

ကိုထွေး



လွတ်လပ်ရေးရကတည်းက စဖြစ်ခဲ့တဲ့ ဗမာပြည်က ပြည်တွင်းစစ်ဟာ ဒီနေ့ထိ မရပ်စဲနိုင်ဘဲ သေနတ်သံတွေကြားနေရဆဲဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးချိန်ကစပြီး ဒီကနေ့အထိ (၆၉)နှစ်အတွင်း ဖဆပလ၊မဆလ၊ နဝတ၊နအဖ၊ဦးသိန်းစိန်ရဲ့ အရပ်သားအသွင်ယူထားတဲ့ စစ်အစိုးရ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့အရပ်သားအစိုးရဆိုပြီး အုပ်စိုးသူတွေ အမျိုးမျိုးပြောင်းလာခဲ့ပေမယ့် ပြည်တွင်းစစ်ရဲ့ အခြေခံပြဿနာကိုပြေလည်အောင် မဖြေရှင်းနိုင်သေးဘူးဆိုတာ ဒီနေ့ကြားနေရတဲ့ သေနတ်သံတွေအရ ထင်ရှားနေပါတယ်။ ဗမာပြည်မှာ အုပ်စိုးသူတွေ ပုံစံအမျိုးမျိုး ပြောင်းလဲခဲ့ပေမယ့် အတိုက်အခံတွေကတော့ အခြေခံအားဖြင့် ၁၉၄၈ ပြည်တွင်းစစ် စစဉ်က ရှိခဲ့တဲ့အတိုင်း မပြောင်းလဲဘဲ၊ ဖြေရှင်းရမယ့် အခြေခံနိုင်ငံရေးပြဿနာတွေဖြစ်တဲ့ ဒီမိုကရေစီရေးနဲ့ အမျိုးသားတန်းတူ ညီမျှရေးပြဿနာကလည်း ဒီအတိုင်းတည်ရှိနေဆဲပဲဆိုတာ မြင်တွေ့နေကြရပါတယ်။ အစိုးရအဆက်ဆက်က ခေတ်ကာလအပြောင်းအလဲတွေအလိုက် ပုံစံအမျိုးမျိုးနဲ့ အပစ်အခတ် ရပ်စဲရေးပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲဆိုတာတွေကို ပြုလုပ်ခဲ့ကြပေမယ့် လုပ်ခဲ့သမျှတိုင်းဟာ အချိန်ကာလတခုသာ ရပ်စဲနိုင်ပြီး မကြာခင်မှာပဲ တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားခဲ့တာဟာ ဒီနေ့ထိပဲမဟုတ်ပါလား။

ပြည်တွင်းစစ်ဟာ ဘာကြောင့် ဒီလောက်ရှည်ကြာနေခဲ့ရတာပါလဲ။ အကြောင်းရင်းက အတိုက်အခံနိုင်ငံရေးအင်အားစုတွေနဲ့ လူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းတွေက တောင်းဆိုနေတဲ့ အခြေခံနိုင်ငံရေးအခွင့်အရေးတွေကို စစ်မှန်စွာ ခံစားရအောင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေမှာ အစိုးရတွေက ဖြေရှင်းပေးတာမဟုတ်ဘဲ သူတို့ပေးချင်တာကိုသာ ဖွတ်ထိုးပေးပြီး အတင်းလက်ခံခိုင်းခဲ့တာတွေကြောင့် ဖြစ်ပါတယ်။ မငြိမ်းချမ်းနိုင်ဘဲ တိုက်ပွဲတွေဖြစ်နေရတာက လက်ရှိရနေတဲ့ နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေးဆိုင်ရာ အကျိုးခံစားခွင့်တွေကို မကျေနပ်နိုင်တာအပေါ်မှာ အခြေခံပါတယ်။ ဒီအကြောင်းရင်းကို ဖြေရှင်းဖို့ အပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲလုပ်ကြရာမှာ အောင်မြင်မှုမရတဲ့အကြောင်းက အတိုက်အခံဖြစ်နေကြတဲ့ ဘက်တွေထဲက ဘက်တဘက်ရဲ့ ကာယကံရှင်ဖြစ်တဲ့ အစိုးရက မိဘနေရာ၊ တရားသူကြီးနေရာစတာတွေ ယူထားပြီး သူကိုယ်စားပြုတဲ့ဘက်က လိုချင်သမျှစိတ်ကြိုက်ယူနေတာတွေကို မှန်ကန်တယ်ဆိုပြီး ခတ်ပြတ်ပြတ် ဘက်လိုက်ပြီးဆုံးဖြတ်ပေးနေလို့ဖြစ်ပါတယ်။

ဒီဆုံးဖြတ်ချက်ကို လက်မခံနိုင်ပါဘူးဆိုရင်တော့ ပြန်တိုက်ကြတာပေါ့-လို့ နိုင်ငံတော်ရဲ့စစ်တပ်ကို ချုပ်ကိုင်ခွင့်ရနေပြီးနိုင်ငံတော်ရဲ့ဘဏ္ဍာငွေကိုစိတ်ကြိုက်သုံးခွင့်ရနေတဲ့ စစ်အုပ်စုပီပီ မောက်မာစွာလည်း စိန်ခေါ်တတ်ပါသေးတယ်။

ချုပ်လိုက်ရင်တော့ အစိုးရဘက်က သူတို့လိုချင်တာသာ ရအောင်တောင်းဆိုပြီးယူပေမယ့် သူတို့လျှော့ပေးရမယ့် အချက်တွေကိုတော့ လုံးဝလျှော့မပေးလိုတာကြောင့်ဖြစ်တယ်ဆိုတာ ရှင်းပါတယ်။

သူတို့အလျှော့မပေးနိုင်တဲ့ အချက်တွေက ဘာတွေလည်းဆိုတာကို သိဖို့ဆိုရင် သူတို့ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားတာတွေက ဘာတွေလည်းဆိုတာကို ပြန်ကြည့်လိုက်ရင် ရှင်းလင်းစွာမြင်နိုင်တယ်မဟုတ်ပါလား။ ဒီနေ့ လက်ရှိအစိုးရခေတ်မှာ သူတို့အထိမခံ အလျှော့မပေးနိုင်တဲ့အရာတွေအဖြစ် ထင်ရှားစွာမြင်နေရတာတွေကတော့ ၂၀၀၈ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ကာကွယ်ရေးဦးစီးချုပ်ရဲ့ မူ(၆)ချက်နဲ့ ဒီအခြေခံ မူကြီး(၂)ခုရဲ့ ရှေ့ဆောင်လမ်းညွှန်မှုအရ အစိုးရရဲ့ ကိုယ်စားလှယ်အဖွဲ့တွေက ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ လက်တွေ့အကောင်အထည်ဖော်ခဲ့တဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)ပဲဆိုတာ ရှင်းပါတယ်။ဒီ(NCA)စာချုပ်ဆိုတာဟာ အခြေခံနိုင်ငံရေးပြဿနာတွေဖြစ်တဲ့ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူညီမျှရေးအတွက် အတိုက်အခံ နိုင်ငံရေး အင်အားစုတွေ၊ လူမျိုးစုလက်နက်ကိုင်အင်အားစုတွေက တောင်းဆိုနေတဲ့အချက်တွေကို တိုက်ရိုက်ဖြေရှင်းပေးဖို့ ကြိုးစားတာမဟုတ်ဘဲ မလိမ့်တပတ်နဲ့ ချော့မြှူသိမ်းသွင်းတာ၊ စစ်ရေးအရ ခြိမ်းခြောက်ဖိအားပေးတာတွေနဲ့ အချိန်ရှည်ဆွဲထားပြီး သူတို့လိုချင်တဲ့ အချက်တွေကို လက်ခံလာအောင် လုပ်တာသာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပါတယ်။ တွေ့ဆုံဆွေးနွေးပွဲတွေကို ငွေကြေး အမြောက်အမြား အကုန်အကျခံပြီး ပုံစံအမျိုးမျိုးနဲ့ ပြည်တွင်းပြည်ပမှာ ခေါင်းစဉ်အမျိုးမျိုးတပ်ပြီးလုပ်ခဲ့ပေမယ့် အခြေခံတောင်းဆိုချက်တွေထဲက ဘယ်အချက်ရပြီး ဘယ်အချက်မရဘူးဆိုတာတော့ ခုထိ အဖြေမထွက်ပါ။ ဒီလိုနဲ့ နောက်ဆုံးမှာ ကိုယ့်တောင်းဆိုချက်တွေက အကောင်အထည်မပေါ်ဘဲ အစိုးရအလိုကျ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့အောက် တအိအိဆွဲသွင်းတာသာ ခံနေရတာကို မြင်လာကြတဲ့ အဖွဲ့တချို့ဟာ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ရှေ့ခရီးအတွက် လမ်းသစ်ရှာဖွေကြတဲ့အခြေအနေဖြစ်နေပြီဆိုတာ မြင်နေကြရပါတယ်။

ဒီအခြေအနေတွေအောက်မှာ ၂၀၁၇ ဖေဖော်ဝါရီလ ၂၄ရက်နေ့က ထွက်ပေါ်လာတဲ့ (၁)နယ်ပန်ခန်း အစည်းအဝေး ထုတ်ပြန်ချက်ကတော့ ထူးခြားပါတယ်။ (၁) ပြည်သွေးစည်းညီညွတ်ရေးပါတီရဲ့ ဦးဆောင်မှုအောက်မှာ လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်း (၈) ခုနဲ့အတူ ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးအတွက် လက်ရှိသွားနေတဲ့ (NCA) လမ်းကြောင်းကို လက်မခံနိုင်ဘဲ ဆွေးနွေးပွဲ ပုံစံသစ် တခုလုပ်ဖို့ အမြင်သစ်၊ တင်ပြချက်အသစ်တွေနဲ့ တောင်းဆိုတင်ပြလာတာ ဖြစ်ပါတယ်။ သူတို့ရဲ့တင်ပြချက်ဟာ သူတို့အဖွဲ့ အစည်းတွေရဲ့ စိတ်ဓာတ်၊ ခံယူချက်နဲ့ လိုအင်ဆန္ဒတွေဖြစ်တယ်ဆိုတာ ပေါ်လွင်ပါတယ်။ ဒီတောင်းဆိုတင်ပြချက်အသစ်ဟာ ၃၀ ခုနှစ် လောက်ကတည်းက အပစ်အခတ်ရပ်စဲရေးပြည်တွင်းငြိမ်းချမ်းရေးဆိုပြီး စစ်အုပ်စုထင်သလိုကြိုးဆွဲပြီး လုပ်လာခဲ့ရင်းက (NCA) နဲ့ ပွဲသိမ်း နိုင်တော့မယ်လို့ စိတ်ကူးနေတဲ့ စစ်အုပ်စုကတော့ ကျေနပ်နိုင်မှာမဟုတ်တာ သေချာပါတယ်။ စစ်အုပ်စုက ဘယ်လိုပင် မကျေနပ်နိုင်ပေမယ့် သူတို့ရဲ့တောင်းဆိုတင်ပြချက်ထဲမှာ ဘာတွေပဲပါပါ လက်ခံစဉ်းစား ဆွေးနွေးဖြေရှင်းပေးဖို့ကတော့ အစိုးရမှာ တာဝန် ရှိတာအမှန်ပါပဲ။ အစိုးရက ကိုယ်နဲ့ အမြင်မတူတဲ့ အတိုက်အခံအင်အားစုတွေရဲ့ နိုင်ငံရေးတောင်းဆိုချက်တွေကို ဒီမိုကရေစီအခွင့်အရေး အပြည့်အဝပေးပြီး အသေအချာ ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး အပေးအယူရှိရှိ ဖြေရှင်းပေးဖို့လိုပါတယ်။ ဒီလို သဘောထားကွဲလွဲမှုကို ပြေလည်အောင် ညှိနှိုင်းဖြေရှင်းပေးနိုင်မှ ပြည်တွင်းစစ်ပြီးဆုံးသွားအောင် လုပ်နိုင်မှာလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ စစ်အုပ်စုရဲ့ ချုပ်ကိုင်မှုအောက်မှာ အလုပ် လုပ်နေတဲ့ ဒီချုပ်အစိုးရက ဘယ်လိုကိုင်တွယ် ဖြေရှင်းပေးမလဲ ဆိုတာကတော့ စောင့်ကြည့်ရမှာပါပဲ။

သမိုင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီဟာ လွတ်လပ်ရေးအကြိုကာလတွေကတည်းက ဗမာပြည်သစ်ရဲ့အနာဂတ်အတွက် အင်္ဂလိပ်၊ ဂျပန်နယ်ချဲ့တွေကို အတူလက်တွဲ တိုက်ခဲ့တဲ့ အာဏာရ ဖဆပလ အစိုးရနဲ့ အမြင်ကွဲလွဲမှုတွေရှိခဲ့ပြီး လွတ်လပ်ရေးရပြီးနောက် ဆက်လက် ကွဲလွဲခဲ့တာဖြစ်ပါတယ်။ ကွဲလွဲမှုရှိပေမယ့် ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဥပဒေတွင်းမှာပဲ ရပ်တည်ရင်း ဖဆပလနဲ့ အမြင်ကွဲလွဲမှုကို ဆွေးနွေးတိုက်ပွဲဝင်ခဲ့တာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ ပါတီရဲ့လမ်းစဉ်အရ အလုပ်သမား၊ လယ်သမားနဲ့ မြို့နေဆင်းရဲသားအလွှာ ပေါင်းစုံရဲ့ အခြေခံအကျိုးစီးပွား တိုးတက်ရရှိရေး အတွက်လည်း ဆက်လက်တိုက်ပွဲဝင်ခဲ့တာဖြစ်ပါတယ်။

ဒါပေမဲ့ ပါတီရဲ့ဒီလိုရပ်တည်လှုပ်ရှားဆောင်ရွက်မှုတွေကို ဖဆပလ အစိုးရက သူတို့ရဲ့ အကျိုးစီးပွားတွေကို ထိခိုက်လာနိုင်တယ်လို့ ယူဆခဲ့ပြီး အာဏာသုံးကာ ၁၉၄၈၊မတ်လ ၂၈ ရက်နေ့မှာ အလစ်ယူ တိုက်ခိုက်ချေမှုန်းတာ ခံခဲ့ရတာဖြစ်ပါတယ်။

အဲဒီအချိန်ကတည်းကစပြီး ဥပဒေတွင်းရပ်တည်ခွင့် ဖျက်သိမ်းခံခဲ့ရတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဥပဒေပမှာ ဆက်လက်ရပ်တည်ပြီး ရရာလက်နက်စွဲကိုင်ကာ ခုခံတိုက်ပွဲဝင်ရင်း မိမိတို့ရဲ့ နိုင်ငံရေးရည်ရွယ်ချက်ကို ဆက်လက်အကောင်အထည်ဖော်ဖို့ ကြိုးစား

လာခဲ့တာဖြစ်ပါတယ်။ ဒီကတည်းက စခဲ့တဲ့ပြည်တွင်းစစ်ဟာ မပြီးဆုံးနိုင်သေးဘဲ ဒီနေ့ထိ အခြေခံနိုင်ငံရေးပြဿနာတွေကို ဆက်လက်ဖြေရှင်းနေကြရင်းက ကြီးမားတဲ့ ကွာဟချက်တွေ ရှိနေသေးတာ မြင်နေကြရပါတယ်။ ဒီကွာဟချက် ဆိုတာတွေဟာ သာမန်အကျိုးစီးပွား တွေမဟုတ်ဘဲ နိုင်ငံရေးအင်အားစုတွေရဲ့ ရည်မှန်းချက်၊ လူမျိုးစုအသီးသီးရဲ့ ရည်မှန်းချက်နဲ့ အနာဂတ်ပန်းတိုင်တွေ ဖြစ်ပါတယ်။ ဒီ အခြေခံ အကျိုးစီးပွားတွေကို အပြန်အလှန် အပေးအယူရှိရှိ ညှိနှိုင်းပြီး မျှတအောင် ခွဲဝေယူနိုင်ကြမှသာ ပြည်တွင်းစစ်ကို အပြီးအပြတ် ရပ်စဲပစ်နိုင်ပြီး သာယာတဲ့ ဗမာပြည်သစ်ကို အတူတကွ လက်တွဲပြီး တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ အပေးအယူရှိရှိ ညှိနှိုင်းခွဲဝေတာ မလုပ်နိုင်ဘဲ အားရှိသူအစိုးရက လှည့်စားပြီးဖြစ်စေ အင်အားသုံးပြီးဖြစ်စေ ဖြေရှင်းနေမယ်ဆိုရင်တော့ ပြည်တွင်းစစ်ဟာ ယာယီရပ်စဲနိုင်တာသာဖြစ်ပြီး မကြာခင်မှာ တိုက်ပွဲသစ် ပြန်ပေါ်ထွက်လာတာနဲ့သာ ကြုံရမှာဖြစ်ပါတယ်။ အနီးခေတ်သမိုင်းမှာ တကျော့ပြန် လက်နက်ကိုင်တိုက်ပွဲတွေ ဖြစ်လာခဲ့တဲ့ ကိုးကန့်၊ ပလောင်နဲ့ ရခိုင် လက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ သမိုင်းဖြစ်စဉ်က ငြိမ်းချမ်းရေးဆွေး နွေးပွဲကို စစ်အစိုးရက တနပ်စားဉာဏ်နဲ့ လုပ်ခဲ့တာရဲ့ အကျိုးဆက် မကောင်းပုံကို သင်ခန်းစာယူနိုင်ပါလိမ့်မယ်။

(၁၃-၃-၁၇)

---

## အမှတ်တရ-ရဲဘော်ကျော်လေး

အောင်သွေး



အရင်တပတ်-အရေးတော်ပုံဂျာနယ်မှာ ကျွန်တော် စာမရေးဖြစ်ခဲ့ပါဘူး။ ကွန်မြူနစ်တွေအသည်းက-မာတဲ့နေရာမှာ မာပေမယ့်၊ ပြည်သူတွေ ဒုက္ခရောက်နေရင်တော့- အသည်းက မမာတော့ပါဘူး၊ ပြည်တွင်းစစ်မီး အရှိန်တွေတောက်လာတာတွေ၊ စစ်ပြေး ဒုက္ခသည်တွေ များလာတာတွေ၊ချင်းတွင်းမြစ်မှာ မော်တော်နစ်တာတွေ ကြားရတော့၊ ကျွန်တော့်စိတ်တွေ စုစည်းမရခဲ့ပါဘူး။ စာရေးချင်စိတ် မရှိတော့ဘဲ စိတ်မချမ်းသာစရာတွေပဲ များနေခဲ့ရလို့ပါ။ တခါတလေ မျက်ရည်တွေလည်း ကျခဲ့ရပါတယ်။

ဒီလိုနဲ့ မင်းကင်းကိုသွားတဲ့ မော်တော် နစ်တာဆိုတော့—အတိတ်ကိုပြန်သတိရလို့ ဒီစာကို ရေးဖြစ်ပါတယ်။ အဲဒီကတဆင့် ဆုံးပါးသွားပြီဖြစ်တဲ့ ရဲဘော်ကျော်လေးကို သတိရပေါ့။

ရဲဘော်ကျော်လေးက- မန္တလေးသားပါ။ နာမည်ရင်း-က ဝင်းကိုကို လို့ ခေါ်ပါတယ်။ ပညာရေးက အထက်တန်း အဆင့်ပဲ သင်ခဲ့ရတာပါ၊ အလုပ်သမားကလာတဲ့ရဲဘော်လို့ ပြောလို့ ရပါတယ်။ ကျွန်တော်တို့ စပယ်တောစခန်းမှာ အတူတူနေခဲ့ရတာတွေတော့ ပြောမဆုံးပေါင်-တောသုံးထောင်ပေါ့ဗျာ။ သူက ကျွန်တော်တို့ စခန်းမှာ ရိက္ခာမှူးတာဝန်ပါ။ ရိက္ခာမှူးဆိုတာ စခန်းမှာရှိတဲ့ရဲဘော်တွေကို ပါတီကထုတ်ပေးတဲ့-ငွေ၊ ဆန် နဲ့ ဆီတွေကို-စီမံခန့်ခွဲပြီး ၅-ရက်တပတ် ဈေးဝယ်ကာ ရဲဘော်တွေရဲ့ နေ့စဉ် နေထိုင်စားသောက်ရေး ကို တာဝန်ယူရတာပါ။ ဒီတာဝန်က -မလွယ်ပါဘူး။ ပါတီကထုတ်ပေးတဲ့ ငွေ-ဆန်- ဆီ-ဆားဆိုတာကို သာမန်ရဲဘော်(လယ်သမား-အလုပ်သမား) တွေအတွက် စီမံခန့်ခွဲ ချက်ပြုတ်ပေးနိုင်ပေမယ့် ကျောင်းသားက-လာတဲ့ရဲဘော်တွေအတွက် စီမံပေးဖို့ကတော့-အတော်ဒုက္ခရောက်ပါတယ်။ သူတို့စားချင်တာတွေကို ဖြည့်ဆည်းပေးဖို့က မလွယ်ပါဘူး။ ဥပမာ လက်ဖက်ရည်သောက်ချင်တယ်ဆိုရင် ဘယ်လိုလုပ် ဖြည့်တင်းရမလဲ၊ ဘယ်သူမှတော ့မတောင်းဆိုကြပါဘူး။-ရယ်စရာမောစရာတော့ ပြောကြတာပေါ့။ အသားနေ့တိုင်း စားချင်တယ်ဆို ဘယ်လိုလုပ်ပါ့မလဲ။ ဒါပေမဲ့ ရဲဘော်ကျော်လေးက ရဲဘော်တွေ ထမင်းမြိန်မြိန်စားနိုင်အောင်တော့ စီမံဖန်တီးတတ်တဲ့ ရဲဘော်ပါ။ နေ့တိုင်းမစားရနိုင်ပေမယ့်– ၅-ရက်တခါတော့ အသားစားရနိုင်အောင် စီစဉ်တတ်ပါတယ်။ ပဲပုပ်ပဲကို ပဲပေါ်ချိန် ဈေးပေါတဲ့ အချိန်မှာဝယ်ပြီး-ပြုတ်တယ်။ အပုပ်စိမ်တယ်-ထောင်းတယ်-အပြားလုပ်တယ်။ နေလှန်းတယ်။ ပဲပုပ်ပြားကို ဈေးမှာ ဝယ်လို့ ရပေမယ့် ကိုယ်တိုင်လုပ်သလောက် ဈေးမပေါပါ။ တနှစ်လုံးစားနိုင်အောင် သိမ်းတယ်။ ပဲပုပ်ပြားကို ဈေးမှာမဝယ်လို့ ပိုတဲ့ငွေကို-ဈေးတပတ်တခါ-အသားစားနိုင်အောင် စီစဉ်ပါတယ်။ စားလို့ရတဲ့ တောဟင်းတောရွက်တွေကို ပလိုင်းတလုံးနဲ့ လိုက်ရှာဖွေတယ်။ အဲဒီဒေသမှာ ရောင်းတဲ့ ပဲယဉ်းကို ဈေးပေါချိန်မှာ ဝယ်ပြီး စုဆောင်းထားတယ်၊ အဲဒီပဲယဉ်းကို နူးအောင်ပြုတ်ပြီး မျှစ်ချဉ်နဲ့ ချက်တယ်။ ထမင်းမြိန် သလားမမေးနဲ့။ လူထုကူညီရေး(လယ်စိုက်-လယ်ရိတ်)တွေကိုသွားရင်-ရှေ့တန်းတိုက်ပွဲ အတူသွားရင် သူ့ပဲပုပ်ကို မျှော်ရတယ်။သူက ပဲပုပ်ကိုမီးကင်ပြီး--ဆီလေး ဆမ်းပေးတာ၊ နတ်သုဓာလေ။ ပြီးတော့ ရဲဘော်တွေ အားရှိအောင် ကစော်လည်း လုပ်ကျွေးတတ်တယ်။ ကစော်က စိတ်ရှည်-သေသပ်တိကျတဲ့ရဲဘော်မှ လုပ်လို့ရတာပါ။ ကောက်ညှင်းပေါင်းတဲ့အချိန်–တဆေးနယ်တဲ့ အချိန်တွေမှာ-ဆီထိလို့မရပါဘူး။ ဆီထိလို့ကတော ့ပျက်ပြီ ပုပ်ပြီ။ ရဲဘော်ကျော်လေးက စိတ်ရှည်တယ်-တိကျသပ်ရပ်တယ်-စေတနာရှိတယ်၊ ရဲဘော်တွေကို သူက လုပ်ကျွေးတတ်ပေမယ့်-သူကိုယ်တိုင်ကတော့ မစားတတ်ဘူး၊ အနစ်နာခံတဲ့စိတ်က အမြဲရှိ တယ်။

ကျွန်တော်နဲ့တွဲပြီး ၁၂၀-စိန်ပြောင်းအမြောက်တပ်စုမှာ အတူတိုက်ပွဲဝင်ဖူးတယ်။ သူနဲ့ရဲဘော်ခင်မောင်က အမြောက်ရေချိန် ညှိရတဲ့ရဲဘော်တွေပါ။ သူတို့နှစ်ယောက်ရဲ့ ရေချိန်ညှိတာ တိကျမှုကြောင့် မန်ခါတိုက်ပွဲမှာ-ကျွန်တော်တို့ အောင်ပွဲရခဲ့တယ်။ ခလရ-၃၃ ကို တရင်းလုံး သိမ်းပိုက်နိုင်ခဲ့တယ်။ ၁၂၀-စိန်ပြောင်းတပ်ဖွဲ့ရဲ့ တပ်ခွဲမှူးက-အင်ဒိုနီးရှားရဲဘော်ပါ။ ညီနောင်ပါတီကပေါ့။ သူနဲ့က-အင်္ဂလိပ်လိုပြောမှ ရပါတယ်။ ဒီတပ်ခွဲမှာ-၁၂၀-အမြောက်-၂လက်ရှိပြီး-တပ်စု-၁-မှာ ရဲဘော်သက်ခိုင်(၄၈၂၈-ဗ-၂) တပ်စုမှူး နဲ့တပ်စု-၂-မှာ-တပ်စုမှူးက ကျွန်တော် ဖြစ်ပါတယ်။ ရဲဘော်အောင်ငွေက ဒု-ခွဲမှူးပါ။ ရဲဘော်(---------) က အမြောက်နေရာချထားဖို့ ရန်သူ့စခန်း အကွာအဝေးကို တိုင်းထွာရတဲ့သူပါ။ တိုက်ပွဲစတော့ နောက်ရဲဘော်တဦးဖြစ်တဲ့ ရဲဘော်(-------)ရဲ့ အမြောက်က စပစ်ပါတယ်၊ တောင်ကြောပေါ်က ခလရ-၃၃-ရဲ့ စခန်းပေါ်က ကုလားပဲဟင်းချက်နေတဲ့ မီးဖိုနားမှာ ဆောင်းတွင်းမို့ မီးလှုံရင်း ကြေးနန်းရိုက်နေတဲ့ ကြေးနန်းသမားနဲ့ ပဲဟင်းမိုးပြဲဒယ်အိုးပေါ်ကို ဒုတိယအမြောက်ဆန် ကျပါတယ်။ကျွန်တော်တို့အမြောက်ကလည်း သတ်မှတ်ထားတဲ့ အကွာအဝေးအတိုင်း ပစ်နေခဲ့ပါတယ်။ အမြောက်အပစ်ရပ်ဖို့ ခြေလျင်တပ်က မီးကျည်တွေ တက်မလာသေးပါ။ ဒါနဲ့ ကျွန်တော်က ရဲဘော်ကျော်လေးနဲ့ ရဲဘော်ခင်မောင်ကို ဘယ်ဘက်–၁-မီလီစီ ပြောင်းရွှေ့ပစ်ဖို့ ညွှန်ကြားခဲ့ပါတယ်။ တောင်ကြောသာ ဆုံးသွားတယ် အမြောက်ဆန်က မကုန်သေးဘူး။ ညွှန်ကြားချက်ကလည်း အမြောက်ဆန်မကုန်ရင် ကိုယ်တိုင်ထမ်းပြန်ရမယ်တဲ့။ ဒါနဲ့ ညာဘက်-၁မီလီစီရွှေ့ပြီး ပစ်ခိုင်းရပြန်တယ်။ အမြောက်အပစ်ရပ်ဖို့ မီးကျည်တွေတက်လာချိန်မှာတော့ အမြောက်အပစ်ရပ်လိုက်ရပါတယ်။ ဒါတောင် အမြောက်ဆန်-၂-တောင့်ကျန်နေခဲ့ပါတယ်။ ဒီတိုက်ပွဲမှာ မုန်တိုင်းထိုးတဲ့တပ်တွေနဲ့အတူ တောင်ကြောပေါ်တက်လိုက်သွားတဲ့ ကိုအောင်ကျော်ဇော (ဗိုလ်မှူးချုပ်ကျော်ဇောသား)က ပြန်လာတော့ ခင်ဗျားတို့ -၁၂၀-တပ်ဖွဲ့ကိုတော့ ချီးကျူးတယ်ဗျာ-တောင်ကြောပေါ်မှာ အမြောက်ကျင်းတွေ တန်းစီနေတာပဲ-တဲ့။ သူက စခန်းပေါ်ကယူလာတဲ့ ပဲဘူးတွေ-အမဲသားဘူးတွေတောင် ယူလာပေးသေးတယ်။ ဒီတိုက်ပွဲမှာ ကျွန်တော်တို့အမြောက်တပ်ခွဲဟာ အရှေ့မြောက်စစ်ဒေသ-အမြောက်တပ်ရင်းကပေးတဲ့ စံပြနဲ့ သူရဲကောင်းဆုကို ရခဲ့ပါတယ်။ အဲဒါ ရဲဘော်ကျော်လေးတို့ရဲ့ တိကျသေသပ်မှုတွေကြောင့်လည်း ပါဝင်ခဲ့ပါတယ်။

ကျွန်တော်နဲ့ ရဲဘော်ကျော်လေး တိုက်ပွဲမှာ အဲသလိုတွဲခဲ့သလို-ပြည်တွင်းမြေအောက်ကိုလည်း-၂-ကြိမ်အတူတွဲ ဆင်းခဲ့ဖူးပါတယ်။ အခုနောက်ပိုင်း သူ ကျန်းမာရေးမကောင်းတဲ့အချိန်မှာ ရေးခဲ့တဲ့ကဗျာလေးမှာ-ကျွန်တော်နဲ့ သူ ဖြတ်သန်းခဲ့ရတာကို ရေးထားတာပါ။

စွဲမြဲခိုင်ကျည် ဖွဲ့အားမာန်
(သို့မဟုတ်) နစ်ခါပြန် တိုက်ပွဲဝင်ချင်သေးတယ်

ဟုတ်တယ်
မသေမရှင်ဘဝမှာ
မသေဘူးဆိုတာ
ဦးနှောက်နဲ့ နှလုံးသား
စဉ်းစားလို့ ကောင်းနေဆဲ
သွေးအား
သွေးအသွားအလာလည်း ကောင်းနေဆဲပါ။

တခါတလေမှာ
ငါဘယ်ရောက်နေသလဲ
ငါတို့ဘယ်ရောက်နေသလဲ
မတ်စောက်ချောက်ကမ်းပါး
တွားသွား သတ္တဝါတကောင်လို
နေ့တစွက်စွက်
ည တစွက်စွက်
ရွှံ့ဗွက်ရေနဲ့ မျက်နှာသစ်ရင်း
"ဒွန်နီ"ကို ခရီးပြင်း ချီတက်နေတုန်းပဲလား။

"တော်နေ" "တိုက်ကျယ်" သွား
ကားလမ်းပေါ်မှာလား
ဟို"ကုန်းပေါင်း"တောင်ယံကြောမှာ
သေနတ်သံ
အမြောက်သံတွေ ကြားရပြန်တဲ့အခါ
မန်ရူ မန်ခါ စစ်မျက်နှာကို ပြန်ရောက်နေသလား
မန်းရှန် စစ်မျက်နှာကို ပြန်ရောက်သွားသလား
ယုန်အန်း ပန်ယန်း စစ်မျက်နှာကို
ပြန်ရောက်နေသလား
ဝနယ်တောင်တန်းတွေပေါ်မှာ
လက်နက်ကြီးတွေ ထမ်းရင်း
ပန်ဆန်းကာကွယ်ရေး
အခြေခံဒေသ ကာကွယ်ရေး စစ်မျက်နှာတွေမှာ
ငါတို့ ခြေရာချင်း ထပ်ခဲ့တယ်။

တခါတလေမှာ

ငါ ဘယ်ရောက်နေသလဲ
ငါတို့ဘယ်ရောက်နေသလဲ
ဖန်းမော်ရောက်တဲ့ ညများမှာ
ငိုအားထက် ရယ်အားသန်
နှစ်ခါပြန် ရယ်မိတယ် ဆရာချစ်ရယ်။

ရန်ကုန်ညများမှာ
တက်လမ်း
ဆုတ်လမ်း ရှာဖွေ
သတိရနေတယ်....ဘငွေရယ်။

အဲဒါတွေ
အဲဒီဖြစ်စဉ်တွေမှာ
ငါတို့ဟာ
လက်နက်ကိုင်ထားတဲ့ စစ်မြေပြင်မှာ ဖြစ်ဖြစ်
လက်နက်ဆို အပ်တိုတချောင်းမျှ မရှိတဲ့ စစ်မြေပြင်မှာ ဖြစ်ဖြစ်
ဘယ်စစ်မျက်နှာ ဝင်ဝင်
ဘယ်တိုက်ပွဲခွင်ရောက်ရောက်
ဦးနှောက်နဲ့ နှလုံးသား
မျှဝေခံစားရင်း
ရင်ခုန်သံချင်း ဂဟေဆက်
ရက်ဆက် ချီတက်ခဲ့ကြတယ်။
 ဆက်လက်ချီတက်ကြတယ်ဆိုတာ.....
အဲဒါတွေကို
အဲသလို စဉ်းစားနေဆဲမှာ
ငါ.....
ကိုယ်ခန္ဓာ ဟန်ချက်ပျက်
အကြောနဲ့ ကြွက်သားတွေက
ငေါထွက်လာတဲ့ အရိုးတွေကို
မထိန်းနိုင် မထမ်းနိုင်တော့တဲ့အခါ
ကြိုးပြတ်တာ မဟုတ်ပေမယ့်
ကြိုးရှုပ်တဲ့ အရုပ်ဆိုပါတော့။

အဲဒါတွေကို
အဲသလို စဉ်းစားနေဆဲမှာ
ငါ...
မသေမရှင်ဘဝမှာ
ဒါ ဘာအရေးလဲ
ကွန်မြူနစ်တို့ရဲ့ ဖွဲ
ကွန်မြူနစ်တို့ရဲ့အားမာန်
နှစ်ခါပြန် တိုက်ပွဲဝင်ချင်သေးတယ်။

နှစ်ခါပြန်တိုက်ပွဲ ဝင်နိုင်သေးတယ်ဆိုတာ

ရဲဘော်တွေ သိပါတယ်။ ।

(မှတ်ချက်။ ။ ဒွံနွံ-တော်နေ-တိုက်ကျယ်- ကုန်းပေါင်း....တို့မှာ ရှမ်းပြည်နယ်အတွင်းရှိ ရွာအမည်များ ဖြစ်ပါတယ်။)
ကဗျာဆရာဝင့်မော်(R.T. C) ခေါ် ရဲဘော်ကျော်လေးဟာ ၂၀၀၈ အောက်တိုဘာ ၁၈ ရက်နေ့မှာ ကွယ်လွန်သွားခဲ့ပါတယ်။

ဒီကဗျာထဲက--ဒွံနွံ-တော်နေ-တိုက်ကျယ် ဆိုတဲ့ရွာတွေကို အတူသွားခဲ့ကြတာပါ။ ကုန်းပေါင်းတောင်ယာမှာလည်း အတူနေခဲ့ကြတာပါ။နမ့်ဆန်-မိုးမိတ် ဂွင်တွေပေ့ါ၊ အဲဒီလိုမြေအောက်သွားတဲ့အထဲမှာ တခေါက်က သူနဲ့ ကျွန်တော် ဗန်းမော်ကိုဝင်ပီး-သင်္ဘောစီးကာ- ကသာဘက်ကို ကူးပါတယ်။ ကသာအကူးမှာ- သင်္ဘောသောင်တင်ပါတယ်။ ရဲဘော်ကျော်လေးက မျက်နှာထားလည်း တည်ကြည်ပြီး ရေလိုက်ငါးလိုက်လည်း မပြောဆိုတတ်ပါ။ သင်္ဘောသောင်တင်တာ ငါးရက်လောက်ကြာပါတယ်။ ကျွန်တော်ကတော့ သင်္ဘောပေါ်မှာရှိတဲ့ခရီးသွားတွေနဲ့ ရယ်လိုက်မောလိုက် ပြောဆိုနေတတ်ပေမယ့် ရဲဘော်ကျော်လေးကမနေတတ်တော့ သင်္ဘောပေါ်မှာ ပါလာတဲ့- စာအုပ်အငှား ဆိုင်ကစာအုပ်တွေပဲ ငှားပြီးဖတ်နေပါတယ်။ ဘာသာပြန်စုံထောက်စာအုပ်တွေရော ကာတွန်းစာအုပ်တွေရောပေါ့။ -၃-ရက်လောက်နေတော့- ဖတ်စရာစာအုပ်တွေ ကုန်ပြီ၊ အသစ်မရှိတော့ပါဘူး။ သောင်တင်တာကလည်း မလွတ်သေး။ သင်္ဘောပေါ် ပါလာတဲ့ ပုလိပ်က-ကျွန်တော်တို့ -၂-ယောက်ကို-ကြာလေ မသင်္ကာဖြစ်လေပေ့ါ။ ဒါကို သူလည်းသိပါတယ်။ ကျွန်တော်က သူ့ကို စိတ်တည်ငြိမ်အောင်ထား- ငါလုပ်တာ ဘာမှမပြောနဲ့ဆိုပြီး အဲဒီပုလိပ်ကို ဧည့်ခံပါတယ်။ ထမင်းဝယ်ကျွေး အရက်တိုက်ပေ့ါ။ ဟေးလားဝါးလားပေ့ါ။ အဲပုလိပ်က သင်္ဘောပေါ်က ထမင်းဟင်းကို နေ့တိုင်း စားနေရလို့ ငြီးတယ်ဆိုလို့ အနီးအနားရွာတွေက သောင်တင်သင်္ဘောဆီကို လှေနဲ့လှော်လာပြီး ရောင်းတဲ့ ဟင်းတွေလည်း ဝယ်ကျွေးရတာပေ့ါ။ အဲလိုနဲ့ မန္တလေး ရောက်ခဲ့ရတာပါပဲ။ မန္တလေး ရောက်တော့- သူနဲ့ကိုယ်နဲ့ အလုပ်တာဝန်ချင်းမတူတော့ လမ်းခွဲခဲ့ရတာပေ့ါ။ သို့ပေမယ့် အတူတူပြန်ဖို့ ရက်ချိန်းတော့ လုပ်ခဲ့ကြပါတယ်။ ဗန်းမော်မှာ ပြန်ဆုံဖို့ပေ့ါ။ အဲဒီအခေါက်မှာ ကျွန်တော်က မုံရွာကနေ-မင်းကင်းကို သွားခဲ့တာပါ။ ကျွန်တော်စီးခဲ့တဲ့သင်္ဘောက-သလ္လာဝတီ-၂- လို့ မှတ်မိနေပါတယ်။ တခါမှမရောက်ဖူးတဲ့ ချင်းတွင်းမြစ်ပေါ်မှာ- ချင်းတွင်းအမှတ်တရတွေက များမှများပေ့ါ၊ တက္ကသိုလ်ကျောင်းနေတုန်းက ချင်းတွင်းဒိုးကို အမှတ်ရသလို- ချင်းတွင်းဂျာနယ်ကိုလည်း အမှတ်ရပေ့ါ။ သင်္ဘောပေါ်မှာလည်း-လူကများလည်း မများ- နည်းလည်းမနည်း။ အမှတ်ရတာတခုကတော့ တောထဲရောက်နေတဲ့ကောင်-ငယ်ငယ်က -ဂရင်မ်ဆော်ဒါ-သောက်ခဲ့ရတာ- အခုကတော့ စပတ်ကလင်—တဲ့။မဆိုးပါဘူး-အရသာတော့ တူပါတယ်။

အလုပ်တာဝန်တွေပြီးကြတော့ ရက်ချိန်းအတိုင်း ရဲဘော်ကျော်လေးနဲ့ ဗန်းမော်မှာ ပြန်ဆုံကြပါတယ်။ ကျွန်တော်တို့ တည်းခိုတဲ့အိမ်ကို အဲဒီညက ရပ်ကွက်ကောင်စီက လူငယ်တယောက် လာစစ်ပါတယ်။ လဂက မပါ-ပုလိပ်မပါပါဘူး။ အဲဒီကောင်က ကျွန်တော်တို့-၂-ယောက်မှတ်ပုံတင်ကိုကြည့်ပြီး အစစ်မဟုတ်ဘူးနဲ့တူတယ်လို့ ပြောလာပါတယ်။ ကျွန်တော်က-- မင်းဘာပြောတာလဲ ဆိုပြီး ဟောက်တော့-အဲဒီကောင် အသံတိတ်သွားပါတယ်။ ယုံချင်မှယုံပါ၊ အဲဒီအချိန်က မူဆယ်၊ နမ့်ခမ်းက ဥက္ကဌတွေကို စာနဲ့ ရေးပြီး လှမ်းခေါ်လိုက်ရင် စက်ဘီးလေး စီးလာပြီး ခရိုင်ပါတီရုံးကို လာတွေ့ရတဲ့အချိန်တွေပါ။ အဲလိုနဲ့ အဲဒီအိမ်မှာ တညအိပ်ပြီး ဗန်းမော်-နမ့်ခမ်းကားလမ်းအတိုင်း ခြေကျင်လျှောက်ပြန်လာကြပါတယ်။ အပြန်လမ်းမှာတော့ လွတ်လပ်ပေ့ါပါးစွာနဲ့ပေ့ါ။ စိတ်ချရတဲ့-နေရာရောက်တော့-ရဲဘော်ကျော်လေးက ကျွန်တော့်ကို မေးပါတယ်။ မနေ့ညက -ရပ်ကွက်ကောင်စီကကောင်ကို ခင်ဗျားပြောတာ အသံအရှိန်မကုန်သေးဘူး-။ ဘာဆက်ပြောချင်တာလဲမေးတော့- ကျွန်တော်က ဩော်--မင်းဘာပြောတာလဲ-မှတ်ပုံတင်အတုပါဆိုမှ-ဘာအစစ်မဟုတ်ဘူးလဲလို့ ပြောမလို့ကွ—လို့လည်း ပြောရော- ရဲဘော်ကျော်လေး ရယ်လိုက်တာ- လမ်းဆက်လျှောက်လို့ မရတော့ဘူး။ အဲဒါကို သူ အမြဲတမ်း သတိရပြီး ကဗျာထဲမှာ စပ်ဆိုခဲ့တာပါ။

အဲဒီလမ်းမှာ ခရီးသွားဖော်အဖြစ်-ဗန်းမော်ကဝယ်လာတဲ့ ဖိသိပ်ထားတဲ့ ဗာဂျီးနီးယား ဆေးမျှင်ခြောက် လေးထောင့်တုံးတွေကို ဆိုင်းထမ်းနဲ့ နမ့်ခမ်းကိုသယ်လာတဲ့ အမေကြီး-၃-ယောက်နဲ့ အဖော် ဖြစ်ခဲ့ပါတယ်။ ရဲဘော်ကျော်လေးက-အမေကြီးတွေ ထမ်းပိုးနဲ့ ထမ်းလာတဲ့ဆေးထမ်းပိုးကို—အလှည့်ကျ တနေကုန် တလမ်းလုံး ကူပြီး ထမ်းပါတယ်။ နားတဲ့အခါ-အတူထမင်းစားပေ့ါ။ သူတို့က ရှမ်းလိုပြော-ကိုယ်တွေက မပေါက်။ သူတို့ကကျွေး- ကိုယ်ကစားပေ့ါ။ အဲ-လမ်းမှာ ကေအိုင်အေ ဒေသရောက်တော့ ကေအိုင်အေ တပ်ဖွဲ့တဖွဲ့နဲ့တိုး၊ ကျွန်တော်တို့-၂-ယောက်ကို စစ်ဆေးပါတယ်။ ဗမာတွေဖြစ်နေလို့ပါ။ ရဲဘော်ကျော်လေးကတော့ မျက်နှာတင်း

လာပြီး။ အမကြီး-၃-ယောက်ကလည်း ဆက်မသွားဘဲ ခပ်ဝေးဝေးကနေ ကျွန်တော်တို့အရိပ်အခြေကို စောင့်ကြည့်နေရှာပါတယ်။ ကျွန်တော်တို့ တခုခုဖြစ်ရင် ကူညီဖို့တဲ့။ ခဏနေမှ-ကေအိုင်အေမိတ်ဆွေတွေကို ကျွန်တော်တို့က ဗကပဖြစ်ကြောင်း မန်ဟျိုး (အခု မန်ဟီးရိုးလို့ခေါ်)ကို သွားမှာဖြစ်ကြောင်းပြော- သူတို့က ကိုယ်တို့ခရိုင်မှူး-တပ်မှူး နာမည်တွေမေးတော့ ဖြေ-အဲဒီအခါကျမှ လွှတ်ပေးလိုက်တာပါ။ အမကြီးတွေနဲ့အတူ အဲဒီကနေ ဆက်ထွက်လာရင်း မန်ဝိန်းလမ်းခွဲရောက်တော့-ကျွန်တော်တို့က လုံတောင်းဘက်ကို လမ်းခွဲခဲ့ပါတယ်။ အမကြီးတွေက-အဲဒီကျမှ သဘောပေါက်သွားပြီး-အထမ်းတွေချ လက်တပြပြ၊ တဘက်တွေ ဇော့ရမ်းလို့နှုတ်ဆက်-မျက်ရည်တွေကျ-နမ့်ခမ်းဘက်ကို သွားခဲ့ပေ့ါ။

နောက်တခါကတော့ ရဲဘော်ထွန်းကပဲ ပေးခဲ့တဲ့တာဝန်ပါပဲ။ ပါတီ ကစဥ့်ကလျားဖြစ်နေတဲ့အချိန်-၁၉၉၂-မှာပါ။ ရဲဘော်ထွန်းက ကျွန်တော်နဲ့ရဲဘော်ကျော်လေးကို-ကေအိုင်အေဗဟိုကို သွားတွေ့ဖို့ တာဝန်ပေးခဲ့ပါတယ်။ တရုတ်ပြည် ယင်ကျန်းမြို့ ကနေပြီး လိုင်ဇာကိုဝင်ရပါတယ်။ ယင်ကျန်းမြို့ရောက်တော့ ကျွန်တော်က ရဲဘော်ကျော်လေးကို သူ့အတွက် အဝတ်အစားတစုံဝယ်ဖို့ ပြောပါတယ်။ ခံ့ခံ့ညားညား ရှိဖို့ကလည်း လိုသေးတာကိုး။ ကျွန်တော်က တရုတ်ကုန်တိုက်ဆိုင်ထဲ ဝင်ကြည့်နေတုန်း -ရဲဘော် ကျော် လေးက ကုန်တိုက်ရှေ့က လမ်းဘေးမှာ ချရောင်းနေတဲ့ လေဘေးထည်တွေကိုရွေးပြီးနေပြီ။ ကျွန်တော် ဘယ်လိုမှပြောမရ။ သူ့ အကြောင်းလည်း ကိုယ်ကသိနေတော့ ဆက်မပြောတော့။ အဲဒီလောက်က မဆိုးသေးဘူး။ အဲဒီခရီးကပြန်လာတော့-အဲဒီဝတ်စုံကို ကျွန်တော့်ကို လာပြီး ပြန်အပ်တယ်ဗျာ။ သူဟာ ကျွန်တော့်ထက် ငယ်ပါတယ်-ဒီလိုရဲဘော်မျိုး ငယ်ငယ်ရွယ်ရွယ်နဲ့ဆုံးပါးသွားရတာကို ကျွန်တော် နမြောတသမိပါတယ်။ ပါတီနဲ့ပြည်သူ ကို အလုပ်အကျွေး ပြုခဲ့တဲ့-ရဲဘော်ကျော်လေး ထာဝရစဥ် ဥဒါန်းတွင်ပါစေ။

---

**ကွန်မြူနစ်စနစ် နှင့် အမျိုးသမီး**

**ယင်းမာ**



လူသားမျိုးနွယ်၏ ထက်ဝက်ဖြစ်သော အမျိုးသမီးများသည် အမျိုးသားများထက် တဆင့်နိမ့်ကျစွာဖြင့် အသက်ရှင်နေထိုင်ကြရသည်။ မျက်မှောက်တည်ရှိနေသော အရင်းရှင်လူ့အဖွဲ့အစည်းက ထိုအတိုင်း ပြဋ္ဌာန်းထားသည် ။ အင်္ဂလိပ်ဥပဒေ Common Law ၌ ပြဋ္ဌာန်းခဲ့ဖူးသော “Husband and wife are one, and that one is husband.” ကိုကြည့်လျှင် ဥပဒေအရပင် မိန်းမ ကို ယောကျ်ားအောက်မှာ သွတ်သွင်းထားသည်ကို တွေ့ရသည်။ ဗမာ့လူ့အဖွဲ့အစည်းတွင် မိန်းမ ဟူသည် “သားကို သခင် ၊ လင်ကို ဘုရား” မှတ်ယူကျင့်ကြံရမည် ဟူသော ဆိုစကားသည် မိန်းမသည် ယောကျ်ားထက် နိမ့်ကျသည်၊ ယောကျ်ားသည် မိန်းမထက် မြင့်မြတ်သည်ဆိုသည့် အတွေးအခေါ်မှ ထွက်ပေါ်လာသော ဆိုစကား ဖြစ်သည်။ ထိုသို့ အမျိုးသမီးများသည် အမျိုးသားများထက် နိမ့်ကျသူများဖြစ်ကြောင်း၊ အမျိုးသားများ

လို မြင့်မြတ်သူများ မဟုတ်ကြောင်း အယူအဆကို ကမ္ဘာပေါ်ရှိ မျိုးနွယ်အသီးသီး၊ ဘာသာရေးအသီးသီး ၊ ဟောင်းနွမ်းဆွေးမြေ့သော အတွေးအခေါ် အသီးသီးတို့၌ စွဲစွဲမြဲမြဲ ကပ်ငြိနေသည်။ သို့ဖြစ်၍ ဘူဇွာအရင်းရှင်အမျိုးသမီးဖြစ်စေ၊ အလုပ်သမားအမျိုးသမီးဖြစ်စေ အမျိုးသမီးမှန်လျှင် ခွဲခြားခံရသည်။ ဖိနှိပ်ခံရသည်။ ထိုအထဲမှ ပစ္စည်းမဲ့အမျိုးသမီးအလုပ်သမားများသည် နှစ်ထပ်ကွမ်း ဖိနှိပ်ခံရသည် ဟု လီနင်က ဆိုပေသည် ။

လူ့လုပ်အားအပေါ် ခေါင်းပုံဖြတ်အမြတ်ထုတ်သည့် အရင်းရှင်စီးပွားရေးနှင့် တသီးပုဂ္ဂလိကဆန်သော အရင်းရှင်အိမ်ထောင်မှု ပုံသဏ္ဍာန်အောက်တွင် အမျိုးသမီးတဦးသည် သူ၏လွတ်မြောက်မှုအတွက် သူ့ကို ချည်နှောင်ထားသော အရင်းရှင်စီးပွားရေးသံကြိုး ၊ အရင်းရှင်အိမ်ထောင်မှုသံကြိုး ထိုသံကြိုးနှစ်ခုကို ဖြတ်တောက်ရန် လိုပေသည်။ ယောကျ်ားကြီးစိုးမှုကို အခြေခံထားသော အရင်းရှင် လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများ ဖိနှိပ်ခံရသည် ဆိုရာတွင် အရင်းရှင်စနစ်က ဖိနှိပ်သည်လား၊ အမျိုးသားများက ဖိနှိပ်သည်လား ဆန်းစစ်ဝေဖန်ရပေမည်။ ၎င်းသည် အရေးကြီးသည်။ ဖိနှိပ်ခံအမျိုးသမီးတဦးသည် မိမိကိုဖိနှိပ်သည့် အဓိကလက်သည်ကို ရှင်းရှင်းလင်းလင်း သိမြင်ရန် အရေးကြီးသည်။ ဖခင်အုပ်စိုးသော အိမ်ထောင်မှုပုံစံမှ သက်ဆင်းလာသောကြောင့် ယောကျ်ားကြီးစိုးသော ယနေ့ အရင်းရှင် လူ့အဖွဲ့အစည်းတွင် အမျိုးသားများ၏ဖိနှိပ်မှု ရှိမည်ဖြစ်သော်လည်း အရင်းရှင်စနစ်သည်သာ အမျိုးသမီးများကို ဖိနှိပ်ထားသည့် အဓိကလက်သည် တရားခံပင် ဖြစ်သည်။ အရင်းရှင်စနစ်ကိုသာ တိုက်ဖျက်နိုင်လျှင် ယောကျ်ားကြီးစိုးမှုလည်း ပပျောက်ကာ ကျားမမခွဲ လူအချင်းချင်း တန်းတူညီမှုကို ဖန်တီးတည်ဆောက်နိုင်ပေမည်။ သို့ဆိုလျှင် မည်သည့်အကြောင်းတရားများက အမျိုးသမီးများကို ကန့်သတ်ထားသနည်း။ မည်သည့်အခြေအနေများက အမျိုးသမီးများကို ဖိနှိပ်ထားသနည်း။ အမျိုးသမီးများ လွတ်မြောက်ရေးကို မည်သို့ ကြံဆောင်မည်နည်း။ အမျိုးသမီးများ လွတ်မြောက်ရေးအတွက် မည်သည့်အရာများ ဖျက်သိမ်းရမည်နည်း။ မည်သည့်အရာများကို ပြောင်းလဲရမည်နည်း။ အဆိုပါအကြောင်းအရာများကို ရှင်းလင်းစွာ နားလည်သဘောပေါက်ထားရန် လိုပေသည်။ ယနေ့ အရင်းရှင်လူ့အဖွဲ့အစည်းတွင် အမျိုးသမီးအရေးလှုပ်ရှားမှုများ စီစီညံကာ အမျိုးသမီးအရေး လှုပ်ရှားသူ(feminist) များ ခြေချင်းထပ်၍ အမျိုးသမီးအခွင့်အရေးတောင်းဆိုသည့်အဖွဲ့များ ပွတ်သိပ်နေသည်။ သို့ဖြစ်သောကြောင့် အမျိုးသမီးများ လွတ်မြောက်ခါနီးပြီလား။ယောကျ်ားကြီးစိုးသော လူ့အဖွဲ့အစည်းတွင် မလွဲဧကန် ဖြစ်ပေါ်လေ့ရှိသည့် အမျိုးသမီးများ အဓမ္မကျင့်ခံရခြင်း၊ ရောင်းစားခံနေရခြင်း၊ အကြမ်းဖက်ခံနေရခြင်းနှင့် ပြည့်တန်ဆာများ ပပျောက်သွားပြီလား သို့မဟုတ် လျော့နည်းသွားပြီလား။ မဟုတ်ပါ။ အမျိုးသမီးအရေး လှုပ်ရှားသူ feminist များသည် အရင်းရှင်စီးပွားရေးစနစ်ဘောင်အတွင်းတွင် အရင်းရှင်များအလိုကျ လှုပ်ရှားနေသူများသာ ဖြစ်သည်။ အမျိုးသမီးများကို အစစ်အမှန် အမျိုးသမီးလွတ်မြောက်ရေး လမ်းကြောင်းပေါ် မရောက်စေရန် အာရုံလွှဲသည့် လှုပ်ရှားမှုများ ဖန်တီးနေသူများ ဖြစ်သည်။ feminist များသည် အမျိုးသမီးများတန်းတူညီရေးကို တောင်းဆိုကြသည်။ အမျိုးသမီးများ မဲပေးခွင့်ရရေး တောင်းဆိုကြသည်။ အရင်းရှင်စီးပွားရေးစနစ်အောက်တွင် လူလူချင်းတန်းတူညီရေးသည် မဖြစ်နိုင်ပေ။ ထို့အတူ အမျိုးသမီးများ တန်းတူညီရေးသည်လည်း မဖြစ်နိုင်ပေ။ ယနေ့အချိန်အခါတွင် အမျိုးသမီးများ မဲပေးခွင့်ရနေပြီ။ သို့သော် ထိုမဲပေးခွင့်သည် အရင်းရှင်စနစ်တွင် ကြိုတင်စီမံထားသော အုပ်ချုပ်သူများကို ရွေးချယ်ရာ၌သာ အသုံးဝင်သည်။ အုပ်ချုပ်ရေးကဏ္ဍ ၊ စီမံကဏ္ဍ များတွင် အမျိုးသမီးတချို့ပါဝင်လာနေပြီဖြစ်သည် ထိုသို့ ပါဝင်လာခြင်းသည် အမျိုးသမီးများအဆင့်မြင့်မားလာပြီ ဟု မဆိုနိုင်သလို အမျိုးသမီးများလွတ်မြောက်ပြီ ဟု လည်း မယူဆနိုင်ပေ။ အရင်းရှင်များက စွန့်ကြဲသော ပေါင်မုန့်အကျိုးအကြေများကို ဘူဇွာအရင်းရှင်အမျိုးသမီးတချို့ ရရှိခြင်းသာ ဖြစ်သည်။ အမျိုးသမီးအများစု မှာ အခွင့်အရေးများ ကန့်သတ်ခံနေရဆဲ ဖြစ်သည်။ လွတ်လပ်စွာ အလုပ်မလုပ်နိုင်ဘဲ အိမ်ထောင်မှုကိစ္စများတွင် နစ်မြုပ်နေကြဆဲဖြစ်သည်။ ထို့ကြောင့် feminism သည်လည်းကောင်း၊ feminist သည်လည်းကောင်း အမျိုးသမီးများလွတ်မြောက်ရေးကို ဆောင်ကြဉ်းပေးမည့်အရာ မဟုတ်။ ဟန့်တားမည့်အရာ ဖြစ်သည်။ ယနေ့ခေတ်တွင် အရင်းရှင်များကြီးမှူးကျင်းပသော အမျိုးသမီးများနေ့ အခမ်းအနားများ၊ အမေနေ့ နေ့ထူးနေ့မြတ်များသည် အရင်းရှင်စနစ်တွင် အမျိုးသမီးများ ကို မဖိနှိပ်သယောင်၊ အမျိုးသမီးများကို အခွင့်ထူးများပေးထားသယောင် ဆောင်ထားသော အရင်းရှင်တို့၏ အပေါ်ယံရွှေမှုန်ကြဲသည့်လုပ်ရပ် ဖြစ်သည်။ ထိုအခမ်းအနားများတွင် feminist များသည် တက်ကြွစွာ ပါဝင်ခြင်းဖြင့် အရင်းရှင်အကျိုးစီးပွားကို တောက်ပအောင် အရောင်တင်ပေးကြသည်။ အရင်းရှင်စနစ်အောက်မှာပင် အမျိုးသမီးတို့၏လွတ်မြောက်ရေးကို ရနိုင်သယောင် လှည့်စားသည်။ အမျိုးသမီးလွတ်မြောက်ရေးနှင့် အရင်းရှင်စနစ်အောက်မှ လွတ်မြောက်ရေးကို ခွဲခြားထားသည်။ ထိုနည်းဖြင့် အရင်းရှင်စနစ်ကို အကာအကွယ် ပေးနေခြင်းသာဖြစ်သည်။

အရင်းရှင်စနစ်အောက်တွင် အမျိုးသမီးများ နှစ်ထပ်ကွမ်းဖိနှိပ်ခံရသည်ဆိုသည်မှာ အမျိုးသမီးများသည် အိမ်တွင်းတွင် အိမ်ထောင်မှုပုံသဏ္ဍာန်အရ ဖိနှိပ်ခံရသည့်အပြင် ကုန်ထုတ်လုပ်ငန်းတွင် စီးပွားရေးအရ ဖိနှိပ်ခံရခြင်း ကို ဆိုလိုသည်။ ကုန်ထုတ်လုပ်ငန်းတွင် ယောကျ်ားများနှင့်အပြိုင် လွတ်လွတ်လပ်လပ် ဝင်ရောက်မလုပ်ကိုင်နိုင်ခြင်း၊ ခွဲခြားကန့်သတ်ခံနေရခြင်း၊ ယောကျ်ားများနှင့်တန်းတူလုပ်ခလစာမရခြင်း တို့သည် စီးပွားရေးအရ ဖိနှိပ်ခံရခြင်း ဖြစ်သည်။ လူ့အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်မှုကို ပြဋ္ဌာန်းသည့် ထုတ်လုပ်ခြင်း ၂မျိုးအနက် တမျိုးဖြစ်သော လူထုတ်လုပ်ခြင်းကို လူ့အဖွဲ့အစည်း၏ တာဝန်ယူမှု ကင်းမဲ့စွာဖြင့် ထမ်းဆောင်ရခြင်း၊ ဆိုရှယ်အသိုင်းအဝိုင်းနှင့်ကင်းကွာပြီး အိမ်၌ အိမ်မှုကိစ္စများကို တဦးတည်း ဒိုင်ခံ၍ အိမ်ထောင်ကျွန်အဖြစ်ဖြင့် လုပ်ကိုင်နေရခြင်းတို့သည် အိမ်ထောင်မှုပုံသဏ္ဍာန်အရ ဖိနှိပ်ခံရခြင်း ဖြစ်သည်။ ထိုဖိနှိပ်မှု ၂မျိုးတွင် အိမ်ထောင်မှုပုံသဏ္ဍာန်အရ ဖိနှိပ်ခံနေရမှုသည် အဓိကကျသည်။ အမျိုးသမီးများ လွတ်မြောက်ရေးအတွက် အရေးကြီးသည် ။

လူ့သမိုင်းတွင် ကုန်ထုတ်လုပ်မှုများ အဆင့်ဆင့်တိုးတက်လာသည့်အလျောက် အိမ်ထောင်မှုပုံသဏ္ဍာန်သည်လည်း လိုက်ပါပြောင်းလဲလာရာ အရင်းရှင်ခေတ်တွင် အိမ်ထောင်မှုပုံသဏ္ဍာန်သည် ကျုံ့လာသည်။ သီးသန့် ဆန်လာသည်။ တသီးပုဂ္ဂလ ဆန်လာသည်။ ဤတွင် အမျိုးသမီးများသည် အိမ်အတွင်း၌ အိမ်မှုကိစ္စများကို တဦးတည်း ဆင်းရဲပင်ပန်းစွာ တကုပ်ကုပ်လုပ်ကြရသည်။ အားနှင့်ခွန်နှင့် လုပ်ရသည့် အလုပ်များရှိသလို ငြီးငွေ့ဖွယ် အီနေအောင် လုပ်ရသည့်အလုပ်များလည်း ရှိသည်။ ပေရေနံစော်နေသည့် အလုပ်များကို ရှောင်လွှဲမရ လုပ်ရသည်များ ရှိသလို မီးဖိုချောင် အလုပ်ကြမ်းများကို မုန်းစရာကောင်း လောက်အောင် ထပ်ခါတလဲလဲ လုပ်နေရသည် များလည်း ရှိသည်။ ထိုအမျိုးသမီးများသည် အရင်းရှင်စနစ်၏ ကုန်ထုတ်လုပ်ငန်းတွင်ပါ ပါဝင်လာရသောအခါ ကြီးမားလေးလံသည့် ဝန်ထုပ်ဝန်ပိုးကို တဦးတည်း သိမ်းကျုံးခံရသူများ ဖြစ်လာသည်။ သို့ဖြစ်၍ ကွန်မြူနစ်အမျိုးသမီးများ အနေဖြင့် တနည်းဆိုသော် ပစ္စည်းမဲ့အမျိုးသမီးများအနေဖြင့် ပစ္စည်းမဲ့အမျိုးသားများနှင့် လက်တွဲပြီး အရင်းရှင်စနစ်ကို တွန်းလှန်ဖြိုဖျက်ရမည့် တာဝန်အပြင် အမျိုးသမီးထုတရပ်လုံး လွတ်မြောက်ရေးအတွက် အရင်းရှင်အိမ်ထောင်မှုပုံသဏ္ဍာန်ကို ဖျက်သိမ်းပစ်ရမည့် တာဝန်ပါ ထမ်းဆောင်ရမည် ဟု လီနင်က ညွှန်ပြခဲ့သည်။ ကွန်မြူနစ်အမျိုးသားများသည်လည်း ထို့အတူပင် ထမ်းဆောင်ရမည် ဖြစ်ပေသည်။

(၁) အမျိုးသမီးများကို အိမ်ထောင်ကျွန်ဘဝမှ လွတ်မြောက်အောင် ဆောင်ကြဉ်းပေးရမည်။

(၂)အမျိုးသမီးများကို ကုန်ထုတ်လုပ်ငန်းတွင်ပါဝင်အောင်လုပ်ဆောင်ပြီး အမျိုးသားများနှင့်တန်းတူ ကုန်ထုတ်လုပ်နိုင်စွမ်းအားကို မြှင့်တင်ပေးရမည်။

ထိုအချက် ၂ ချက်သည် အမျိုးသမီးလွတ်မြောက်ရေးအတွက် လုပ်ဆောင်ရမည့် အချက် ၂ ချက်ဖြစ်ကြောင်း လီနင်က ထုတ်ဖော်ပြောကြားသည်။

အရင်းရှင်စနစ်က အမျိုးသမီးများကို ကုန်ထုတ်လုပ်ငန်းတွင် ပါဝင်စေပြီး ကုန်ထုတ်စွမ်းအား မြင့်မားအောင် စွမ်းဆောင်သော်လည်း အိမ်ထောင်ကျွန်ဘဝမှ လွတ်မြောက်အောင်တော့ မစွမ်းဆောင်ရုံမက မျိုးပွားရခြင်း၊ အိမ်ထောင်ထိန်းသိမ်းရခြင်းသည်ပင် အမျိုးသမီးများ၏ ထူးမြတ်သောစွမ်းပကားဟု လုလုပပ လှည့်စားထားကြသည်။ အမျိုးသမီးများကို အိမ်ထောင်ကျွန်အဖြစ် ပိတ်မိစေသည့် အခြေအနေများကို ရှင်းလင်းရမည် ဖြစ်သည်။ မည်သည့်အရာများကို ရှင်းလင်းပြီး မည်သည့်အရာများကို တည်ဆောက်ရမည်နည်း။ ပုဂ္ဂလိကဆန်သော သေးငယ်သည့် အိမ်ထောင်မှုစီးပွားပုံစံကို ရှင်းလင်းဖျက်သိမ်းပြီး ကြီးမားကျယ်ပြန့်သည့် ဆိုရှယ်စီးပွားပုံစံကို ပြောင်းလဲတည်ဆောက်ယူရမည်။

အမျိုးသမီးများ တဦးချင်းစီ ထမ်းဆောင်ရသည့် မျိုးပွားရခြင်း၊ ကလေးထိန်းကျောင်းရခြင်း၊ မိသားစု အစားအစာအတွက် ချက်ပြုတ်ရခြင်း၊ အိမ်မှုကိစ္စ ထိန်းသိမ်းရခြင်းတို့တွင် အမျိုးသမီးများကို အကူအညီပေးရမည်။ အိမ်မှုကိစ္စများကို အချိန်ပိုင်းအတွင်း ဆောင်ရွက်ပြီးစီးနိုင်သည့် အခြေအနေမျိုး ဖန်တီးပေးရမည်။ မျိုးပွားခြင်းတာဝန်ထမ်းဆောင်ရာတွင် ဝန်ထုပ်ဝန်ပိုး မခံစားရအောင် ထောက်ပံ့မှုများပေးရမည်။

ကလေးထိန်းကျောင်းရသည့် တာဝန်လျော့ချရန် ကလေးထိန်းဌာနများ၊ သူငယ်တန်းကျောင်းများ အများအပြားကို လူ့အဖွဲ့အစည်းက (ယနေ့ခေတ်တွင် နိုင်ငံတော်က) ဖွင့်လှစ်ပေးရမည်။ မိသားစုအစားအစာအတွက် ချက်ပြုတ်ရသည့်တာဝန်လျော့ချရန် လူအများအတွက်ထမင်းစားဆောင် သို့မဟုတ် နိုင်ငံတော်ထမင်းစားဆောင်များ တည်ဆောက်ရမည်။ ၎င်းတို့သည် အသစ်အဆန်းများ မဟုတ်သလို ဖြစ်နိုင်ရန် ခဲယဉ်းသည့်အရာများလည်း မဟုတ်ပေ။ လက်ရှိ အရင်းရှင်စနစ်မှာပင် ထိုအရာများသည် (အရင်းရှင်ပုံစံဖြင့်) ရှိနေပြီး ဖြစ်သည်။ သို့ဖြစ်လျှင် အမျိုးသမီးများ အိမ်ထောင်ကျွန်ဘဝမှ မည်သည့်အတွက်ကြောင့် မလွတ်မြောက်သေးသနည်း။ အရင်းရှင်စနစ်ကို ရှင်သန်စေသည့် မြေသြဇာဖြစ်သော ရှားပါးခြင်းနှင့် အမြတ်တင်ခြင်း ကို မဖျက်သိမ်းနိုင်၍ ဖြစ်သည်။

လက်ရှိအခြေအနေတွင် ကလေးထိန်းကျောင်းများရှိသော်လည်း ၎င်းတို့သည် အရင်းရှင်လက္ခဏာ ဆောင်သည်။ ဝန်ဆောင်စရိတ်များ တင်ထားကြ၍ ကလေးထိန်းခများ မတန်တဆ ဖြစ်နေသည်။ ဝင်ငွေနည်းသောမိသားစုများ မထားနိုင်ကြပေ။ ထိုအခါ ကလေးထိန်းကျောင်းရသည့် ဝန်ထုတ်ဝန်ပိုး လျော့ကျမသွားပေ။ အမြတ်တင်မထားသည့် သို့မဟုတ် နိုင်ငံတော်မှ တာဝန်ယူသည့် ကလေးထိန်းကျောင်းများ၊ စာသင်ကျောင်းများ အများအပြားဖွင့်ရန် လိုအပ်ပေသည်။ ထို့အတူ ထမင်းဆိုင်များ ရှိသော်လည်း အမြတ်တင်ထားကြ၍ လူတိုင်း ဝယ်မစားနိုင်။ ထိုအခါ အိမ်ထောင်ရှင်အမျိုးသမီးများ အစားအသောက်ပြင်ဆင်ချက်ပြုတ်ရသည့် ဝန်ထုပ်ဝန်ပိုး

သည် လျော့ကျမသွားပေ။ ထမင်းဆိုင်များ၊ အစားအသောက်ရောင်းချသောဆိုင်များသည် အမြတ်အစွန်းမယူဘဲ အရင်းအတိုင်း အစားအသောက်များကို ရောင်းချမည်ဆိုလျှင် မိသားစုတိုင်း ဝယ်ယူစားသုံးနိုင်မည့်အခြေအနေသို့ ရောက်ကာ ထိုထိုသော ဆိုင်များသည် လူအများအတွက် ထမင်းစားဆောင်များအဖြစ် ပြောင်းလဲလာမည် ဖြစ်သည်။ အမျိုးသမီးများ ထမ်းထားရသော ဝန်ထုပ်ဝန်ပိုးများသည်လည်း လျော့ကျကာ အိမ်ထောင်ကျွန်ဘဝမှ လွတ်မြောက်မည်။ ကုန်ထုတ်လုပ်ငန်းတွင် ယောကျ်ားများနှင့် တန်းတူပါဝင်လာနိုင်မည်။ လွတ်လွတ်လပ်လပ် အလုပ်လုပ်နိုင်၍ ကုန်ထုတ်စွမ်းအားတိုးမည်။ ကုန်ထုတ်စွမ်းအားတိုး၍ စီးပွားရေးလွတ်လပ်မှုရရှိကာ အမျိုးသမီးများ ဘဝ မြင့်မားလာမည်။ ထို့ကြောင့် အရင်းရှင်စနစ်၏ စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့် ရှားပါးခြင်း နှင့် အမြတ်တင်ခြင်းကို ဖျက်သိမ်းမှသာ အမျိုးသမီးဘဝလွတ်မြောက်ရေးသည် အကောင်အထည်ပေါ်လာမည် ဖြစ်သည်။ ကွန်မြူနစ်စနစ်ကို ဘုံစနစ်ဟု ခေါ်ခြင်းမှာ ကုန်ထုတ်အင်အားစုများကို ဘုံပိုင်ဆိုင်ရုံသာမက ကလေးထိန်းကျောင်းပြုစုခြင်း၊ ထမင်းဟင်းချက်ပြုတ်ခြင်း အစရှိသော အလုပ်

များကိုပါ စုပေါင်းတာဝန်ယူရမည့် စနစ်ဖြစ်သောကြောင့် ခေါ်ဝေါ်ခြင်းဖြစ်သည်။ စစ်မှန်သည့် ကွန်မြူနစ်စနစ်သည်သာ အရင်းရှင်စနစ်၏ အမြတ်တင်ခြင်းကို ဖျက်သိမ်းနိုင်မည်။ စစ်မှန်သည့် ကွန်မြူနစ်စနစ်သည်သာ စစ်မှန်သည့် အမျိုးသမီးလွတ်မြောက်ရေးကို ဆောင်ကြဉ်းနိုင်မည်။ စစ်မှန်သည့် ကွန်မြူနစ်စနစ်ကို လူထုလှုပ်ရှားမှုဖြင့် စတင်ရမည်။

ကိုးကား

…Lenin's Collected works

Reference ....(1)Lenin's Collected Works Vol.32 (Speech on International Women's Day) (2)Lenin's Collected Works Vol.30 (The Tasks of the Working Women's Movement in the Soviet Republic) (3) Lenin's Collected Works Vol.29 (A Great Beginning) (4) Clara Zetkin (Lenin on the Women Questions) (5)Clara Zetkin ( Reminiscences of Lenin) (6)Lenin's "Own Words" from Marxist Comrades Group



## နိုင်ငံတကာ သတင်းသုံးသပ်ချက်
## လူသန်း ၂၀ အငတ်ဘေးကြုံဖွယ်ရှိ

ကျော်ဇင်မင်း

ဒုတိယကမ္ဘာစစ်နောက်ပိုင်းမှာ အကြီးဆုံးလို့ဆိုနိုင်မယ့် ကပ်ဘေးကြီးတခုကို ရင်ဆိုင်ကြုံတွေ့ရဖွယ်ရှိတဲ့ အတွက် ဒေါ်လာငွေ ၄.၄ ဘီလျံ ကူညီထောက်ပံ့ငွေလိုအပ်နေတယ်လို့ ကုလသမဂ္ဂရဲ့ လူသားအရေးဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် စတက်ဖင် အို ဘရိုင်ယန်က ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ ဇူလိုင်လ နောက်ဆုံးထားပြီး အဲဒီဒေါ်လာ ၄.၄ ဘီလျံငွေ အကူအညီအထောက်အပံ့တွေ ရဖို့လိုအပ်နေတယ်လို့လည်း ထပ်လောင်းပြောဆိုပါတယ်။

ယီမင်၊ တောင်ဆူဒန်၊ ဆိုမားလီးယားနဲ့ ကင်ညာ နိုင်ငံတို့မှာရှိတဲ့ လူသားသန်း ၂၀ လောက်ဟာ အငတ်ဘေး ဒုက္ခရင်ဆိုင်နေကြရပါတယ်။ လူတွေထပ်ပြီး ငတ်သေတာတွေ ရောဂါ ဖြစ်ပွားတာတွေ တိုးပွားဖြစ်ပေါ်လာဖွယ်ရှိတဲ့အတွက် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ကုလသမဂ္ဂအဖွဲ့ချုပ်ကြီး ထူထောင်ပြီး နောက်ပိုင်းမှာ အကြီးဆုံး အငတ်ဘေး ကပ်ဆိုးကြီးဖြစ်ဖွယ်ရှိတယ်လို့ စတက်ဖင် အို ဘရိုင်ယန်က ပြောပါတယ်။ အဲဒီလေးနိုင်ငံကို စတက်ဖင်အိုဘရိုင်ယန်ကိုယ်တိုင် သွားရောက်လေ့လာခဲ့ပြီး အပြန်မှာ အဲသလိုထုတ်ဖော်ပြောဆိုလိုက်တာဖြစ်ပါတယ်။

ဖေဖော်ဝါရီလကုန်ပိုင်းတုန်းကလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂုထရက်စ်က ယီမင်၊ တောင်ဆူဒန်၊ ဆိုမားလီယား နဲ့ နိုက်ဂျီးရီးယား အရှေ့မြောက်ပိုင်းတို့မှာရှိတဲ့ လူသန်း ၂၀ လောက်ဟာ အငတ်ဘေးကြုံတွေ့နေရတယ်။ ကမ္ဘာ့အကြီးဆုံး လူသားရေးဆိုင်ရာ ကပ်ဘေးကြီးဖြစ်လာဖွယ်ရှိတယ်လို့ သတိပေးပြောဆိုခဲ့ပါတယ်။ ယီမင်နိုင်ငံလူဦးရေရဲ့ သုံးပုံနှစ်ပုံပမာဏ ဖြစ်တဲ့ လူဦးရေ ၁၈ သန်းနီးပါးဟာ ကုလသမဂ္ဂရဲ့ အထောက်အပံ့ လိုအပ်နေတယ်လို့ စတက်ဖင် အို ဘရိုင်ယန်က ပြောပါတယ်။ အဲဒီအထဲက ၇ သန်းဟာ အစားအသောက် မလုံလောက်ဖြစ်နေပြီး အငတ်ဘေး စတင်ကြုံတွေ့နေရပြီလို့ ဆိုပါတယ်။ ယီမင်နိုင်ငံမှာ ဟူသီသူပုန်တွေ

အာဏာရပြီးနောက် အမေရိကန် ကျောထောက်နောက်ခံပေးထားတဲ့ ဆော်ဒီညွန့်ပေါင်းတပ်ဖွဲ့က ထိုးစစ်ဆင် တိုက်ခိုက်နေတာဖြစ်ပါတယ်။ ဆော်ဒီညွန့်ပေါင်းတပ်ဖွဲ့ဟာ ယီမင်မှာ သိန်းချီတဲ့ လူထုစည်းရုံးဟောပြောပွဲကြီးပေါ်ကိုတောင် စစ်လေယာဉ်ပေါ်ကနေ သေနတ်နဲ့ ပစ်ခတ်ပုံးကြဲတိုက်ခိုက်တာမျိုး ပြုလုပ်ခဲ့ဖူးပါတယ်။ (ဩဂုတ် ၂၀။ ၂၀၁၆)တောင်ဆူဒန်မှာတော့ လူ ၇ သန်းခွဲကျော်ဟာ အကူအညီအထောက်အပံ့လိုအပ်နေတယ်လို့ စတက်ဖင် အို ဘရိုင်ယန်က ပြောပါတယ်။

အိုးအိမ်စွန့်ခွာနေရသူအရေအတွက်ဟာ ၃.၄ သန်းရှိပါတယ်။ တောင်ဆူဒန်က အငတ်ဘေးဟာလည်း လူကြောင့်ဖြစ်တဲ့ အငတ်ဘေးပါလို့ မစ္စတာအိုဘရိုင်ယန်က ပြောပါတယ်။ ချက်နိုင်ငံထဲက လူမျိုးစုတွေဟာ သဲကန္တာရကို ဖြတ်ကျော်ပြီး ဆူဒန်တောင်ပိုင်းက လူမျိုးစုတွေနဲ့ တိုက်ခိုက်ကြတဲ့ အင်မတန်ကြီးမားတဲ့ လူမျိုးရေး ပဋိပက္ခကြီးဟာ အငတ်ဘေးရဲ့ အဓိက အကြောင်းရင်း ဖြစ်ပါတယ်။ ချက်နိုင်ငံထဲက သူပုန်တွေကို လက်နက် အဓိကထောက်ပံ့သူဟာ အမေရိကန် ထောက်လှမ်းရေးတွေ ဖြစ်ပါတယ်။ အဓိကသူပုန်အဖွဲ့တခုဖြစ်တဲ့ ဆူဒန်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (Sudanese Peoples’ Liberation Army) ရဲ့ခေါင်းဆောင်ဟာဂျွန်ဂရန်း (John Garang) ဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ်မှာ သူကွယ်လွန်သွားတဲ့အချိန်အထိ သူဟာ ဆူဒန်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဆိုတဲ့ ဆူဒန်သူပုန်အဖွဲ့ကိုဦးဆောင်ခဲ့သူဖြစ်ပါတယ်။ အဲဒီဂျွန်ဂရန်းဟာ အမေရိကန်တို့ရဲ့ အထူးလေ့ကျင့်ရေးသင်တန်းကျောင်းဆင်း ဖြစ်ပါတယ်။ အဲဒီအမေရိကန်စစ်သင်တန်းကျောင်းဟာအမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ် ဖို့ဘန်းနင်းမှာ ရှိတယ်။ ဆူဒန်စစ်ပွဲမှာ သုံးနေတဲ့ လက်နက်တွေ၊ ခဲယမ်းမီးကျောက်တွေ တော်တော်များများဟာ နာမည်ဆိုးနဲ့ကျော်ကြားလှတဲ့ ကေဂျီဘီဟောင်း ဗစ်တာဘောက် (Vicktor Bout) ဆီကတဆင့်ရကြတာဖြစ်ပါတယ်။ဗစ်တာဘောက် (Vicktor Bout) ဟာ သူ့ကိုယ်ကျိုးစီးပွား သက်သက်အတွက် လက်နက်ပွဲစားလုပ်သူဖြစ်ပြီး သေမင်းကုန်သည်ဆိုတဲ့နာမည်ဆိုးနဲ့ ကျော်ကြားပါတယ်။ အခုအခါ သူ့ကို အမေရိကန်မှာ တရားဝင်ရုံးခန်းဖွင့်ခွင့်ပေးထားပါတယ်။

ယီမင်နဲ့ တောင်ဆူဒန်ဟာ အဆိုးဆုံး နှစ်နိုင်ငံဖြစ်ပါတယ်။ ဆိုမားလီးယားမှာတော့ နိုင်ငံလူဦးရေရဲ့ တဝက်ကျော် ဖြစ်တဲ့ လူဦးရေ ၆.၂ သန်းဟာ အကူအညီအထောက်အပံ့လိုအပ်နေပြီး အဲဒီအထဲက ၂.၉ သန်းဟာ အခုချက်ချင်း ကူညီထောက်ပံ့မှုရရှိဖို့ အရေးပေါ်လိုအပ်နေတယ်လို့ မစ္စတာ အိုဘရိုင်ယန်က ပြောပါတယ်။ ကင်ညာမှာ လူ ၂.၇ သန်းဟာ အစားအစာ မလုံမလောက်ဖြစ်နေကြပြီး ဧပြီလမှာ ၄ သန်းအထိတိုးတက်လာနိုင်တယ်လို့ မစ္စတာ အိုဘရိုင်ယန်က ပြောပါတယ်။ ဆိုမားလီးယား ပြည်တွင်းစစ်မှာလည်း အမေရိကန်ဦးဆောင်တဲ့ညွန့်ပေါင်းတပ်ဖွဲ့ရဲ့ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုရှိခဲ့ပါတယ်။ ကင်ညာပဋိပက္ခဟာလည်း ဆိုးမားလီးယားပဋိပက္ခနဲ့ ဆက်စပ်နေပါတယ်။ ယီမင်၊ တောင်ဆူဒန်၊ ဆိုမားလီးယား၊ ကင်ညာ၊ နိုက်ဂျီးရီးယား အရှေ့မြောက်ပိုင်းတို့မှာ ရင်ဆိုင်နေရတဲ့ အငတ်ဘေးကြီးရဲ့ အဓိက လက်သည်တရားခံဟာ အမေရိကန်တို့ရဲ့ ကမ္ဘာကိုစိုးမိုးရေး စစ်ပွဲတွေဖြစ်ပြီး အဲဒီက အငတ်ဘေးတွေကို ကုလသမဂ္ဂကနေတဆင့် အဓိက ကူညီထောက်ပံ့ကြမယ့် နိုင်ငံတွေဟာလည်း အမေရိကန်ဦးဆောင်တဲ့ ကမ္ဘာ့အရင်းရှင်နိုင်ငံကြီးတွေသာ ဖြစ်ပါလိမ့်မယ်။

---

## နိုင်ငံတကာသတင်းသုံးသပ်ချက် (၂၁- ၃- ၂၀၁၇)

### ကျော်ဇင်မင်း

အမေရိကန် မြေပြင်တိုက်ခိုက်ရေးတပ်သားတွေ ဆီးရီးယားကို ကျူးကျော်ဝင်ရောက်ခဲ့ပြီ။သမ္မတ ဒေါ်နယ်ထရမ့်ဟာ အမေရိကန်တိုက်ခိုက်ရေးတပ်သား ၄၀၀ ကျော်ကိုလက်နက်အင်အားအများအပြားနဲ့တကွ ဆီးရီးယားကို စေလွှတ်လိုက်ပါတယ်။ ဒါဟာ ဆီးရီးယားစစ်ပွဲနဲ့ပတ်သက်ပြီး အလွန် ထူးထူးခြားခြား အဆင့်တိုးမြှင့်လိုက်တဲ့ လုပ်ရပ်ဖြစ်ပါတယ်။ အရင်က အမေရိကန်အထူးတပ်ဖွဲ့ဝင် ၅၀၀ ကျော်ကို ပို့ထားတာရှိပေမယ့် အဲဒီ ၅၀၀ ဟာ အမေရိကန်တို့ ကျောထောက်နောက်ခံပြုထားတဲ့ Syrian Democratic Forces (SDF) သူပုန်အဖွဲ့ကို လေ့ကျင့်သင်တန်းပေးဖို့ အကြောင်းပြချက်နဲ့ စေလွှတ်ထားတာသာဖြစ်ပြီး အခုပို့လိုက်တဲ့ မရိန်းတပ်သားတွေကတော့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်တိုက်ခိုက်ဖို့ ဖြစ်ပါတယ်။

အစပိုင်းမှာ တိုးတိုးတိတ်တိတ်ပို့လွှတ်ခဲ့တာသာဖြစ်ပြီး အမေရိကန်နဲ့ ဥရောပ ပင်မမီဒီယာကြီးတွေမှာလည်း မဖော်ပြဘဲ သတင်းအမှောင်ချထားခဲ့ပါတယ်။ ဒါပေမဲ့ မတ်လ ၅ ရက်နေ့မှာ အမေရိကန် တပ်ဖွဲ့တွေ ဆီးရီးယားကိုဝင်ရောက်နေတဲ့ ဓာတ်ပုံနဲ့ ဗီဒီယိုတွေ အွန်လိုင်းမှာတက်လာပြီးနောက်မှာ ဒီသတင်းကို မတ်လ ၉ ရက်နေ့ကျမှ ဝါရှင်တန်ပို့စ်သတင်းစာက စတင်အတည်ပြုရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ တတိယနိုင်ငံတွေကို ထုတ်လွှင့်တဲ့ ရုပ်မြင်သံကြားနဲ့ ပုံနှိပ်သတင်းစာမဂ္ဂဇင်းတွေမှာ အခုထိ မဖော်ပြဘဲ သတင်းမှေးမှိန်ထားတာကိုလည်းသတိပြုမိပါတယ်။



အမေရိကန်ရဲ့ လေကြောင်းအကူအညီနဲ့ တိုက်ခိုက်နေတဲ့ ဆီးရီးယားသူပုန် SDF ဟာ အိုင်အက်စ်ကိုအရေးကြီးတဲ့ တိုက်ပွဲဆင်နွဲတော့မှာမို့ အခုလို တိုက်ခိုက်ရေးတပ်ဖွဲ့စေလွှတ်တာလို့ ဆိုပါတယ်။ သူတို့နဲ့အတူ ၁၅၅ မီလီမီတာကျည် ထည့်သွင်းပစ်ခတ်နိုင်တဲ့ M777 ဟောင်းဝစ်ဇာတွေလည်း တိုက်ခိုက်ရေးအတွက် သယ်ဆောင်သွားတယ်လို့ ဆိုပါတယ်။အမေရိကန်စစ်တပ်ရဲ့ ပြောရေးဆိုခွင့်ရှိ ပုဂ္ဂိုလ် ဗိုလ်မှူးကြီး ဂျွန်ဒိုရီးယန်းက ရိုက်တာသတင်းဌာနကိုပြောကြားခဲ့တာဖြစ်ပါတယ်။

အမှန်တကယ်လက်တွေ့မှာတော့ အမေရိကန်ကျောထောက်နောက်ခံပြုထားတဲ့ သူပုန်အင်အားစုတွေဟာ အိုင်အက်စ် အစ္စလာမ်နိုင်ငံသူပုန်အဖွဲ့ကို အဓိကဦးတည်တိုက်ခိုက်တာမဟုတ်ဘဲ ဆီးရီးယားအစိုးရကိုသာဦးတည်တိုက်ခိုက်တာဖြစ်ပါတယ်။ ဒါပေမဲ့ အခုအခါမှာ ဆီးရီးယားအစိုးရစစ်တပ်ဟာ ရုရှားရဲ့ အကူအညီနဲ့ အောင်ပွဲတွေရလာပါတယ်။ အမေရိကန် ကျောထောက်နောက်ခံပြုတဲ့ သူပုန်တွေကို တစုံတရာဟန့်တားနိုင်လာသလို၊ အိုင်အက်စ်အပေါ်မှာ အောင်ပွဲတွေ ရလာပါတယ်။ အခုအခါ အိုင်အက်စ်ရဲ့ အရေးအပါဆုံး ခြေကုတ်စခန်းတွေထဲကတခုဖြစ်တဲ့ ရက်ကာကို ဆီးရီးယားအစိုးရတပ်ဖွဲ့က အနိုင်ရသိမ်းပိုက်နိုင်တော့မယ့် အလားအလာမျိုး တွေမြင်နေရလို့ ရက်ကာကို အချိန်မီလုနိုင်ဖို့ အမေရိကန်တိုက်ခိုက်ရေးစစ်သားတွေကို စေလွှတ်တာဖြစ်ပါတယ်။ အမေရိကန်တပ်သားတွေ အခုဝင်ရောက်တိုက်ခိုက်မယ့် တိုက်ပွဲဟာ ရက်ကာအရောက် အပြေးပြိုင်မယ့် တိုက်ပွဲသာ ဖြစ်ပါတယ်။

အမေရိကန်အစိုးရဟာ အခုလို သူတို့ရဲ့ မြေပြင်တပ်ဖွဲ့ကို အဆောတလျင်စေလွှတ်လိုက်တာနဲ့ပတ်သက်ပြီး ဘာလို့ သတင်းအမှောင်ချခဲ့သလဲ။

သမ္မတဒေါ်နယ်ထရမ့်ဟာ အခုလိုမြေပြင်တပ်ဖွဲ့စေလွှတ်ဖို့ ၁ ။ အမေရိကန် ကွန်ဂရက်စ်ရဲ့ ခွင့်ပြုချက် မရယူခဲ့ဘူး။ ၂ ။ ကုလသမဂ္ဂရဲ့ ခွင့်ပြုချက် မရယူခဲ့ဘူး။ ၃။ ဆီးရီးယားအစိုးရရဲ့ ခွင့်ပြုချက်မရယူခဲ့ဘူး။ ဒါ့ကြောင့် အခုစစ်တပ်စေလွှတ်လိုက်တာဟာ ၃ ထပ်ကွမ်း ဥပဒေမဲ့တဲ့ လုပ်ရပ်ဖြစ်ပါတယ်။

ဒါ့ကြောင့် အမေရိကန်အစိုးရက တိုးတိုးတိတ်တိတ်လုပ်သလို မီဒီယာကြီးတွေက နာစေးနေကြတာဖြစ်ပါတယ်။

## ညစ်ပတ် သွေးစွန်းကြွေး

ကြည်ဝင်း

နိုင်ငံတကာ သတင်းသုံးသပ်ချက်

၂၇-၁- ၂၀၁၇

အမေရိကန်က ကမ္ဘောဒီးယားနိုင်ငံဆီက ကြွေးကျန် ဒေါ်လာသန်းငါးရာ ပြန်ပေးဖို့ ထပ်မံတောင်းဆိုလိုက်ပြန်ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံခေါင်းဆောင်တွေနဲ့ ပြည်သူတွေကတော့ ဒီကြွေးဟာ "ညစ်ပတ်တဲ့၊ သွေးစွန်းတဲ့အကြွေး" ဖြစ်တယ်လို့ ခံယူထားကြတယ်။ ဒီအကြွေးဟာ ၁၉၇၀ ခုနှစ်မှာ စစ်အာဏာသိမ်းခဲ့တဲ့ လွန်နော်အစိုးရ လက်ထက် ၁၉၇၂ - ၇၄ ခုနှစ်အတွင်း ချေးပေးခဲ့တဲ့ အကြွေး ဖြစ်တယ်။ ချေးပေးစဉ်ကတော့ ဒေါ်လာ ၂၇၄ သန်းဖြစ်ပြီး စားနပ်ရိက္ခာဝယ်ယူဖို့ ချေးပေးတာဖြစ်တယ်လို့ အမေရိကန်က ဆိုပါတယ်။ လက်ရှိကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်ကတော့ လက်နက်ဝယ်ယူဖို့ ချေးပေးတဲ့ငွေဖြစ်တယ်လို့ ဆိုပါတယ်။ နောက်ပြီး လွန်နော်ဟာ အာဏာသိမ်းစစ်အစိုးရဖြစ်ပြီး တရားဝင် ကမ္ဘောဒီးယားအစိုးရ မဟုတ်ဘူးလို့လည်း ဆိုတယ်။ အဲဒီကာလက ဗီယက်နမ်စစ် ပြင်းထန်နေတဲ့အချိန်ဖြစ်တယ်။ ဗီယက်ကောင်းတပ်ဖွဲ့ဝင်တချို့ဟာ ကမ္ဘောဒီးယားနိုင်ငံထဲ အခြေပြုနေကြတယ်လို့ အမေရိကန်က စွပ်စွဲပြီး ကမ္ဘောဒီးယားနိုင်ငံကိုလည်း ဗုံးတွေ အမြောက်အမြားကြဲချ တိုက်ခိုက်တယ်။ ကမ္ဘောဒီးယားဘုရင် သီဟာနုကိုလည်း ဗီယက်ကောင်းတွေ နိုင်ငံတွင်းအခြေချခွင့်ပေးတယ်ဆိုပြီး အမေရိကန်က မကြည်ဖြူပါဘူး။ ဒါကြောင့် လွန်နော်ကို မြှောက်ပေးပြီး အာဏာသိမ်းခိုင်းခဲ့တာ ဖြစ်တယ်။ သူတင်ပေးတဲ့မင်း ဖြစ်တာမို့ အကူအညီတွေ ပေးခဲ့တာပဲ ဖြစ်တယ်။ ဒါဟာ စစ်အေးတိုက်ပွဲ ပြင်းထန်စဉ်ကာလက အမေရိကန်ဇာတ်ညွှန်းရေးခဲ့တဲ့ ဇာတ်ကွက်တခုလို့ ဆိုရမှာပါ။ ၁၉၆၅ ခုနှစ်မှ ၁၉၇၃ ခုနှစ်အတွင်းမှာ ကမ္ဘောဒီးယားကို အမေရိကန်က အကြီးအကျယ် ဗုံးကြဲတိုက်ခိုက်ခဲ့တာ ဖြစ်တယ်။ ဗုံးတန်ချိန်ပေါင်း ၂.၇ သန်းရှိတယ်လို့ ခန့်မှန်းကြတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်အပေါ်ကြဲခဲ့တဲ့ဗုံးထက် တန်ချိန်တစ်သန်း ကျော်တယ်။ ဗုံးဒဏ်ကြောင့် ကမ္ဘောဒီးယားပြည်သူ သောင်း-သိန်းချီ အသက်ဆုံးရှုံးခဲ့ကြရတယ်။ အခုအချိန်အထိလည်း မပေါက်ကွဲသေးဘဲ ကြွင်းကျန်နေတဲ့ဗုံးတွေကြောင့် အပြစ်မဲ့ ကမ္ဘောဒီးယားပြည်သူတွေ အသက်ဆုံးရှုံးနေရဆဲ ဖြစ်ပါတယ်။ ဒါကြောင့် ဟွန်ဆန်က ဒီအကြွေးဟာ သွေးစွန်းတဲ့ အကြွေးလို့ ပြောတာပဲ ဖြစ်တယ်။ ကမ္ဘောဒီးယား ဝန်ကြီးချုပ်ဟွန်ဆန်က 'အမေရိကန်က ကျွန်တော်တို့နိုင်ငံမှာ ပြဿနာတွေ အများကြီး ဖန်တီးခဲ့တယ်။ ပြီးတော့ ကျွန်တော်တို့ဆီက ပိုက်ဆံတောင်းတယ်။ ကျွန်တော်တို့က စစ်ကြောင့်ပျက်စီးဆုံးရှုံးမှုတွေအတွက် အမေရိကန်ဆီက ငွေအလျော်တောင်းတာ မရှိဘူး။ ဒီကြွေးမြီပြဿနာမှာ အမေရိကန်အနေနဲ့ တာဝန်သိဖို့ တောင်းဆိုနေတာပဲ ဖြစ်တယ်။'လို့ ပြောပါတယ်။ ကမ္ဘောဒီးယားအနေနဲ့ကတော့ ဒီကြွေးကို ချေပစ်တာ ဒါမှမဟုတ် အကူအညီပေးတဲ့ အစီအစဉ်အစဉ်တရပ်အဖြစ် အစားထိုးစေချင်တယ်။ ဥပမာအားဖြင့် ဗီယက်နမ်၊ ဘော်စနီးယား-ဟာဇီးဂိုးဗီးနား၊ ယူဂိုဆလပ်နဲ့ အီရတ်နိုင်ငံတို့ရဲ့ အကြွေးတွေကို အမေရိကန်လျော်ပစ်ပေးခဲ့ဖူးတယ်။



ကြွေးမြီပြဿနာဟာ ဖြေရှင်းဖို့ အလွန်ခက်ခဲရှုပ်ထွေးတယ်။ ကြွေးမြီပြဿနာတွေ ညှိနှိုင်းဖြေရှင်းဖို့အတွက် စည်းကမ်းနဲ့စံနှုန်းတွေရှိသလို ခြွင်းချက်တွေလည်း ရှိတယ်။ တိကျတဲ့ စံစည်းမျဉ်းတွေတော့ မရှိသေးဘူး။ အဓိကအားဖြင့် မြီရှင်နဲ့မြီစား ၂ နိုင်ငံကြား ညှိနှိုင်းကြရတာပဲ ဖြစ်တယ်။ များသောအားဖြင့် ၁၉၅၆ ခုနှစ်မှာ မြီရှင်နိုင်ငံတွေစုပြီး ဖွဲ့စည်းထားတဲ့ ပါရီကလပ်က ကြားဝင်စေ့စပ်ဖြေရှင်းပေးတယ်။ ဗမာပြည်လည်း ပါရီကလပ်ကနေပဲ ဝင်ညှိပေးပြီး အကြွေးလျှော်ပေးခံခဲ့ရတယ်။ ဒါပေမဲ့ ကာယကံရှင်မြီရှင်ရဲ့ သဘောထားက အဓိကကျပါတယ်။ အမေရိကန်အနေနဲ့ ကမ္ဘောဒီးယားက အကြွေးပြန်မဆပ်ဘူးဆိုရင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ စတာတွေကတဆင့် ဖိအားပေးတာတွေ လုပ်နိုင်ပါတယ်။ ငွေချေးပေးဖို့ စိတ်မချရဘူးဆိုတဲ့ အဆင့်သတ်မှတ်လိုက်တာမျိုးပေါ့။ ဒီလိုလုပ်ရင် တဖက်မှာလည်း ကျန်အရှေ့တောင်အာရှနိုင်ငံတွေနဲ့ဆက်ဆံရေးမှာ ကသိကအောက် ဖြစ်လာနိုင်ပြန်ပါတယ်။ စစ်အေးခေတ်က ကြွင်းကျန်ခဲ့တဲ့ ဇာတ်ကွက်တကွက်ကို စစ်အေးလွန်ခေတ်မှာ အမေရိကန်က ဘယ်လိုဆက်ကမလဲဆိုတာကိုတော့ စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။

ဒီအကြွေးဟာ ကမ္ဘောဒီးယားက ပြောသလို ညစ်ပတ်တဲ့၊ သွေးစွန်းတဲ့ အကြွေးဖြစ်သလို စစ်အေးခေတ်က အမွေချန်ပေးခဲ့တဲ့ အကြွေးလို့လည်း ဆိုရမှာ ဖြစ်ပါတယ်။




**(၁၈)ကြိမ်မြောက်နိုင်ငံတကာကွန်မြူနစ်ပါတီများနှင့် အလုပ်သမားပါတီများရဲ့အစည်းအဝေး**

**ရဲဘော်ရှယ်ဉ်**

၂၀၁၆ခုနှစ်-အောက်တိုဘာ( ၂၈ရက် ၃၀ရက်နေ့အထိ) ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမှာ (၁၈)ကြိမ် မြောက်-နိုင်ငံတကာ ကွန်မြူနစ်ပါတီများနှင့် အလုပ်သမားပါတီများရဲ့အစည်းအဝေး ကျင်းပခဲ့ပါတယ်။ အစည်းအဝေးရဲ့ကြွေးကြော်သံကတော့ "အရင်းရှင်စနစ် အကျပ်အတည်းနဲ့ နယ်ချဲ့စနစ်ရဲ့ ထိုးစစ်၊ ငြိမ်းချမ်းရေး၊ အလုပ်သမား-ပြည်သူလူထုအခွင့်အရေးများနှင့် ဆိုရှယ်လစ်စနစ်အတွက် တိုက်ပွဲဝင်နေတဲ့-ကွန်မြူနစ်ပါတီများနဲ့ အလုပ်သမားပါတီများရဲ့ သေနင်္ဗျူဟာနဲ့ နည်းပရိယာယ်များ"-တဲ့။

ဒီအစည်းအဝေးကြီးမှာ- ၈၅ နိုင်ငံက ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီ-၁၂၀ ပါဝင်ပါတယ်။ဒီအစည်းအဝေးကြီးမှာ-လက်ရှိကမ္ဘာအခြေအနေ အထူးသဖြင့်-အရင်းရှင်စနစ်ရဲ့ဘက်စုံအကျပ်အတည်းများကို ခွဲခြမ်းစိတ်ဖြာကြပြီးဖြေရှင်းနိုင်မယ့် နည်းလမ်းများ အထူးသဖြင့် ပါတီအသီးသီးရဲ့ မိမိတို့နိုင်ငံတွင်းက အတွေ့အကြုံများကို-ဖလှယ်ကြ-မျှဝေကြ-အကြံကောင်းဉာဏ်ကောင်းတွေ ပေးကြနဲ့- နောက်ဆုံး-ရှေ့လုပ်ငန်းစဉ်များအတွက် ကြေညာချက်များလည်း ထုတ်ကြပါတယ်။ နိုင်ငံတကာကွန်မြူနစ် လှုပ်ရှားမှုကြီးအတွက်တော့ အလွန်ကြီးမားတဲ့အားပေးမှုကြီးတရပ်လည်း ဖြစ်ပါတယ်။ အဲဒီအစည်းအဝေးမှာ တရုတ်ပြည်ကွန်မြူနစ်ပါတီ-ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က မိန့်ခွန်းပြောရာမှာ သူ့နိုင်ငံရဲ့ လက်ရှိအခြေအနေတွေ-ရရှိချက်တွေ-ရှုံးနိမ့်မှုတွေအပေါ် နိဂုံးချုပ်ချက်တွေ-သင်ခန်းစာတွေအပြင် နိုင်ငံတကာရှိ ကွန်မြူနစ်များရဲ့ မာ့က်စ်ဝါဒအပေါ် ကြည့်မြင်နည်းတွေ၊ လက်ရှိကမ္ဘာ့အခြေအနေအပေါ် သုံးသပ်ချက်တွေ-စတဲ့ သဘောတရား အသစ်အဆန်းတွေ (တီထွင် ဖန်တီးမှုတွေ) ပါဝင်ပါတယ်။

ဒါတွေဟာ -လူသားများလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေသူများအားလုံးအတွက် အလွန်တန်ဖိုးရှိပါတယ်။ အထူးသဖြင့် - လွန်ခဲ့အနှစ်(၃၀)ကျော်လေးကတင်- ဆင်းရဲသားသန်း(၇၀၀)ရှိခဲ့ပြီး အခုအခါ စီးပွားရေးအရ ကမ္ဘာ့-ဒုတိယ အင်အားအကြီးဆုံးနိုင်ငံ

ဖြစ်လာတဲ့ တရုတ်ပြည်ရဲ့ အတွေ့အကြုံတွေဟာ လေ့လာစရာတွေ တပုံကြီးပါနေတတ်ပါတယ်။ သူတို့မှာ ပြောနိုင်ဆိုနိုင်အားလည်း ရှိပါတယ်။ အဲဒီမိန့်ခွန်းထဲက အချက်များ ကိုကြည့်ရအောင်ပါ။

မိန့်ခွန်းရဲ့အဖွင့်မှာ--"ဒီလိုမျိုးနိုင်ငံတကာအစည်းအဝေးကြီးများဟာ-ကမ္ဘာတဝန်း တိုးတက်တဲ့အင်အားစုများအကြား-အပြန် အလှန် ဆက်ဆံနိုင်-ဖလှယ်နိုင်တဲ့ ဩဇာအရှိန်အဝါကြီးမားတဲ့ စင်မြင့်တရပ် ဖြစ်လာနေပြီး၊---ဆိုဗီယက်ယူနီယံနဲ့ အရှေ့ဥရောပရဲ့ ကြီးမား လှတဲ့ဆုံးရှုံးမှုများနဲ့ အပြောင်းအလဲများအပြီး ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုရဲ့တွန်းအားတရပ်ဖြစ်လာနေပါတယ်"တဲ့။

၁-၇-၂၀၁၆ နေ့ဟာ တရုတ်ကွန်မြူနစ်ပါတီတည်ထောင်တဲ့ (၉၅)နှစ်မြောက်နေ့ဖြစ်တဲ့အတွက်-သူတို့ပါတီရဲ့ လျှောက်လာရတဲ့ လမ်းကြောင်းကိုလည်း-အဲဒီအထိမ်းအမှတ်နေ့က ရှီကျင့်ဖင်(အထွေထွေအတွင်းရေးမှူး)ရဲ့မိန့်ခွန်းက အချက်အလက်များကို အောက်ပါ အတိုင်း ကိုးကားပြီးထည့်သွင်းပြောဆိုသွားပါတယ်။

(က)။တရုတ်ကွန်မြူနစ်ပါတီရဲ့သမိုင်းဝင်အကျိုးပြုချက်ကြီး(၃)ရပ်ကို အခုလိုတင်ပြသွားပါတယ်။
၁။တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုထူထောင်လိုက်ခြင်း။
၂။ဆိုရှယ်လစ်စနစ်ရဲ့အခြေခံများကိုတည်ဆောက်လိုက်ခြင်း။
၃။ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်ပေါ်လစီကိုဖော်ထုတ်လုပ်ဆောင်ခြင်း။---တဲ့။

(ခ)။တရုတ်ကွန်မြူနစ်ပါတီရဲ့ခေါင်းဆောင်မှုအောက်က တရုတ်ပြည်သူများ ရရှိတဲ့အောင်ပွဲများကတော့---
၁။အနှစ်(၅၀၀၀)ကျော်သမိုင်းရှိတဲ့ တရုတ်လူမျိုးတွေကို ခေတ်မီတိုးတက်ရေးလမ်းပေါ် တက်လာစေနိုင်တာ၊
၂။အနှစ်(၅၀၀)သမိုင်းရှိတဲ့ ဆိုရှယ်လစ်စနစ်ကို ကမ္ဘာ့လူဦးရေအများဆုံးရှိတဲ့နိုင်ငံကြီးမှာ လက်တွေ့ဆီလျော်စွာ အကောင်အထည်ဖော် နိုင်ခဲ့ပြီး- (၂၁)ရာစုရဲ့ သိပ္ပံနည်းကျဆိုရှယ်လစ်စနစ်အတွက် အင်သစ်အားသစ်များ ဖြစ်ပေါ်လာစေခြင်း။
၃။အနှစ်(၆၀)ကျော် သက်တမ်းရှိလာပြီဖြစ်တဲ့- တရုတ်ပြည်သစ်အတွက် တိုင်းပြည်တည်ဆောက်ရေးမှာ ထင်ရှားတဲ့ အောင်မြင်မှုများ ရစေပြီး၊ ကမ္ဘာ့အကြီးဆုံး ဖွံ့ဖြိုးဆဲနိုင်ငံကို အလွန်တိုတောင်းလှတဲ့ နှစ်(၃၀)ကျော်လေးအတွင်း ဆင်းရဲတွင်းကလွတ်စေကာ စီးပွားရေး အရ ကမ္ဘာ့ ဒုတိယ အင်အားကြီးနိုင်ငံဖြစ်လာစေခြင်းဖြင့် လူသားသမိုင်းအတွင်း အံ့ဖွယ်ဖြစ်ရပ်တရပ် ပေါ်ထွက်စေခဲ့ပါတယ်တဲ့။

(ဂ)။ ကွန်မြူနစ်ပါတီဝင်များ- ဆောင်ရန်- ရှောင်ရန်များကတော့---
၁။ ပါတီဝင်ထုတရပ်လုံး-ပါတီတည်ထောင်ပေးခဲ့သူများရဲ့ မရပ်မနားကြိုးစားချက်များအတိုင်း ဆက်လက် သယ်ဆောင် လုပ်ဆောင် ကြပြီး၊ ပြည်သူလူထုအပေါ် သစ္စာရှိကြရန်။
၂။မိမိတို့လျှောက်ခဲ့တဲ့လမ်း အတွေ့အကြုံတွေ----ဘာကြောင့်ဒီလမ်းကို ရွေးချယ်ခဲ့ကြတယ်ဆိုတာကို မမေ့ရန်။
၃။ဘာအခက်အခဲတွေပဲတွေ့ရတွေ့ရ- မိမိတို့ရဲ့အရေးတော်ပုံအပေါ် သစ္စာရှိရန်နဲ့- ရှေ့ကိုရဲရဲလျှောက်ရန်
၄။မာ့က်စ်ဝါဒရဲ့လမ်းညွှန်ချက်ကို ကိုင်စွဲပြီး မာ့က်စ်ဝါဒအခြေခံမှုများနဲ့ တရုတ်ပြည်ရဲ့ အခိုင်အမာအခြေအနေများနဲ့ ပေါင်းစပ်ပြီး အချိန်အခါအပြောင်း အလဲများနဲ့အညီ သဘောတရားနဲ့ လက်တွေ့လုပ်ဟန်အသစ်များကို တီထွင် ဖန်တီးရန်။

၅။ တရုတ်ကွန်မြူနစ်ပါတီရဲ့မာက်စ်ဝါဒအပေါ်ထားရှိတဲ့သဘောထားကိုလည်း အသေးစိတ် ရှင်းပြသွားပါတယ်။ တရုတ်ပါတီအနေနဲ့ မာ့က်စ်ဝါဒအပေါ်ယုံကြည်မှု ဘယ်တုန်းကမှ မပျက်ခဲ့ဘူး။ ဒ့ါအပြင် လက်တွေ့လုပ်ငန်းတွေမှတဆင့် မာ့က်စ်ဝါဒကို ပိုမိုကြွယ် ဝတိုးတက် အောင် ဆက်လက်လုပ်ဆောင်မှာပါ။ မာ့က်စ်ဝါဒဟာ အမှန်တရားရဲ့ နိဂုံး အဆုံးသတ်မဟုတ်ဘဲ၊ အမှန်တရားရှာဖို့အတွက် လမ်းထွင် ပေးတာသာဖြစ်တယ်။ ဒီနေရာမှာ-အိန်ဂယ်ရဲ့ပြောစကားအချို့ကိုလည်း ကိုးကားထားပါတယ်။ "မာ့က်စ်ရဲ့ ပြဿနာများအပေါ် ကြည့်မြင်နည်းဟာမူဝါဒသက်သက်(doctrine)မဟုတ်ဘဲ နည်းနာ(method)တရပ်သာ ဖြစ်တယ်။ အဆင်သင့်ဖော်စပ်ပြီးသား သဘော တရားပေးထားတာမဟုတ်ဘဲ၊ ဆက်လက်သုတေသနပြုဖို့ အချက်အလက်များနဲ့ နည်းနာများကိုသာ ပေးထားတာဖြစ်ပါတယ်"တဲ့။ ဒါ ကြောင့်ပဲ -တရုတ်ကွန်မြူနစ်ပါတီအနေနဲ့ တိုင်းပြည်ရဲ့အခြေအနေသစ်တွေ၊ ပြဿနာအသစ်တွေ အပြင်၊ ဖွံ့ဖြိုးတိုးတက်ရေးအဆင့်နဲ့ ကိုက်ညီတဲ့ သဘောတရားအသစ်တွေ၊ လက်တွေ့နည်းနာသစ်တွေကို အဆက်မပြတ် တီထွင်ဖန်တီး လုပ်ဆောင်နေရပါတယ်တဲ့။

၆။ တရုတ်ကွန်မြူနစ်ပါတီရဲ့ရှေ့ရည်မှန်းချက်များနဲ့ပတ်သက်ပြီးပြောသွားတာတွေကတော့-ပါတီဟာစတင်တည်ထောင်ချိန်ကစလို့- ကွန်မြူနစ်ဝါဒဆိုရှယ်လစ်ဝါဒကို ရှေ့ဆောင်မူဝါဒအဖြစ်လက်ခံခဲ့ပြီး ဒီပန်းတိုင်အတွက်ပဲ တောက်လျှောက်ကြိုးစားလုပ်ဆောင်ခဲ့ပါ တယ်။ တရုတ်ဆိုရှယ်လစ်စနစ်အတွက်ပဲ ဖြစ်ပါတယ်။ ဒီလမ်းဟာ တနေ့ အောင်မြင်မယ်ဆိုတာ အပြည့်အဝယုံကြည်ပါတယ်။ ဆိုရှယ် လစ်စနစ် ကောင်းမကောင်းကို လက်တွေ့ဖြစ်ရပ်အချက်အလက်များနဲ့ တရုတ်ပြည်သူများကသာ အဆုံးအဖြတ်ပေးမှာဖြစ်ပါတယ်။ တရုတ်ကွန်မြူနစ်ပါတီဝင်များနဲ့ တရုတ်ပြည်သူတရပ်လုံးက- ပိုမိုကောင်းမွန်တဲ့ လူမှုစနစ်သစ်တရပ်ကိုရှာဖွေရာမှာ -တရုတ်နည်း-တရုတ် ဟန် နည်းလမ်းကောင်းတရပ်ကို ရှာဖွေတွေ့ရှိနိုင်မယ်ဆိုတာ အပြည့်အဝ ယုံကြည်ထားကြပါတယ်။ တရုတ်ကွန်မြူနစ်ပါတီဟာ- လူထုကြားမှာ အမြစ်တွယ်ပြီး၊ လူထုအကျိုးပဲ ဆောင်ပါတယ်။ လူထုကိုမှီခိုပြီး လူထုရဲ့ ရှေ့ဆောင်နိုင်စွမ်း၊ စိတ်အားတက်ကြွမှု၊ ဖန်တီး

တီထွင်နိုင်စွမ်းများကို အပြည့်အဝလှုံ့ဆော်ဖွံ့ဖြိုးစေပြီး၊ လူထုရဲ့နေထိုင်မှုဘဝ သာယာရေးအတွက် တိုးတက်လုပ်ဆောင်ပေးရပါလိမ့်မယ်။

၇။ တရုတ်ပါတီအနေနဲ့ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးလမ်းကို မယိမ်းမယိုင်ဆက်လျှောက်မှာဖြစ်ပြီး၊ ဒီလမ်းစဉ် အောင်မြင်ရေးအတွက် နိုင်ငံအားလုံးကပြည်သူများနဲ့ ရင်းရင်းနှီးနှီး ဆက်သွယ်လုပ်ဆောင်သွားပါ့မယ်။

၈။တရုတ်ဆိုရှယ်လစ်စနစ်ရဲ့အခြေခံအလိုအပ်ဆုံးလက္ခဏာနဲ့ အကြီးဆုံးစွမ်းအားကတော့ တရုတ်ကွန်မြူနစ်ပါတီရဲ့ခေါင်းဆောင်မှုပါပဲ။ ပါတီခေါင်းဆောင်မှုကို ကိုင်စွဲပြီး- ပိုမိုကောင်းမွန်ပြည့်စုံအောင်လုပ်ခြင်းက ပါတီအတွက်ရော တိုင်းပြည်အတွက်ပါ အခြေခံအသက်သွေးကြောဖြစ်ပါတယ်။ ဒါရှိမှသာ တရုတ်ပြည်လူမျိုးပေါင်းစုံပြည်သူများရဲ့ ဘဝနဲ့အကျိုးစီးပွားတွေကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။

၉။ တရုတ်ကွန်မြူနစ်ပါတီအနေနဲ့လည်း မိမိတို့ရဲ့တိုးတက်မှု သဘောသဘာဝနဲ့သန့်စင်မှုကို ထိန်းထားရမယ်။ အုပ်ချုပ်မှုနဲ့ ခေါင်းဆောင်မှု အတတ်ပညာကို တဖြည်းဖြည်းတိုးတက်ကောင်းမွန်အောင် လုပ်ရမယ်။ ပါတီတွင်းအန္တရာယ်တွေဖြစ်တဲ့ လာဘ်ယူလာဘ်စားကိစ္စတွေ-အကျင့်ပျက်ခြစားမှုတွေကို တားဆီးကျော်လွှားနိုင်ရမယ်။ အချိန်ကာလ အပြောင်းအလဲများနဲ့အညီ ပါတီတည်ဆောက်ရေးကို အားထုတ်လုပ်ဆောင်ရမယ်။ပါတီတည်ဆောက်ရေးကို ပါတီအရေးတော်ပုံ၊ပြည်သူ့အကျိုးစီးပွားတို့နဲ့အတူ ခြေလှမ်းညီရပါမယ်။
၁၀။ အာဏာရပါတီအနေနဲ့ တရုတ်ကွန်မြူနစ်ပါတီဟာ အလွန်ကြီးမားတဲ့အန္တရာယ်ကြီး-အကျင့်ပျက်ခြစားမှုနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါကို ပြတ်ပြတ်သားသား ရင်ဆိုင်ဖြေရှင်းနေပါတယ်။ ၂၀၁၂ (၁၈) ကြိမ်မြောက် ပါတီကွန်ဂရက်ကစလို့ တိုင်းပြည်နဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို ထိခိုက်စေခဲ့တဲ့ သူအားလုံးကို ဖမ်းဆီးပြီးအပြစ်ဒဏ်တွေချမှတ်ခဲ့ပါတယ်။ အစိုးရဝန်ထမ်းတွေ နောင်လာဘ်စားတာတွေ မလုပ်နိုင်အောင်လည်းစတင်လုပ်နေပါတယ်။ အကျင့်ပျက်ခြစားမှု ဆန့်ကျင်တိုက်ဖျက်ရေးဟာ နယ်ပယ်ပေါင်းစုံမှာ (လူထုရဲ့ပါဝင်မှုနဲ့အတူ) အရှိန်အဟုန်ရနေပါပြီ။

(ဃ)။ တရုတ်ပြည်မှာ-အနှစ်(၃၀)ကျော်ကျင့်သုံးခဲ့တဲ့ ပြုပြင်ပြောင်းလဲရေးနဲ့ တံခါးဖွင့်ပေါ်လစီကို လည်း သုံးသပ်ပြထားပါတယ်။

၁။၁၉၇၀ခုနှစ်များမှာ တရုတ်ဆိုရှယ်လစ်စီးပွားရေးဟာ ပြိုလဲမတတ်ဖြစ်နေပြီး အနောက်တိုင်းအရင်းရှင်စီးပွားရေးများနဲ့ ကွာဟမှုဟာ အလွန်ကြီးမားနေပါတယ်။"တို့တတွေပြုပြင်ပြောင်းလဲရေးမလုပ်ရင်တော့၊ တို့ရဲ့ဆိုရှယ်လစ်အရေးတော်ပုံကြီးဟာ အရှုံးနဲ့အဆုံးသတ်သွားလိမ့်မယ်"- လို့ တိန်ရှောင်ဖင်က ပြောခဲ့ဖူးပါတယ်။ ဒီပေါ်လစီဟာ- သမိုင်းရဲ့-အချိန်ကာလရဲ့-ပြည်သူလူထုရဲ့ရွေးချယ်မှု ဖြစ်ပါတယ်။ ပါတီဟာပြည်သူလူထုကို ညီညွတ်စည်းလုံးစေပြီး ဒီပြုပြင်ပြောင်းလဲရေးအရေးတော်ပုံကြီးကို ခေါင်းဆောင်ကာ လူထုရဲ့ တီထွင်ဖန်တီးမှုများကို အားပေးကာ၊ လူမှုကုန်ထုတ်လုပ်ရေးများကို အကြီးအကျယ်ဖွံ့ဖြိုးတိုးတက်စေခဲ့ပါတယ်။

၂။ အနှစ်(၃၀)ကျော် စီးပွားရေးအလျင်အမြန်တိုးတက်မှုအတွင်း-တရုတ်ပြည်ဟာစီးပွားရေးပြိုလုလုအခြေအနေကနေ--ကမ္ဘာ့စီးပွားရေးရဲ့ ယန္တရားကြီး ဖြစ်လာတယ်။ လူထုကြီးတရပ်လုံးရဲ့ နေထိုင်စားသောက်ရေးများ တိုးတက်လာပြီး အတန်အသင့် ချောင်လည်လာကြတယ်။ ဘက်အသီးသီးမှာ လူမှုရေးတရားမျှတမှုကို လူထုတရပ်လုံး သိသာစွာ ရရှိလာကြတယ်။ တရုတ်ပြည်ရဲ့ အမျိုးသားအင်အားတရပ်လုံး တိုးမြင့်လာတဲ့အတွက် တရုတ်ဆိုရှယ်လစ်စနစ်အတွက်လည်း အင်သစ်အားသစ်တွေဖြစ်စေပါတယ်။ တကယ်တော့ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးနဲ့ပတ်သက်လို့ မာ့က်စ်နဲ့အိန်ဂယ်တို့ရဲ့ ဖော်ပြချက်များကလည်း အရင်းရှင်အဖွဲ့အစည်းအတွင်းက ဖွံ့ဖြိုးတိုးတက်မှုဥပဒေသများနဲ့ ပစ္စည်းမဲ့တော်လှန်ရေးများအပေါ် လေ့လာချက်များအပေါ် အခြေခံပါတယ်။ လက်တွေ့လုပ်ဆောင်ဖို့အတွက် အဖြေအတိအကျမရှိပါဘူး။တိန်ရှောင်ဖင်က--ဆင်းရဲခြင်းဟာ ဆိုရှယ်လစ်စနစ်မဟုတ်။ အရင်းရှင်စနစ်အတွင်းက ထုတ်လုပ်မှုစွမ်းအားများကို မြန်မြန်နဲ့များများ ဖွံ့ဖြိုးစေခြင်းဖြင့် ဆိုရှယ်လစ်စနစ်ရဲ့အားသာချက်ကို ပြသနိုင်တယ်" လို့ဆိုခဲ့ဖူးပါတယ်။ ပြုပြင်ပြောင်းလဲရေးနဲ့ တံခါးဖွင့်ပေါ်လစီရဲ့တခြားထူးခြားချက်များကတော့-တရုတ်ဆိုရှယ်လစ် စနစ်ရဲ့လမ်းကြောင်း၊ သဘောတရားနဲ့စနစ်များကို တည်ထောင်ပေးပြီး တရုတ်ပြည်သူတွေကို ပိုမိုချမ်းသာပြီး အင်အားတောင့်တင်းစေခဲ့ပါတယ်။
(င) တရုတ်ကွန်မြူနစ်ပါတီရဲ့ ရှေ့ခရီးလမ်းစဉ်ကိုလည်း ဒီလိုပြောထားပါတယ်။

-တရုတ်ပြည်ဟာမှန်ကန်တဲ့ ပြုပြင်ပြောင်းလဲရေးနဲ့တံခါးဖွင့်ပေါ်လစီကို ဆက်လက်ကျင့်သုံးမှုသာ ပိုမိုနက်ရှိုင်းတဲ့ ပြုပြင်ပြောင်းလဲရေးများကို ဘက်စုံက လုပ်နိုင်မယ်။ အုပ်ချုပ်ရေးစနစ်ကို တိုးတက်ကောင်းမွန်လာအောင် နယ်ပယ်ပေါင်းစုံက အဆောက်အအုံအဖွဲ့အစည်းများကို ပြည့်ဝရင့်ကျက်စေမယ်။ ပြည်သူတွေဘဝကို မြှင့်တင်ပေးသွားမယ်တဲ့။

ဒါတွေကတော့ တရုတ်ပြည်တွင်းအခြေအနေများကို ပြောပြသွားတာဖြစ်ပြီး နိုင်ငံတကာအခြေအနေများနဲ့ ပတ်သက်လို့ကတော့---- သမိုင်းမှာ အချိန်နဲ့အမီ လိုက်နိုင်သူများသာလျှင် တောက်ပြောင်တဲ့အနာဂတ်ရှိပါတယ်။ ဒီနေ့ကမ္ဘာကြီးဟာဖွံ့ဖြိုးတိုးတက်

ရေးနဲ့ပတ်သက်ပြီး လမ်းဆုံလမ်းခွမှာ ရောက်နေပါတယ်။ သိပ္ပံနည်းကျတိုးတက်မှုများဟာ အရှိန်လျော့လာနေပါတယ်။ ကမ္ဘာ့စီးပွားရေးကလည်း နာလန်ကောင်းကောင်း မထူနိုင်သေးဘဲ စိန်ခေါ်မှုတွေ နဲ့ ကြုံတွေ့ နေရပါတယ်။

အရင်းရှင်ကမ္ဘာက အကျပ်အတည်းများဟာ ဆိုရှယ်လစ်အင်အားစုများအတွက် အခွင့်ကောင်းတွေလား။ ကွန်မြူနစ်တွေက ဒီအကျပ်အတည်းတွေကို ဆိုရှယ်လစ်အရေးတော်ပုံအတွက် အခွင့်ကောင်းတွေအဖြစ် ဘယ်လိုပြောင်းလဲပစ်နိုင်မလဲ။ ဒါတွေကို နက်နက်ရှိုင်းရှိုင်း စဉ်းစားကြည့်ရအောင်ပါ-တဲ့။ ၂၀၁၃-ကစလို့ တရုတ်ပြည်က အဆိုပြုလုပ်ဆောင်ခဲ့တဲ့-ပိုးလမ်းမသစ် (၂)သွယ် တည်ဆောက်ရေး စီမံကိန်းဟာ-အာရှ-ပစိဖိတ်ဒေသကစလို့ ယူရေးရှား တိုက်ကြီးကိုဖြတ်ကာ ဥရောပအထိ နိုင်ငံပေါင်း(၆၅) နိုင်ငံက လူဦးရေ(၄ဒသမ၄) ဘီလီယံအတွက် ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းကြီး ဖြစ်ပါတယ်။ အခုအခါ နိုင်ငံတကာအဖွဲ့ အစည်းများနဲ့ နိုင်ငံပေါင်း-၁၀၀ ကျော်ပါဝင်တဲ့ စီမံကိန်းအမျိုးမျိုး လုပ်ဆောင်နေပြီး ဒါဟာ- တရုတ်ရဲ့ကမ္ဘာ့ဘုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိုရှယ်လစ်လက္ခဏာဆောင်တဲ့-ဖြေရှင်းချက်တရပ်ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ ပွင့်လင်းရေး အပြန်အလှန်လေ့လာရေး-အကျိုးရှိရေး၊ အားလုံးပါဝင်ရေး၊ စိတ်ဓာတ်တွေကို ဖော်ထုတ်ထားပါတယ်။ လူသားသမိုင်း ရှေ့တိုးရေးအတွက် အကျိုးပြုပါတယ်။ ဒါ့အပြင်-အကျယ်အပြန့် ဆွေးနွေးညှိနှိုင်းတာ၊ ပူးပေါင်းဆောင်ရွက်၊ ပူးပေါင်းအကျိုးပြုတာ၊ အကျိုးအမြတ်ကိုမျှဝေတာ၊ တန်းတူညီမျှမှု-မူကိုကိုင်စွဲတာ-စတဲ့ စတဲ့ လုပ်ဟန်ကောင်းတွေဟာ ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများအတွက် အလွန်အကျိုးများစေပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်လည်း မိမိတို့နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေး လမ်းအသွယ်သွယ်ကို ရှာဖွေတွေ့ရှိနိုင်စေပါလိမ့်မယ်။

ဒီပိုးလမ်းမ-စီမံကိန်းကြီးဟာ တရုတ်ကွန်မြူနစ်များရဲ့ ကမ္ဘာနဲ့လူသားသမိုင်းရဲ့အနာဂတ်အပေါ် ကြည့်မြင်နည်းကို ထင်ဟပ်ပါတယ်။ ကမ္ဘာ့စီးပွားရေး-တြိဂံ-သုံးပွင့်ဆိုင်စက်ဝိုင်း-ဖြစ်တဲ့- (၁)အရင်းရှင်နိုင်ငံများရဲ့ဈေးကွက် (၂) ဖွံ့ဖြိုးတိုးတက်လာနေတဲ့ နိုင်ငံများရဲ့ထုတ်လုပ်မှု (၃)သယံဇာတပေါကြွယ်ဝတဲ့နိုင်ငံများက ကုန်ကြမ်းတွေဟာ ကျိုးပြတ်နေပါတယ်။ အလွန်နက်ရှိုင်းတဲ့ ထိန်းညှိနှိုင်းမှုများလုပ်ဖို့ လိုအပ်နေပါတယ်။ ကမ္ဘာ့စီးပွားရေးအတွက်-ဖွံ့ဖြိုးတိုးတက်မှုပုံစံသစ်များ၊ တွန်းအားသစ်များ၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုပုံစံသစ်များ-စတာတွေလိုအပ်နေပါတယ်။ အခက်အခဲအကျပ်အတည်းများနဲ့အတူ အခွင့်ကောင်းတွေလည်း ပြိုင်တူ တည်ရှိနေပါတယ်။

ဆိုရှယ်လစ်နိုင်ငံကို အုပ်ချုပ်နေတဲ့ အကြီးဆုံးပါတီကြီးဖြစ်တဲ့ တရုတ်ကွန်မြူနစ်ပါတီအနေနဲ့- အရင်းရှင် ဂလိုဘယ်လိုက်ဇေးရှင်းကြီးကို ဆိုရှယ်လစ် ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ အစားထိုးနိုင်မယ့်လမ်းကြောင်းသစ်ကို ရှာဖွေဖော်ထုတ်ဖို့တာဝန်ရှိပါတယ်။

နိဂုံးပိုင်းမှာတော့ တရုတ်ကွန်မြူနစ်ပါတီရဲ့ နိုင်ငံတကာ့တာဝန်နဲ့ပတ်သက်ပြီး ပြောသွားပါတယ်။

တရုတ်ဆိုရှယ်လစ်စနစ်တည်ဆောက်ရာမှာ တရုတ်ကွန်မြူနစ်ပါတီအနေနဲ့ တခြားနိုင်ငံတကာ ပါတီများနဲ့ တွေ့ဆုံဆွေးနွေးဖလှယ်တာ- ပူးပေါင်းဆောင်ရွက်တာများအပေါ် အလွန်တန်ဖိုးထားပါတယ်။ နိုင်ငံနဲ့ဒေသပေါင်း(၁၆၀) ကျော်က နိုင်ငံရေးပါတီ(၆၀၀) ကျော်နဲ့ နည်းသဏ္ဍာန်ပေါင်းစုံနဲ့ ဆက်ဆံမှုတွေထားရှိပြီး-နှစ်စဉ်လည်း ပူးပေါင်းဆွေးနွေးပွဲကြီးတွေ ကျင်းပလေ့ရှိပါတယ်။ အဲဒီပွဲတွေမှာ-တရုတ်ရဲ့ ကမ္ဘာ့အုပ်ချုပ်မှုပိုင်းဆိုင်ရာ ဖြေရှင်းတဲ့နည်းနာများအပြင် တရားမျှတတဲ့၊ တန်းတူညီမျှတဲ့ နိုင်ငံတကာအစီအစဉ်တရပ်ပေါ်လာရေး တရုတ်ရဲ့ရပ်တည်ချက်တွေကိုပါ တင်ပြခဲ့ပါတယ်။ ဆိုဗီယက်ယူနီယံနဲ့အရှေ့ဥရောပကအပြောင်းအလဲကြီးများ-အနှစ်(၂၀) ရှိသွားပါပြီ။ ဒီအချိန်အတွင်း ကမ္ဘာတလွှားရှိ ကွန်မြူနစ်ပါတီများ၊ အလုပ်သမား ပါတီများနဲ့ တခြားဆိုရှယ်လစ်အင်အားစုများက မိမိကိုယ်မိမိ ပြန်လည်ဆန်းစစ်မှုတွေ ထိန်းညှိမှုတွေ ပြုလုပ်ကြပါတယ်။ တိုးတက်ရာတိုးတက်ကြောင်း နည်းလမ်းတွေ ရှာကြပါတယ်။ တစုံတရာ အခက်အခဲတွေကြုံတွေ့နေရတဲ့ အရင်းရှင်များကလည်း ပြန်လည်ရှင်သန်လာဖို့ ပြင်ဆင်နေပြီး အကျပ်အတည်းများကို တခြား သူများအပေါ်ပုံချဖို့ လုပ်နေကြပါတယ်။ အရင်းရှင်စနစ်နဲ့ ဆိုရှယ်လစ်စနစ်အကြားတိုက်ပွဲ၊ သမရိုးကျသမားများနဲ့ တိုးတက်သူများအကြားတိုက်ပွဲ- အနာဂတ်မှာ ပြင်းထန်သည်းသန်လာမယ်ဆိုတာ မြင်နိုင်ပါတယ်။

ဒီလိုအချိန်မှာ ကွန်မြူနစ်ပါတီများနဲ့ အလုပ်သမားပါတီများအားလုံးအတွက် အကြံပေးချက်များကတော့---

၁။ပါတီများအားလုံး အမြင်မတူမှုများကိုဘေးဖယ်ထားပြီး- ဘုံရပ်တည်ချက်ကို ရှာသင့်ပါတယ်။

နိုင်ငံတိုင်းပါတီတိုင်းမှာ မတူထူးခြားမှုတွေရှိကြရုံမက-ဆိုရှယ်လစ်စနစ်ကို အဓိပ္ပာယ်ဖော်ရာမှာဖြစ်ဖြစ်၊ ဆိုရှယ်လစ်တည်ဆောက်ရေးမှာပဲဖြစ်ဖြစ်၊ နားလည်မှုတွေ ကွဲပြားနိုင်ပါတယ်။ ဒါပေမဲ့ ဒါတွေဟာ-ပူးပေါင်းဆောင်ရွက်ရာမှာ အတားအဆီးများ မဖြစ်သင့်ဘဲ၊ အပြန်အလှန်လေ့လာရေးများအတွက် တွန်းအားများဖြစ်သင့်ပါတယ်။ ဒါမှသာ အမှီအခိုကင်းစွာနဲ့ မိမိတိုင်းပြည် ပါတီတို့နဲ့ ကိုက်ညီတဲ့ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးလမ်းကြောင်းကို ရှာဖွေနိုင်ပါလိမ့်မယ်။

၂။ပါတီအားလုံးအနေနဲ့ အတွေ့အကြုံများကို မျှဝေတဲ့လုပ်ငန်းတွေကို ပိုမိုတိုးမြှင့်လုပ်သင့်ပါတယ်။ ကမ္ဘာ့ဆိုရှယ်လစ်လှုပ်ရှားမှုကြီး ပြန်လည်ရှင်သန်တိုးတက်လာရေးဟာ ကမ္ဘာ့ကွန်မြူနစ်ပါတီများနဲ့ အလုပ်သမားပါတီများရဲ့ ညီညီညွတ်ညွတ်ကြိုးပမ်းမှုများအပေါ် တည်ပါတယ်။ ဒါမှသာ-အရင်းရှင်နိုင်ငံရေးပါတီများနဲ့ ယှဉ်ပြိုင်ရာမှာ မိမိတို့ရဲ့အားသာချက်ကို ပြသနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီလိုနိုင်ငံတကာက ကွန်မြူနစ်ပါတီများနဲ့ အလုပ်သမားပါတီများရဲ့အစည်းအဝေးကြီးများမှာ ပါဝင်တဲ့ပါတီများအနေနဲ့ ပါတီတည်ဆောက်ရေးဆိုင်ရာ အတွေ့အကြုံများ၊ ပါတီတခုချင်းရဲ့ အားသာချက်များ စတာတွေကို အပြန်အလှန် လေ့လာ ဖလှယ်ကြပြီး၊ ဒီကနေ ပိုမိုအင်အားတောင့်နိုင်တဲ့နည်းလမ်းများကို ရှာဖွေရပါလိမ့်မယ်။

၃။ပါတီအားလုံးအနေနဲ့ ပိုမိုသွေးစည်းညီညွတ်ဖို့လိုပြီး အချင်းချင်းအကြား ထောက်ခံဖို့လိုပါတယ်။ ကမ္ဘာ့ကွန်မြူနစ်ပါတီများနဲ့ အလုပ်သမားပါတီများရဲ့ ဦးတည်ရည်မှန်းချက်ဟာ -ကွန်မြူနစ်ဝါဒ ဖြစ်ပါတယ်။ ဒါ့ကြောင့် မတူကွဲပြားတဲ့အမြင်တွေကို မကြောက်သင့်ပါဘူး။ အချိန်မီ အပြန်အလှန် ဆွေးနွေးညှိနိုင်းပြီး မကောင်းတဲ့ အကျိုးသက်ရောက်မှုမရှိအောင် ကြိုးစားလုပ်ဆောင်ရပါမယ်။

နောက်ဆုံး-အဆုံးသတ်မှာတော့--ဒီအစည်းအဝေးကြီးမှာ တက်ရောက်လာသူများဟာ-နေရာအသီးသီးက-ကမ္ဘာ့ဆိုရှယ်လစ်စနစ်ကြီးဆိုတဲ့ အိမ်ထောင်စုကြီးရဲ့ ညီအစ်ကိုမောင်နှမများဖြစ်တာကြောင့် တူညီတဲ့ရည်မှန်းချက်နဲ့ တူညီတဲ့လမ်းကို လျှောက်လှမ်းနေကြတာပါ။ အတူတကွလက်တွဲပြီး-တဦးကိုတဦး အားဖြည့်ကြိုးစားကြမယ်ဆိုရင်ဖြင့်-ကွန်မြူနစ်စနစ်ဆီသို့ ချီတက်ရာလမ်းကို ဘယ်အင်အားကမှ တားဆီးနိုင်မှာမဟုတ်ပါဘူး။ ကမ္ဘာ့ဆိုရှယ်လစ် လှုပ်ရှားမှုကြီးဟာ မုချပဲ ရှည်လျားလှတဲ့ "ဆောင်းရာသီကြမ်းကြီး"ကို ကျော်နင်းနိုင်ပြီး ကျက်သရေရှိလှတဲ့ နွေဦးကာလကိုရောက်လာမှာပါ။---တဲ့။

-(၁၈)ကြိမ်မြောက်နိုင်ငံတကာကွန်မြူနစ်ပါတီများနှင့်အလုပ်သမားပါတီများရဲ့အစည်းအဝေးကြီးမှာ-တရုတ်ကွန်မြူနစ်ပါတီကိုယ်စလှယ်အဖွဲ့ခေါင်းဆောင်က(၂၈-၁၀-၂၀၁၆)ပြောသွားတဲ့မိန့်ခွန်းကောက်နုတ်ချက်များဖြစ်ပါတယ်။

ကိုးကား။
အချက်အလက်အများအပြားကို www.google.com မှာ ရှာဖွေပါတယ်။

**(စဉ်းစားချင့်ချိန်ရန်သာ)**

---

## ၂၀၁၆ ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှုကို အကဲခတ်ကြည့်ခြင်း

အေးမြမွန်သိန်း




၂၀၁၆ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအခြေအနေရဲ့ အနေအထားသစ်ကို ထိန်းညှိမှုအတွင်းမှာ၊ အရင်းရှင်စနစ် ကမ္ဘာ့ဘဏ္ဍာငွေကြေး အကျပ်အတည်းနဲ့ နိုင်ငံရေးပါတီများရဲ့အကျပ်အတည်း ရောထွေးယှက်သန်းနေမှုအတွင်းမှာ၊ ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုကို ဆက်လက်ဆန့်ကျင်ဝေဖန်ပုတ်ခတ်မှုတွေအတွင်းမှာ၊ တရုတ်ပြည်ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ် ကြီးမြတ်တဲ့လက်တွေ့အကောင်အထည်ဖော်ဆောင်

နေတဲ့ ဖြစ်စဉ်အတွင်းမှာ ကမ္ဘာ့ဆိုရှယ်လစ်စနစ်ဟာ သာမန်အေးအေးဆေးဆေး မဟုတ်တဲ့ နှစ်တနှစ်ကို ကျော်ဖြတ်ခဲ့ရတယ်။ ဆိုလိုတာက ဖြစ်ရပ်ကြီးတွေ ပေါ်ပေါက်မှု ရှိခဲ့သလို ထိုးဖောက်မှုအသစ်တွေနဲ့ အကျိုးဖြစ်မှုအချို့လည်း ရရှိခဲ့တယ်။

## ဆိုရှယ်လစ်စနစ်ဟာ ဆက်လက်ဂရုစိုက်မှုကို ရရှိနေခြင်း

၂၀၁၆ ခု ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖြစ်ထွန်းတိုးတက်မှုရဲ့ နိုင်ငံရေးပတ်ဝန်းကျင်ဟာ ဆက်လက်ပြီး အကောင်းဘက်သို့ ဦးတည်နေတယ်။ ဆိုရှယ်လစ်စနစ်ကို "လူကြိုက်များမှု" ဟာ ကမ္ဘာ့အရင်းရှင်စနစ် မတည်မငြိမ်ဖြစ်နေမှုအတွင်း တဆင့်တက်မြင့်မားလာတယ်။

၁။ အနောက်တိုင်းဖွံ့ဖြိုးပြီး အရင်းရှင်နိုင်ငံများမှာ Black Swan Events (မျှော်လင့်ထင်မှတ်မထားတဲ့ ဘယ်တုန်းကမှလည်း မကြုံဖူးသေးတဲ့ အခက်အခဲ အကျပ်အတည်းတွေ အကြိမ်ကြိမ်ပေါ်ထွက်လာခြင်း) က ၂၀၀၈ ဘဏ္ဍာငွေကြေး အကျပ်အတည်းမှ မူလကတည်းက မလွတ်မြောက်သေးတဲ့ အနောက်တိုင်းလူ့အဖွဲ့အစည်းကို ဘူးလေးရာဖရုံဆင့် ဖြစ်သွားပြီး နိုင်ငံရေးပါတီနဲ့ နိုင်ငံရေးအကျပ်အတည်းအတွင်းသို့ ကျရောက်သွားစေခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် ကနဦး၊ အရင်းရှင်ကမ္ဘာရဲ့ဗဟိုချက်မဖြစ်တဲ့ အမေရိကန်ရဲ့ ဘဏ္ဍာငွေကြေး အကျပ်အတည်းဟာ အရင်းရှင်စနစ်ဖွံ့ဖြိုးပြီးနိုင်ငံများကို စီးပွားရေး ဆုတ်ယုတ်ကျဆင်း... ဆူနာမီလှိုင်းအတွင်း ကျရောက်သွားစေခဲ့ရုံမက ကမ္ဘာ့စီးပွားရေး တခုလုံး ဘေးကျပ်နံကျပ် အခြေအနေအတွင်း ကျရောက်သွားစေခဲ့ပါတယ်။ ဒီနေ့ထိ ဘဏ္ဍာငွေကြေးအကျပ်အတည်းမှ တကယ့်ကို မကျော်ဖြတ်နိုင်သေးပါဘူး။ မျက်မှောက်အရင်းရှင်စနစ်ကို မူလအရင်းရှင်စနစ်နဲ့သာ နှိုင်းယှဉ်လိုက်ရင် အသွင်အပြင်အားလုံးဟာ အရင်အတိုင်း မဟုတ်တော့ပေမယ့် အနှစ်သာရကတော့ မပြောင်းလဲသလို အရင်းရှင်စနစ်ရဲ့ အခြေခံပဋိပက္ခနဲ့ မွေးရာပါလက္ခဏာ ချွတ်ယွင်းချက်တွေကို ဘယ်လိုမှ ကျော်နင်းနိုင်မှာမဟုတ်ဘူး ဆိုတာကို ထပ်မံသက်သေပြလိုက်တယ်။ အကျပ်အတည်းကာလအတွင်း ပေါ်ပေါက်ခဲ့တဲ့ "အရင်းကျမ်းနဲ့ မာ့က်စ်အကြောင်း ဆွေးနွေးကြတဲ့ အုံကြွမှုဟာ ဆိုရှယ်လစ်စနစ်အပေါ် ကမ္ဘာကြီးက အာရုံစိုက်မှု အတိုင်းအတာကို မြှင့်တင်ပေးလိုက်တယ်။ ၂၀၁၆ ဇွန်၊ ဗြိတိန် ဥရောပသမဂ္ဂမှထွက်ရေးဘက်က အနိုင်ရပြီး ဝန်ကြီးချုပ် နုတ်ထွက်ပေးခဲ့ရာကနေ နိုဝင်ဘာလရောက်တော့ အမေရိကန် သမ္မတရွေးကောက်ပွဲမှာ ဒေါ်နယ်ထရမ့် မမျှော်လင့်ဘဲ အနိုင်ရသွားပြန်တယ်။ ဒီဇင်ဘာ ရောက်တော့ အီတလီ ဖွဲ့စည်းအုပ်ချုပ်ပုံ ပြုပြင်ရေး ပြည်သူဆန္ဒခံယူပွဲမှာ ရှုံးနိမ့်လို့ ဝန်ကြီးချုပ် ရာထူးမှ ဆင်းပေးလိုက်ရပြန်တယ်။ အနောက်ကမ္ဘာ တခုလုံး အမျိုးသားရေးဝါဒ၊ Populism နဲ့ လစ်ဘရယ်ဝါဒတို့ ရောယှက်ဖြစ်တည်လာတဲ့ "နိုင်ငံရေးမုန်တိုင်း"အတွင်း ရောက်ရှိ သွားခဲ့ကြရတယ်။ ဒီနိုင်ငံရေးမုန်တိုင်းက အရင်းရှင်စနစ်ရဲ့ အစဉ်အလာနိုင်ငံရေးပါတီနဲ့ အစဉ်အလာတန်ဖိုးတရား အမြင်တွေကို ပြောင်းပြန်လှန်ပစ်လိုက်တော့တယ်။ အရင်းရှင်စနစ်ရဲ့ ချို့ယွင်းချက်တွေဟာလည်း တဆင့်တက် အထင်းသားပေါ်လာတော့တယ်။

၂။ အရင်းရှင်စနစ်ဟာ "မိမိရဲ့ရုပ်သွင်အရ ကမ္ဘာကြီးကို ပြောင်းလဲဖန်တီးရေး"ဟာ အကြိမ်ကြိမ် ရှုံးနိမ့်ခဲ့ရုံမက "ကျောက်တုံးမပြီး ကိုယ့်ခြေမကိုယ်ထုတဲ့အဖြစ်မျိုး" အဆက်မပြတ် ဖြစ်နေပါပြီ။ အမေရိကန်အမှူးပြုတဲ့ အနောက်တိုင်း ဖွံ့ဖြိုးပြီး အရင်းရှင်နိုင်ငံများဟာ အကြမ်းဖက်လုပ်ကြံမှု တိုက်ဖျက်ရေးနဲ့ ကမ္ဘာ့ဒေသအသီးသီးမှာ "အရောင်တော်လှန်ရေးတွေ" ကို ဒါရိုက်တာ လုပ်နေခဲ့တယ်။ ဒီလိုလုပ်ရာမှာ တလျှောက်လုံး ခေါ်ဆိုလေ့ရှိတဲ့ "တလောကလုံးနဲ့ဆိုင်တဲ့ တန်ဖိုးတရား အမြင်တွေ" နဲ့ လစ်ဘရယ်ဝါဒသစ်ကို အကျယ်အပြန့် ကျင့်သုံးခဲ့တယ်။ နောက်ဆုံးကျတော့ မုန်းချက်နဲ့ နမ်းထွက်မကိုက်ဖြစ်သွားတယ်။ အရင်းရှင်စနစ်ရဲ့ "တလောကလုံးနဲ့ ဆိုင်တဲ့ တန်ဖိုးတရားအမြင်နဲ့ လစ်ဘရယ်ဝါဒသစ် "ဆေးညွှန်းဟာ ကမ္ဘာကြီးကို မကယ်နိုင်ဘဲ အဲဒီနိုင်ငံတွေမှာ ဘေးဒုက္ခသစ်တွေနဲ့ ဗရုတ်သုတ်ခ အခြင်းအရာသစ်တွေပဲ ဖြစ်စေခဲ့တယ်။ ဥပမာ-"အရှေ့အလယ်ပိုင်း ဒုက္ခသည်ဒီလှိုင်း" ဟာ ကမ္ဘာ့ပြည်သူတွေရဲ့ အာရုံစိုက်ခြင်း ခံနေရပြီး စစ်မီးလျှံတွေနဲ့ မျိုးတုန်းအောင် ဖျက်ဆီးခံနေရတဲ့ ဆီးရီးယားပြည်သူလူထုရဲ့ နေထိုင်စားသောက်ရေးဘဝတွေဟာ ဒုက္ခပင်လယ် ဝေနေဆဲဖြစ်တယ်။ တချိန်တည်းမှာ အမေရိကန်မှ ပြင်သစ်၊ နောက်ထပ် ဂျာမနီ အထိ လူမျိုး(အသားအရောင်) ခွဲခြားဆက်ဆံမှု၊ နိုင်ငံခြားသား မုန်းတီးရေး ဆူပူလှုပ်ရှားမှု၊ ကျောင်းဝင်းများအတွင်း ပစ်ခတ်တိုက်ခိုက်မှု စတာတွေ ဖြစ်ပေါ်ခဲ့တယ်။ အရင်းရှင်စနစ်ကမ္ဘာဟာ အေးချမ်းသာယာမှုမရှိတာ၊ မကောင်းတာတွေဟာ သိသာ ထင်ရှားပေါ်လွင်လာတယ်။

၃။ ကမ္ဘာ့ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတို့ရဲ့ စည်းလုံးညီညွတ်မှုနဲ့ အပြန်အလှန်ဖလှယ်မှုဟာ နီးကပ်သထက် နီးကပ်လာတယ်။ ပူးတွဲ ဆောင်ရွက်ကြတဲ့ တိုက်ပွဲအခြေအနေတွေ တဖြည်းဖြည်း များပြားလာတယ်။ ဥပမာ-၂၀၁၆ အောက်တိုဘာမှာ "အရင်းရှင်စနစ်ရဲ့ အကျပ်အတည်း၊ နယ်ချဲ့စနစ်ရဲ့ ထိုးစစ်-ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီများဟာ ငြိမ်းချမ်းရေးရရှိရေး၊ အလုပ်သမားနဲ့ ပြည်သူလူထု အကျိုးစီးပွားရရှိရေး အတွက်နဲ့ ဆိုရှယ်လစ်စနစ်အောင်ပွဲအတွက် တိုက်ခိုက်ကြ" ဆိုတာကို အဓိကအကြောင်းအရာအဖြစ်ထားတဲ့ (၁၈) ကြိမ်မြောက် ကမ္ဘာ့ကွန်မြူနစ် ပါတီများနဲ့ အလုပ်သမားပါတီများရဲ့ နိုင်ငံတကာ အစည်းအဝေးကို ဗီယက်နမ်၊ ဟနွိုင်မြို့မှာ ကျင်းပခဲ့

တယ်။ ကမ္ဘာ့ကွန်မြူနစ်ပါတီများနဲ့ အလုပ်သမားပါတီများရဲ့ နိုင်ငံတကာ အစည်းအဝေးကို ၁၉၉၈ ခုနစ်က စတင်ခဲ့ပြီး ဒီနေ့အထိ (၁၈) ကြိမ် ခေါ်ယူကျင်းပခဲ့ပြီးဖြစ်တယ်။ ဒါ့အပြင် ၂၀၀၄ ခုနစ်က ဥရောပ ကွန်မြူနစ်ပါတီ သို့မဟုတ် လက်ဝဲဂိုဏ်း (၂၆) ပါတီက ဖွဲ့စည်းလိုက်တဲ့ "ဥရောပ လက်ဝဲဂိုဏ်းပါတီများ" နဲ့ ၂၀၁၃ မှာ ထူထောင် လိုက်တဲ့၊ ဂရိကွန်မြူနစ်ပါတီက အစပြုတဲ့ ဥရောပ ကွန်မြူနစ်ပါတီ (၂၉) ပါတီပါဝင်တဲ့ "ဥရောပ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီများရဲ့ အဆိုပြုရေး" အဖွဲ့အစည်းတို့ဟာ ဆက်လက် လှုပ်ရှားနေဆဲဖြစ်ပြီး ဥရောပ အရင်းရှင်စနစ် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ကွန်မြူနစ်ပါတီများရဲ့ တိုက်ပွဲစင်မြင့် ဖြစ်လာနေတယ်။

၄။ ကမ္ဘာ့အရှေ့ပိုင်း၊ ဆိုရှယ်လစ်တရုတ်ပြည်မှာ တရုတ်ကွန်မြူနစ်တွေဟာ မိမိဘာသာ ဖွံ့ဖြိုးတိုးတက်ရေးမှ ခိုင်မာပြတ်သားစွာ အစချီခဲ့ပြီး ပါတီကို ဘက်စုံက တင်းတင်းကျပ်အုပ်ချုပ်ရေးကို ထူးခြားချက်အဖြစ်ထားခဲ့လို့ နိုင်ငံတော်အုပ်ချုပ်ရေးမှာ ထူးခြားသိသာထင်ရှားတဲ့ အောင်မြင်ချက်တွေ ရရှိခဲ့ပါတယ်။ တရုတ်ပြည်၊ ဟန်ကျိုး (G-၂၀ ) ခေါင်းဆောင်များရဲ့ ထိပ်သီးအစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ခြင်းအားဖြင့် တရုတ်ပြည် ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု အလင်းရောင်ရဲ့ အနာဂတ်ကို ကမ္ဘာသို့ တဆင့်တက်ပြသနိုင်ခဲ့တယ်။ တရုတ်ပြည် ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ် ဖြစ်ထွန်းတိုးတက်မှုက ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးကို အတော်အတန် အတိုင်းအတာအရ တွန်းဆော်ပေးပါတယ်။ တရုတ်ပြည် ကွန်မြူနစ်ပါတီဟာ နိုင်ငံအသီးသီးမှ နိုင်ငံရေးပါတီချင်း ဆက်ဆံမှုအတွင်း ကမ္ဘာကြီးက တရုတ်ပြည် ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်တဲ့ သိမြင်နားလည်မှုတွေကို နက်ရှိုင်းလာစေခဲ့တယ်။

## ဘေးကျပ်နံကျပ် အခြေအနေအတွင်း ခက်ခက်ခဲခဲ ရှေ့ချီတက်ခြင်း

၂၀၁၆ ခုနစ် ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖြစ်ထွန်းတိုးတက်မှုရဲ့ ထွန်းလင်းတောက်ပမှု အဖြစ်ဆုံးကတော့ ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုဟာ အရှိန်အဟုန်မပျက် ဆက်လက်ချီတက်ခဲ့ရာမှာ အခက်အခဲများနဲ့ ရင်ဆိုင်လိုက်ရတဲ့အခါ ပုံစံအမျိုးမျိုးနဲ့ရှိတဲ့ ကွန်မြူနစ်ဝါဒ နိုင်ငံရေးပါတီ အသီးသီးဟာ ဆီလျော်မှုရှိတဲ့ ပြုပြင်ပြောင်းလဲမှုနဲ့ ဆိုရှယ်လစ်စနစ်ကို အသစ်တဖန် ပြန်လည်စူးစမ်းလေ့လာရင်း ဘေးကျပ် နံကျပ် အခြေအနေအတွင်း ခက်ခက်ခဲခဲ ရှေ့ချီတက်ခြင်း ဖြစ်တယ်။

၁။ ဆိုရှယ်လစ်နိုင်ငံများရဲ့ အာဏာဆုပ်ကိုင်ထားတဲ့ နိုင်ငံရေးပါတီများဟာ ပါတီတည်ဆောက်ရေးကို မပြတ်အားဖြည့်ပေးပြီး မိမိနိုင်ငံရဲ့ ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ်ကို ခြေလှမ်းမှန်မှန် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြုပြင်ပြောင်းလဲမှု နက်ရှိုင်းရေးကို တွန်းဆော်ပေးတယ်။ ဗီယက်နမ် ကွန်မြူနစ်ပါတီဟာ ၂၀၁၆ ဇန်နဝါရီမှာ ခေါ်ယူကျင်းပတဲ့ (၁၂) ကြိမ်မြောက် ကွန်ဂရက်မှာ- ခြစားမှုကင်းပြီး သန့်သန့်ရှင်းရှင်းရှိတဲ့ အင်အားတောင့်တင်းတဲ့ ပါတီတည်ဆောက်ရေးကို အားဖြည့်ရေး၊ အမျိုးသားအင်အားစုအားလုံး ထုတ်ဖော်ရေး နဲ့ ဆိုရှယ်လစ်ဒီမိုကရေစီ ထွန်းကားအောင် ဆောင်ရွက်ရေး၊ ပြုပြင်ဆန်းသစ်ရေး လုပ်ငန်းရပ်များကို ဘက်စုံခြေလှမ်းတူ တွန်းဆော်ရေး၊ အမိနိုင်ငံကို စွဲမြဲကြံ့ခိုင်စွာ ကာကွယ်ရေး၊ ငြိမ်းချမ်းရေးကို ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်တည်ငြိမ်ရေး၊ မိမိနိုင်ငံ အခြေခံတည်ဆောက်ရေးမှာ ခေတ်မီရေးကို တက်လှမ်းနေတဲ့ စက်မှုနိုင်ငံ စောစာစီးစီးဖြစ်လာရေး အစွမ်းကုန်ကြိုးပမ်းအားထုတ်သွားရေးတို့ဟာ ကွန်ဂရက်ရဲ့ အဓိကအကြောင်းအရာ ဖြစ်လာခဲ့တယ်။ ၂၀၁၆ အောက်တိုဘာ ရောက်တော့ ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး Nguyen Phu Trong ဟာ ဗီယက်နမ်ကွန်မြူနစ်ပါတီ (၁၂) ကြိမ်မြောက် ဗဟိုကော်မတီကို ကိုယ်စားပြုပြီး ပါတီတည်ဆောက်ရေးနဲ့ ပါတီအဖွဲ့အစည်း စံနစ်တကျဖြစ်အောင် ပြန်လည်ပြုပြင်ရေး လုပ်ငန်းရပ်များ အားဖြည့်ရေး၊ နိုင်ငံရေးအတွေးအခေါ် ဆုတ်ယုတ် ပျက်ပြားမှု၊ အကျင့်စရိုက် ဆုတ်ယုတ်ပျက်ပြားမှု၊ နေထိုင်မှုဘဝပုံစံ ဆိုးဝါးလာမှု၊ ပါတီအတွင်းပိုင်း "မိမိဘာသာ တစတစယွင်းရွေ့ပြောင်းလဲလာခြင်း" "မိမိဘာသာ ပြောင်းလွဲလာခြင်း" စတဲ့ အခြင်းအရာတွေကို ကာကွယ်ရေး၊ ချိုးနှိမ်ရေးတို့နဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက် နံပါတ် (၄) ကို လက်မှတ်ရေးထိုး ထုတ်ပြန်တယ်။ ပါတီတွင်း ဒီမိုကရေစီနဲ့ ပါတီကို မိမိဘာသာ စနစ်တကျဖြစ်အောင် ပြန်လည်ပြုပြင်ရေး လုပ်ငန်းများဟာ အဆက်မပြတ် နက်ရှိုင်းလာတယ်။ ၂၀၁၆ မတ်လ၊ ဗီယက်နမ်ရဲ့ (၁၃) ကြိမ်မြောက် ပြည်သူ့ကွန်ဂရက် (ပြည် သူ့လွှတ်တော်) (၁၁) ကြိမ်မြောက်အစည်းအဝေး ခေါ်ယူကျင်းပရာမှ ၂၀၁၆ မေလရောက်တော့ (၁၄) ကြိမ်မြောက် ပြည်သူ့ကွန်ဂရက်နဲ့ ၂၀၁၆-၂၀၂၁ တာဝန်ထမ်းဆောင်ရေး သက်တမ်းကာလ အဆင့်အသီးသီး ပြည်သူ့ကွန်ဂရက် ကိုယ်စားလှယ် ရွေးကောက်ပွဲ ကျင်းပတယ်။ ၂၀၁၆ ဇူလိုင်လ၊ (၁၄) ကြိမ်မြောက် ပြည်သူ့ကွန်ဂရက် ပထမအကြိမ်အစည်းအဝေးမှ နိုင်ငံတော်နဲ့ အစိုးရခေါင်းဆောင်များ ပေါ်ပေါက်လာပြီး၊ ၂၀၁၆ အောက်တိုဘာ (၁၄) ကြိမ်မြောက် ပြည်သူ့ကွန်ဂရက်မှာ ဥပဒေကြမ်း အဆိုပြုချက်တွေကို စစ်ဆေးဆွေးနွေးခြင်းနဲ့ ၂၀၁၆ -၂၀၂၀ စီးပွားရေးအဆောက်အအုံ စီမံကိန်းများ ပြန်လည်ဖွဲ့စည်းတယ်။ ဗီယက်နမ် ရွေးကောက်ပွဲများ

ဟာ ဒီမိုကရေစီအသွေးအရောင် အပြည့်အဝပါရှိပြီး၊ "တရားဥပဒေစိုးမိုးတဲ့ နိုင်ငံတော်" တည်ဆောက်ရေးကို ဆင်ဆင်ခြင်ခြင် ဆောင်ရွက်လုပ်ကိုင်ရင်း၊ "ဆိုရှယ်လစ်စနစ်ဦးတည်တဲ့ ဈေးကွက်စီးပွားရေးကို အရည်အသွေးအရ တည်ဆောက်ရေးနဲ့ ခေတ်မီရေးပုံစံ ပြောင်းလဲ ရေးတို့ကို အဆက်မပြတ် တွန်းဆော်ပေးခဲ့တယ်။

ကျူးဘားကွန်မြူနစ်ပါတီအဖို့ ၂၀၁၆ ခုနှစ်ဟာ အလွန်ကို သာမန်မဟုတ်တဲ့ နှစ်တနှစ်ပါပဲ။ တံခါးဖွင့်ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်မှု နက်ရှိုင်းမှုနဲ့ သာလွန်ကောင်းမွန်တဲ့ နှစ်တနှစ်လည်း ဖြစ်တယ်။ ၂၀၁၆ မတ်လနဲ့ ဧပြီလတို့မှာ အမေရိကန်၊ ဥရောပသမဂ္ဂတို့နဲ့ ပုံမှန်ဆက်ဆံရေးကို အကောင်အထည်ဖော်လိုက်ပြီး အိုဘားမားဟာ ၈၈ နှစ်အတွင်း ကျူဘားသို့ အဦးဆုံး တရားဝင် အလည်အပတ်ရောက်လာတဲ့ အမေရိကန်သမ္မတ ဖြစ်လာတယ်။ "တံခါးဖွင့် ပြုပြင်ပြောင်းလဲရေး" ရဲ့ ပြင်ပဝန်းကျင်အခြေအနေဟာ အလွန်ကြီးမားတဲ့ တိုးတက်ကောင်းမွန်မှု ရှိရုံမက ၂၀၁၆ ဧပြီလ၊ ကျူဘား ကွန်မြူနစ်ပါတီရဲ့ သတ္တမအကြိမ်မြောက် ပါတီကွန်ဂရက်က "ကျူးဘား ဆိုရှယ်လစ်စနစ် စီးပွားရေး၊ လူမှုရေးပုံစံ သဘောတရား" ၊ (၂၀၁၆-၂၀၂၀) "၅ နှစ် စီမံကိန်းမူကြမ်းနဲ့တကွ (၂၀၁၆-၂၀၃၀) "၁၅ နှစ်တာ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမူကြမ်း" စတဲ့ စာတမ်းများကို အတည်ပြုခဲ့တယ်။ ပါတီတည်ဆောက်ရေးနဲ့ တရားဥပဒေအရ တိုင်းပြည်စီမံအုပ်ချုပ်ရေးဆိုင်ရာ အတွေးအခေါ်သစ်နဲ့ စီမံဆောင်ရွက်ချက် အများအပြား တင်ပြခဲ့တယ်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှာ တော်လှန်ရေးခေါင်းဆောင် ဖီဒယ်ကက်စထရို ကွယ်လွန်သွားခဲ့တာမို့ ၂၀၁၆ ခုနှစ်ဟာ ကျူဘားကွန်မြူနစ်ပါတီနဲ့ ပြည်သူတွေအဖို့ အတိုင်းမသိ ကြေကွဲဝမ်းနည်းရတဲ့ နှစ်တနှစ်လည်း ဖြစ်တယ်။

လာအိုပြည်သူ့ပါတီဟာ ၂၀၁၆ ခုနှစ်မှာ ဒသမအကြိမ်မြောက်ပါတီကွန်ဂရက် ကျင်းပခဲ့ရုံမက "ပါတီရဲ့ ခေါင်းဆောင်နိုင်မှု စွမ်းရည် မြှင့်တင်နိုင်ရေးနဲ့ ပါတီရဲ့ ရှေ့ဆောင်စံပြအခန်း ဖြစ်ထွန်းရေး၊ တပြည်လုံးက ပြည်သူတွေရဲ့ စည်းလုံးညီညွတ်မှုကို အားဖြည့်ပေးရေး၊ မူရှိတဲ့ ဘက်စုံပြုပြင်ပြောင်းလဲရေးလမ်းစဉ်ကို စွဲစွဲမြဲမြဲဆုပ်ကိုင်သွားရေး၊ ဆိုရှယ်လစ်စနစ်ကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်သွားရေးနဲ့ ထိန်းသိမ်းကာကွယ်ရေး၊ နိုင်ငံတော် ဆက်လက်ရေရှည် ဖွံ့ဖြိုးတိုးတက်နိုင်ရေး တွန်းဆော်သွားရေး" တို့ကို တင်ပြခဲ့တယ်။ ဒ့ါအပြင် "၂၀၁၆-၂၀၂၀ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက် ရေး (၅) နှစ်စီမံကိန်း၊ "၂၀၁၆-၂၀၂၅ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး သေနင်္ဂဗျူဟာနဲ့ "လာအိုနိုင်ငံရဲ့ ၂၀၃၀ အထိ မျှော်မှန်းချက် စီမံကိန်း" စတာတွေကို အတည်ပြုခဲ့တယ်။ တချိန်တည်းမှာ KaiShan • kaysone phomvihane ရဲ့ အတွေးအခေါ်ကို ပါတီရဲ့ လမ်းညွှန်အတွေး အခေါ်အဖြစ် ဦးဆုံး အတည်ပြု ပြဋ္ဌာန်းခဲ့တယ်။

မြောက်ကိုးရီးယား လုပ်သားပါတီဟာ ၂၀၁၆ မှာ နိုင်ငံတော် စီးပွားရေး တံခါးဖွင့် (၁၀) နှစ် (၂၀၁၁-၂၀၂၀) သေနင်္ဂဗျူဟာ စီမံကိန်းကို ဆက်လက်တွန်းဆော်ရေးနဲ့ အကောင်အထည်ဖော်ရေး ဆက်လက်လုပ်ဆောင်တယ်။ အထူးခြားဆုံးကတော့ နှစ်ပေါင်း ၃၀ ကျော်ကြာ၊ ကွန်ဂရက် ခေါ်ယူကျင်းပနိုင်ခဲ့ခြင်း မရှိခဲ့ရာမှ သတ္တမအကြိမ် ပါတီကွန်ဂရက်ကို ၂၀၁၆ မေလမှာ ခေါ်ယူကျင်းပနိုင်ခဲ့ပြီး မျိုးဆက်သစ် ဗဟိုခေါင်းဆောင်အစု တစု ပေါ်ထွက်လာခဲ့ခြင်းဖြစ်တယ်။ ၂၀၁၆ ဇွန်လမှာ မြောက်ကိုးရီးယားရဲ့ အမြင့်ဆုံး အာဏာပိုင် (၁၃) ကြိမ်မြောက် ပြည်သူ့လွှတ်တော် စတုတ္ထအကြိမ် အစည်းအဝေးကို ခေါ်ယူကျင်းပခဲ့တယ်။ ၎င်းအစည်းအဝေးမှာ နိုင်ငံတော်ရဲ့ ထိပ်တန်းဆုံးဖြတ်ချက်များ ချမှတ်နိုင်တဲ့ အာဏာအဆောက်အအုံကို ပြန်လည်ဖွဲ့စည်းခဲ့တယ်။ ကင်ဂျုံအွန်(Kim Jong Un) ကို ပါတီ၊ အစိုးရ၊ တပ်မတော်တို့ရဲ့ အမြင့်ဆုံး ခေါင်းဆောင်အဆင့်နေရာကို သတ်မှတ် ပေးခဲ့တယ်။ မြောက်ကိုးရီးယား ဆိုရှယ်လစ်နိုင်ငံအတွင်း ရင်ဆိုင်နေရတဲ့ ပြဿနာတွေနဲ့ အခက်အခဲတွေကတော့ ဓမ္မတာအတိုင်းပဲပေ့ါ၊ များပြားလှပါတယ်။ ပြင်ပပတ်ဝန်းကျင်အဖို့ကတော့ အနှစ်သာရရှိတဲ့ ပြောင်းလဲတိုးတက်မှု ဘာမှ မရှိသေးဘူးလို့ ဆိုရတော့မှာပါပဲ။

၂။ အနောက်တိုင်း ဖွံ့ဖြိုးပြီးနိုင်ငံတွေမှ ကွန်မြူနစ်ပါတီတွေဟာ တနေ့တခြား သက်ဝင်လှုပ်ရှားလာနေတယ်။ ကမ္ဘာ့ ဘဏ္ဍာငွေကြေး-စီးပွားရေးအကျပ်အတည်းနဲ့ အရင်းရှင်စနစ်ရဲ့လောဘဇောတိုက်မှုကို နက်နက်နဲနဲ ဝေဖန်မှုတွေ လုပ်ခဲ့တယ်။ သမိုင်းအခြေအနေသစ်အောက်မှာ အနောက်တိုင်း အလုပ်သမားလှုပ်ရှားမှုနဲ့ ဆိုရှယ်လစ်စနစ်လမ်းကြောင်းကို တက်တက်ကြွကြွ စူးစမ်းလေ့လာမှုတွေ လုပ်ပါတယ်။ စစ်အေးခေတ် အဆုံးသတ်သွားခါစ ကနဦးကာလမှာ "ကွန်မြူနစ်ဝါဒသစ်" အယူဝါဒကို တင်ပြခဲ့တဲ့ ပြင်သစ် ကွန်မြူနစ်ပါတီအနေနဲ့ ဆက်လက်ပြီး သဘောတရားတီထွင်ဆန်းသစ်မှုပြုလုပ်ကာ ပြင်သစ်ပြည်သူတို့ရဲ့ ငံ့မျှော်နေမှုနဲ့ ပိုမိုကောင်းမွန် ဆီလျော်စွာ၊ ရင်ဆိုင်နေရတဲ့ ပြည်တွင်းပြည်ပ အခြေအနေသစ်နဲ့ ပိုမိုဆီလျော်စွာ မာ့က်စ်ဝါဒကို ကြွယ်ဝ၊ နက်ရှိုင်းစွာ ဖွံ့ဖြိုးတိုးတက်ရန် တင်ပြခဲ့တယ်။

ဂရိကွန်မြူနစ်ပါတီဟာ ဥရောပ ကွန်မြူနစ်ပါတီတွေအနက် နှိုင်းယှဉ် ခြင်းအရ ပိုပြီး သက်ဝင်လှုပ်ရှားတဲ့ ပါတီဖြစ်တယ်။ ၂၀၀၀ ခုနှစ်မှ ဒီနေ့အထိ လွှတ်တော်ရွေးကောက်ပွဲအတွင်း မဲရရှိမှုနှုန်း (၄ ဒသမ ၅ - ၈ ဒသမ ၄၈) ရာခိုင်နှုန်းကို အခြေခံအားဖြင့် ထိန်းသိမ်းထားနိုင်တယ်။ မျက်မှောက်ကာလမှာ အရင်းရှင်စနစ် စိုးမိုးအုပ်ချုပ်မှုကို တွန်းလှန်ပြီး ပြည်သူ့နိုင်ငံရေးအာဏာနဲ့ စီးပွားရေး၊ လူမှုရေး သေနင်္ဂဗျူဟာရည်မှန်းချက်များ အကောင်အထည်ဖော်ရေးတို့အတွက် အလုပ်သမားလှုပ်ရှားမှုနဲ့ လူ့အဖွဲ့အစည်းသမဂ္ဂတို့ ဖြစ်တည်လာရေး ရည်ရွယ်ချက်ဖြင့် တပေါင်းတစည်းတည်းရှိတဲ့ နိုင်ငံရေးတပ်ဦးကို အရှိန်အဟုန်မြင့် ပြန်လည်ဖွဲ့စည်းရန် တင်ပြထားတယ်။

ဆိုက်ပရပ်စ် လုပ်သားပြည်သူ တိုးတက်ရေးပါတီဟာ ၂၀၁၆ မေလ လွှတ်တော်ရွေးကောက်ပွဲသစ်အတွင်း (၂၅ ဒသမ ၆၇) ရာခိုင်နှုန်း မဲရရှိခဲ့တယ်။ လွှတ်တော်အတွင်း ဒုတိယအင်အားအကြီးဆုံး နိုင်ငံရေးပါတီအဆင့်နေရာကို ထိန်းထားနိုင်ခဲ့တယ်။

အမေရိကန်ကွန်မြူနစ်ပါတီဟာ ပါတီဝင် ၃၀၀၀ ရှိပေမယ့် ၎င်းအနက် ၁၅၀၀ ဟာ ၂၀၀၈ ခုနှစ် ဘဏ္ဍာငွေကြေး အကျပ်အတည်းနောက်ပိုင်းမှ လက်ခံသိမ်းသွင်းထားသူတွေ ဖြစ်တယ်။ ၎င်းပါတီဟာ ၂၀၁၄ ခုနှစ်၊ ပါတီရဲ့ အကြိမ် (၃၀) မြောက် ကွန်ဂရက်မှာ တင်ပြခဲ့တဲ့ "ကျွန်တော်တို့ဟာ ဆိုရှယ်လစ်စနစ်ရဲ့သိပ္ပံနည်းကျအမြင်တွေနဲ့ မျှော်မှန်းချက်ရဲ့ ရှေ့ဆောင်လမ်းပြမှုကို ခံယူတယ်" စာတမ်းနဲ့ ၂၀၁၅ ခု၊ အမေရိကန် ကွန်မြူနစ်ပါတီဥက္ကဋ္ဌ တင်ပြခဲ့တဲ့ တိကျတဲ့လုပ်ငန်းလက်တွေ့ အကောင်အထည်ဖော်ဆောင်ရေး ပေါ်လစီကို အလုပ်သမားနဲ့ တက္ကသိုလ်ကျောင်း သားများအတွင်း တက်တက်ကြွကြွ လှုပ်ရှားဆောင်ရွက်ကြတယ်။ အမေရိကန် နိုင်ငံရေးလောကရဲ့ တခြားလက်ဝဲဂိုဏ်းနိုင်ငံရေးပါတီတွေနဲ့ မဟာမိတ်တွေကလည်း ဒါကို အာရုံဝင်စားကြပါတယ်။ တိုက်ပွဲခြေလှမ်းတွေကတော့ ရပ်တယ်မရှိပါဘူး။

ဂျပန်ကွန်မြူနစ်ပါတီဟာ မျက်မှောက် ဖွံ့ဖြိုးပြီးအရင်းရှင်နိုင်ငံများရှိ ကွန်မြူနစ် ပါတီများအနက် ပါတီဝင် အင်အားအကြီးဆုံး ပါတီဖြစ်တယ်။ ပါတီဝင် (၃) သိန်းကျော်ရှိတယ်။ ပါတီရဲ့ အသွင်အပြင်ကတော့ တိုးတက်ကောင်းမွန်နေတယ်။ မဲဆန္ဒရှင်ပြည်သူတွေရဲ့ ထောက်ခံမှု အဆက်မပြတ် မြင့်တက်နေတဲ့ ပါတီဖြစ်တယ်။ ယခုအခါ ပါတီဝင် (၃) သိန်းနဲ့ ပါတီကလာပ်စည်း ၂၄၀၀၀ ရှိတယ်။ ဂျပန်ကွန်မြူနစ်ပါတီဟာ ၂၀၁၆ ဇူလိုင်၊ ဂျပန်ရဲ့ (၂၄) ကြိမ်မြောက် ဆီးနိတ်လွှတ်တော် ရွေးကောက်ပွဲမှာ (SPD )ပါတီ၊ (DPP )ပါတီ၊ (PLP)တို့နဲ့ လက်တွဲပြီး ရွေးကောက်ပွဲဝင်ခဲ့ရာ (၆) နေရာရလို့ မူလစီမံကိန်း (၃) နေရာထက် လွှတ်တော်အမတ်နေရာ ပိုရရှိခဲ့တယ်။

၃။ ပုံစံပြောင်းနိုင်ငံတွေမှ ကွန်မြူနစ်ပါတီနဲ့ ဆိုရှယ်လစ်လှုပ်ရှားမှုတို့ဟာ ခက်ခက်ခဲခဲ ချီတက်ခဲ့ရတယ်။ မျက်မှောက်ကာလမှာ ယခင်ဆိုဗီယက်ပြည်ထောင်စုနဲ့ အရှေ့ဥရောပဒေသမှာ ကွန်မြူနစ်ပါတီအဖွဲ့အစည်းဟာ (၃၀) ကျော်လောက်ရှိပြီး ပါတီဝင်အရေအတွက် (၇) သိန်းလောက် ရှိပါတယ်။ ရုရှားပြည်ထောင်စု ကွန်မြူနစ်ပါတီရဲ့ဩဇာဟာ အကြီးဆုံးဖြစ်တယ်။ ၁၉၉၂ ခုနှစ် ပြန်လည်ထူထောင်ချိန်မှ ယနေ့အထိ အကွေ့အကောက် အချို့ကို ကျော်ဖြတ်ခဲ့ရတယ်။ ယခုအခါ ပါတီဝင် (၁) သိန်း (၆) သောင်းလောက်နဲ့ အခြေခံကလာပ်စည်း ၁၃၇၉၃ ခုရှိနေတယ်။ ၂၀၁၆ ခု စက်တင်ဘာမှာ ရုရှားပြည်ထောင်စု ကွန်မြူနစ်ပါတီဟာ သတ္တမအကြိမ်မြောက် နိုင်ငံတော် ဒူးမားလွှတ်တော် ရွေးကောက်ပွဲမှာ မဲရရှိမှု (၁၃ ဒသမ ၃၄) ရာခိုင်နှုန်းရှိပြီး လွှတ်တော်ကိုယ်စားလှယ် (၄၂) နေရာ ရရှိခဲ့တယ်။ ဒါဟာ ဒူးမားလွှတ်တော်ကိုယ်စားလှယ်ရဲ့ (၉ ဒသမ ၃၃) ရာခိုင်နှုန်း ရှိတယ်။ ဒီအကြိမ် ရွေးကောက်ပွဲအတွင်းမှာ ရှုံးနိမ့်မှုအကြီးဆုံးဖြစ်ခဲ့ပေမယ့် ရှေ့နောက်ညပ် အတိုက်ခံရတဲ့ အခြေအနေအောက်မှာ လွှတ်တော်တွင်း ဒုတိယအင်အားအကြီးဆုံး ပါတီအဖြစ် ဆက်လက်ထိန်းသိမ်းထားနိုင်ခြင်းဟာ တကယ့်ကို မလွယ်ပါဘူး။ ယခင် အရှေ့ဥရောပဒေသမှာ ချက်နဲ့ မိုရေဗီးယား ကွန်မြူနစ်ပါတီဟာ တိုက်ပွဲရလဒ် သိသာထင်ရှားတယ်။ မျက်မှောက် ဥရောပလွှတ်တော်အတွင်း လွှတ်တော်ကိုယ်စား လှယ် (၃) နေရာရရှိထားပြီး ချက်ပြည်ရဲ့ ပြည်နယ်ခွဲ (၁၃) ခုအနက် (၉) ခုမှာ အာဏာချုပ်ကိုင်ထားတယ် သို့မဟုတ် တိုင်းရေးပြည်ရာကိစ္စတွေမှာ ပါဝင်လုပ်ကိုင်ခွင့်ရနေတယ်။ ပါတီဝင် (၇) သောင်းရှိတယ်။

၄။ အာရှ၊ အာဖရိက၊ လက်တင်အမေရိက ဖွံ့ဖြိုးဆဲနိုင်ငံများအတွင်း ကွန်မြူနစ်ပါတီများရဲ့ ဆိုရှယ်လစ်လှုပ်ရှားမှု ပြန်လည်ဆန်းသစ်လာရေးအခြေအနေဟာ လျော့ကျမသွားဘူး။ ဥပမာ-အိန္ဒိယ ကွန်မြူနစ်ပါတီ(မာ့က်စ်ဝါဒ) ဟာ ကလာရာပြည်နယ်၊ အနောက်ဘင်္ဂလားပြည်နည်တို့မှာ အာဏာဆုပ်ကိုင်ထားနိုင်ခွင့် လက်လွတ်ဆုံးရှုံးသွားပေမယ့် ထရီပူရပြည်နယ်မှာ အာဏာဆုပ်ကိုင်ထားနိုင်တယ်။ ပြည်သူ့လွှတ်တော်နဲ့ ပြည်ထောင်စုလွှတ်တော်တို့မှာ လွှတ်တော်ကိုယ်စားလှယ် (၄၃) ယောက်နဲ့ (၁၇) ယောက် အသီးသီးရှိ

နေတယ်။ ပါတီဝင် (၁၀ ဒသမ ၄ ) သိန်း ရှိတယ်။ အာရှ၊ အာဖရိ၊ လက်တင်အမေရိ ဖွံ့ဖြိုးဆဲနိုင်ငံများအတွင်း လူအင် အားအများဆုံးနဲ့ အာဏာမရသေးတဲ့ ကွန်မြူနစ်ပါတီများအနက် ဩဇာ အကြီးဆုံး ကွန်မြူနစ်ပါတီဖြစ်တယ်။

၂၀၁၅ မှ ၂၀၁၆ ခုနှစ်အတွင်း နီပေါနိုင်ငံရှိ ကွန်မြူနစ်ပါတီအသီးသီးဟာ လူတွေပိုမို အာရုံစိုက်မှု ဖြစ်လာပြီး နီပေါကွန်မြူနစ်ပါတီ (စည်းလုံးညီညွတ်သော မာ့က်စ်၊ လီနင်ဝါဒ)၊ နီပေါကွန်မြူနစ်ပါတီ(မော်ဝါဒီ)နဲ့ အခြားပါတီတွေဟာ ညွန့်ပေါင်းအစိုးရကို ဖွဲ့စည်းလိုက်ပါတယ်။ ၎င်းနိုင်ငံရဲ့ သမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌနဲ့ ဝန်ကြီးချုပ်အားလုံးဟာ ကွန်မြူနစ်တွေ ဖြစ်ကြတယ်။

တောင်အာဖရိက ကွန်မြူနစ်ပါတီဟာ စစ်အေးခေတ် အဆုံးသတ်သွားပေမယ့် ဆုတ်ယုတ်ကျဆင်းမသွားဘဲ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအားထုတ်ခဲ့တယ်။ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလက ပါတီဝင် (၅~၀၀၀) သာရှိခဲ့ရာက ယခုအခါ (၂) သိန်း (၅) သောင်းအထိ ဖွံ့ဖြိုးတိုးတက်ခဲ့တယ်။ တောင်အာဖရိကမှာ ဒုတိယအင်အားအကြီးဆုံး ပါတီဖြစ်လာတယ်။ ၂၀၁၄ ခုနှစ်ကတည်းက ပါတီရဲ့ ခေါင်းဆောင် ကေဒါ (၁၀) ယောက်ကျော်ဟာ တောင်အာဖရိက အစိုးရအဖွဲ့ရဲ့ ဝန်ကြီးနဲ့ ဒုဝန်ကြီးအဖြစ် ထမ်းဆောင်နေကြပါတယ်။ ၂၀၁၆၊ စက်တင်ဘာမှာ တောင်အာဖရိက ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး Grace JiManDi က အခြေအနေသစ်အောက်မှာ တောင်အာဖရိက ကွန်မြူနစ်ပါတီဟာ လမ်းစဉ်၊ မဟာနစ်ဖင်နဲ့ နည်းဗျူဟာများကို တဆင့်တက် ထိန်းညှိသွားမယ်၊ လူ့အဖွဲ့အစည်း ပြုပြင်ပြောင်းလဲရေးကို ထဲထဲဝင်ဝင် လုပ်ဆောင်သွားမယ်လို့ ထုတ်ဖော်ပြော ကြားလိုက်ပါတယ်။

ဘရာဇီးကွန်မြူနစ်ပါတီဟာ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းပြီး၊ ၁၉၉၀ ခုနှစ်က ပါတီဝင် အရေအတွက် (၉) သောင်းရှိခဲ့ရာက ယခုအခါ (၃) သိန်းကျော်အထိ တိုးတက်လာခဲ့တယ်။ လက်တင်အမေရိကမှာ ကျူဘားကွန်မြူနစ်ပြီးရင် ဒုတိယအင်အားအကြီးဆုံးဖြစ်ပြီး တိုင်းပြည်အုပ်ချုပ်ရေးမှာ ပါဝင်နေတဲ့ အင်အားအကြီးဆုံး ကွန်မြူနစ်ပါတီလည်း ဖြစ်တယ်။

## ပုံစံအမျိုးမျိုးနဲ့ ဖွံ့ဖြိုးတိုးတက် ထွန်းလင်းတောက်ပမှုတွေ တဖွဲဖွဲပေါ် ပေါက်နေခြင်း

စစ်အေးခေတ် အဆုံးသတ်သွားပြီးတဲ့နောက်မှာ ကမ္ဘာ့ဆိုရှယ်လစ်စနစ်ဟာ ပုံစံအမျိုးမျိုးနဲ့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေပေါ် ပေါက်လာတယ်။ အမျိုးမျိုးအဖုံဖုံဖြစ်တဲ့ ဆိုရှယ်လစ်စနစ်များဟာ အောင်ပွဲအတွက် အပြိုင်အဆိုင် လုပ်ဆောင်နေကြပါတယ်။ ကွန်မြူနစ်ပါတီများရဲ့ သိပ္ပံနည်းကျ ဆိုရှယ်လစ်စနစ်၊ ဆိုရှယ်လစ်ပါတီများရဲ့ ဒီမိုကရက်တစ်ဆိုရှယ်လစ်စနစ် သို့မဟုတ် ဆိုရှယ်ဒီမိုကရက်တစ်စနစ်၊ အမျိုးသားနိုင်ငံရေးပါတီများရဲ့ အမျိုးသား ဆိုရှယ်လစ်စနစ်၊ ထွန်းသစ်စ ဈေးကွက်ဆိုရှယ်လစ်စနစ်၊ အီကို ဆိုရှယ်လစ်စနစ် (Eco-socialism)၊ ဆိုရှယ်လစ်စနစ်သစ် စသဖြင့် ထူးခြားချက်ကိုယ်စီဖြင့် ယှဉ်ပြိုင်ရင်း မိမိတို့ရဲ့ စွမ်းဆောင်ရည်များကို ထုတ်ပြနေကြပါတယ်။

၁။ ဆိုရှယ်ဒီမိုကရက်ပါတီများနဲ့ ၎င်းတို့ရဲ့ ဒီမိုကရက်တစ်ဆိုရှယ်လစ်လှုပ်ရှားမှုဟာ ဆိုဗီယက်နဲ့အရှေ့ဥရောပ အပြောင်းအလဲပြီးနောက် အတက်အဆင်းအမျိုးမျိုးကို ကျော်ဖြတ်ပြီး တည်တည်ငြိမ်ငြိမ်မြင့်တက် ဖွံ့ဖြိုးတိုးတက်မှုကာလသို့ ရောက်လာတယ်။ ဥရောပ ဆိုရှယ်လစ်ပါတီများဟာ လက်ဝဲဂိုဏ်းအင်အားစုအနေနဲ့ ဆက်လက်ပြီး နိုင်ငံအသီးသီးရဲ့ နိုင်ငံရေးလောကမှာ အရေးပါတဲ့ ဩဇာသက်ရောက်မှု ဖြစ်ထွန်းနေဆဲဖြစ်တယ်။ အထူးသဖြင့် အနောက်ဥရောပ ဆိုရှယ်လစ်ပါတီများရဲ့ ပုံစံအပြောင်းအလဲနဲ့ ဒီမိုကရက်တစ် ဆိုရှယ်လစ်စနစ်ရဲ့ ပြောင်းလဲမှု အသစ်များကို လူတွေက အာရုံစိုက်လာကြပါတယ်။ ၂၀၁၆ ခုစက်တင်ဘာ၊ ဗြိတိန်လေဘာပါတီခေါင်းဆောင် Corbyn က နောက်ကွယ်က အစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်းလိုက်ပြီး ပါတီတွင်းပြုပြင်ပြောင်းလဲရေးစွမ်းအားကို တိုးချဲ့လိုက်ခြင်းဖြင့် နိုင်ငံရေးအာဏာ ပြန်လည်ဆုပ်ကိုင်နိုင်ရေးကို အမြန်ဆုံး အားထုတ်လုံးပန်းခဲ့တယ်။ ဂျာမနီဆိုရှယ်ဒီမိုကရက်တစ်ပါတီဟာ ၂၀၀၅ နောက်ပိုင်း ဂျာမနီ နိုင်ငံရေးလောကမှာ ခေါင်းဆောင်အဆင့် နေရာကို ရောက်မလာခဲ့ပေမယ့် ဝန်ကြီးချုပ် Angela Merkel အစိုးရရဲ့ ခရစ်ယာန်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့နဲ့ ပူးပေါင်းပြီး အာဏာချုပ်ကိုင်ထားတယ်။ စပိန်အလုပ်သမား ဆိုရှယ်လစ်ပါတီရဲ့ခေါင်းဆောင် Lopez ဟာ ၂၀၁၆ ဇန်နဝါရီလက စပိန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်း ခံရတယ်။ ဒါဟာ အနှစ် ၄၀ အတွင်း စပိန်မှာ အင်အားသေးတဲ့ နိုင်ငံရေးပါတီများက လွှတ်တော်ဥက္ကဋ္ဌတာဝန် ထမ်းဆောင်လေ့မရှိတဲ့ အစဉ်အလာကို ပြောင်းလဲပစ်လိုက်တာဖြစ်တယ်။ မြောက်ဥရောပမှ ဒိန်းမတ်၊ နော်ဝေ၊ ဆွီဒင် (၃) နိုင်ငံမှ ဆိုရှယ်ဒီမိုကရက်တစ်ပါတီများဟာ နိုင်ငံရေးပါတီပြုပြင်ပြောင်းလဲရေးနဲ့ လူမှုရေးပေါ်လစီ ထိန်းညှိရေးတွေကို အဆက်မပြတ် ဆက်လက်ဆောင်ရွက်ပြီး “မြောက်ဥရောပပုံစံ” အဖြစ် ပုံသွင်းထုဆစ်နေပါတယ်။ ဒီနေ့အထိ ဥရောပနိုင်ငံအသီးသီးမှာ ဆိုရှယ်ဒီမိုကရက်တစ်ပါတီတွေဟာ အာဏာရရင်ရ၊ မရရင်လည်း တိုင်းရေးပြည်ရာကိစ္စများမှာ ပါဝင်လုပ်ကိုင်နေတဲ့ ဒါမှမဟုတ် အကြီးမားဆုံး အတိုက်အခံအင်အားစုအဖြစ် တည်ရှိနေလေ့ရှိပြီး သူတို့ဟာ ဥရောပ

နိုင်ငံရေးလောက မှာ အရေးပါအရာရောက်ဆဲဖြစ်ပါတယ်။

၂။ တခြားဆိုရှယ်လစ်စနစ် လက်ဝဲဂိုဏ်းနိုင်ငံရေးပါတီတွေနဲ့ ဂိုဏ်းအုပ်စုတွေဟာလည်း ဖွံ့ဖြိုးတိုးတက်ရေးကွက်လပ် အဆက်မပြတ် တိုးချဲ့နေကြတာ ဖြစ်တယ်။ ဥပမာ-လက်တင်အမေရိက "လက်ဝဲဂိုဏ်းသစ်" တွေဟာ ၁၉၉၀ ခုနှစ်နှောင်းပိုင်းမှာ ထွန်းပြောင်တဲ့ ဖြစ်ထွန်းတိုးတက်မှု ကာလတခု ရှိခဲ့သေးပြီး ယခုအခါ ပြန်လည် နိမ့်ဆင်းသွားခဲ့ပေမယ့် ဖွံ့ဖြိုးတိုးတက်ရေး ကွက်လပ် ရှိပါသေးတယ်။ နောက်ထပ် ဥပမာတခုက လက်ဝဲဂိုဏ်း အင်အားစုတွေရဲ့ နောက်မှာ ပေါ်ထွက်လာတဲ့ အင်အားစုတခုဖြစ်တဲ့ မြစိမ်းရောင်ပါတီတွေ တည်တည်ငြိမ်ငြိမ် ဖွံ့ဖြိုးတိုးတက် အာဏာ ရလာမှုဟာ ပုံမှန်အခြေအနေလို ဖြစ်လာကာ ကမ္ဘာ့နိုင်ငံရေးလောကမှာ ဝယက်ရိုက်ခတ်မှု ကြီးသထက် ကြီးလာနေတယ်။ ၂၀၁၆ အောက်တိုဘာ မှာ လစ်သူရေးနီးယား မြစိမ်းရောင် ပါတီနဲ့ လယ်သမား မဟာမိတ်အဖွဲ့ဟာ လွှတ်တော်ရွေးကောက်ပွဲ အနိုင်ရပြီး ပါတီခေါင်းဆောင် Tusk Nellis ဟာ ဝန်ကြီး ချုပ်ဖြစ်လာခဲ့တယ်။

## ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေဟာ ခက်ထန်ကြမ်းတမ်းဆဲ

မျက်မှောက်ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှုဟာ "အရင်းရှင်စနစ်က အင်အားတောင့်တင်းပြီး ဆိုရှယ်လစ်စနစ်က အင်အားချည့်နဲ့" နေတဲ့ စနစ် (၂) ခု အခြေအနေမှာပဲ ရှိဆဲရှိနေမြဲဖြစ်တယ်။ အရင်းရှင်စနစ်ဟာ လက်ဦးမှုရှိ အသာစီးရနေမှု အခြေအနေကို အားထားပြီး မိမိကိုယ်ကို ထိန်းညှိနေနိုင်ဆဲလည်း ဖြစ်တယ်။ ကမ္ဘာ့စီးပွားရေး နိုင်ငံရေးအစီအစဉ်ကို ရှေ့ဆောင်နေဆဲဖြစ်ပြီး ဆိုရှယ်လစ်စနစ်နိုင်ငံတွေနဲ့ ဆိုရှယ်လစ်စနစ်ကို ဖိနှိပ်ထားတဲ့အခြေအနေဟာ ရပ်တန့်မသွားသေးဘူး။ လောလောလတ်လတ် အချိန်ကာလများအတွင်း ဥရောပနဲ့ အမေရိကန်နိုင်ငံတို့မှာ ရေပန်းစားနေတဲ့ အမျိုးသားရေးဝါဒနဲ့ လက်ယာအစွန်းရောက် populism တို့ဟာ ဖွံ့ဖြိုးပြီး အရင်းရှင်နိုင်ငံ နိုင်ငံရေးပါတီနဲ့ နိုင်ငံရေးကို အကြီးအကျယ် ထိုးနက် တိုက်ခိုက်မှု ဖြစ်နေရုံမက ကမ္ဘာ့ဆိုရှယ်လစ်စနစ်ကိုလည်း ဆိုးဝါးပြင်းထန်စွာ စိန်ခေါ်နေပါတယ်။

မျက်မှောက် ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှုအတွင်း အဓိကအားဖြင့် အောက်ပါ ဘက် (၃) ဘက်မှာ အခက်အခဲဖြစ်နေပါတယ်။

၁။ အာဏာရပါတီဖြစ်ဖြစ်၊ အာဏာမရသေးတဲ့ ကွန်မြူနစ်ပါတီပဲဖြစ်ဖြစ် လက်တွေ့မှာ ဘေးကျပ်နံကျပ် ကြုံတွေ့နေရဆဲ ဖြစ်တယ်။ ကွန်မြူနစ်ပါတီ အာဏာရနေတဲ့ ဆိုရှယ်လစ်နိုင်ငံအားလုံးဟာ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ကြလို့ အခက်အခဲနဲ့ ပြဿနာကိုယ်စီ ရင်ဆိုင်နေကြရတာ ဖြစ်တယ်။ မျက်မှောက် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်ကနေ ကြည့်ရင် ဗီယက်နမ်ကွန်မြူနစ်ပါတီဟာ ဒီမိုကရေစီ ခြေလှမ်း မြန်ဆန်လွန်းအားကြီးပြီး နိုင်ငံရေးအရ မထိန်းနိုင်တဲ့ အန္တရာယ်နဲ့ ရင်ဆိုင်နေရတယ်။ လာအိုဟာ မျက်မှောက်ကာလအထိ "ဆင်းရဲမွဲပြာကျနိုင်ငံ" ဆိုတဲ့ ဦးထုပ်စွပ်ခံနေရမှုကို ချွတ်မပစ်နိုင်သေးဘူး။ မြောက်ကိုးရီးယားနဲ့ ကျူးဘားနိုင်ငံတို့ကတော့ ပြည်တွင်းမှာ ပြည်သူလူထုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အရေးတကြီး ဖြေရှင်းရန် လိုအပ်နေဆဲဖြစ်ပါတယ်။ အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) ဟာ ပြည်နယ်(၂) ခုမှာ နိုင်ငံရေးအာဏာရနေတဲ့ အဆင့်နေရာကနေ ရှေ့စဉ်နောက်ဆက် အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ခဲ့ရတယ်။ အထူးသဖြင့် အနောက်ဘင်္ဂလားပြည်နယ်မှာ (၃၄) နှစ်တိုင် နိုင်ငံရေးအာဏာရနေမှုဟာ အဆုံးသတ်သွားခဲ့ရတယ်။ နီပေါကွန်မြူနစ်ပါတီကတော့ အကြီးအကျယ် မငြိမ်သက်မှုကို ဖော်ပြနေတယ်။ ကွန်မြူနစ်ပါတီ အချို့ဟာ အာဏာရနေမှုပြဿနာအရ အချို့တက်လိုက် အချို့ဆင်းလိုက်ဖြစ်နေတယ်။ ရုရှားပြည်ထောင်စု ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဥက္ကဋ္ဌ ဂင်နာဒီ ဇူကာနော့ဗ်ဟာ ၁၉၉၆ ၊ ၂၀၀၀ ၊ ၂၀၀၈ ၊ ၂၀၁၂ တို့မှာ (၄) ကြိမ်တိုင် သမ္မတရွေးကောက်ပွဲ ဝင်ပြိုင်ခဲ့တယ်။ အင်အားတော့ အထင်အရှားပြလိုက်နိုင်ပေမယ့် (၄) ကြိမ်လုံး အရှုံးနဲ့ အဆုံးသတ်ခဲ့ရတယ်။ ပါတီဝင်ဦးရေဟာ ၁၉၉၆ ခုနှစ်က (၆) သိန်းကျော် ရှိခဲ့ရာက ယခုအခါ (၁ သိန်း၊ ၆သောင်း) လောက်ပဲ ရှိတော့တယ်။ အထူးသဖြင့် ၂၀၁၆ နိုင်ငံတော် ဒူးမားရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ် (၄၅၀) အနက်(၄၂) နေရာ သာ ရရှိခဲ့လို့ ယခင်တပတ်က ရွေးကောက်ပွဲမှာ (၉၂) နေရာ ရရှိထားခဲ့မှုနဲ့ နှိုင်းယှဉ်တဲ့အခါ ကိုယ်စားလှယ် (၅၀) အထိ လျော့ကျသွားခဲ့ရတယ်။ ဥရောပတိုက် နိုင်ငံအများစုရှိ ကွန်မြူနစ်ပါတီတွေဟာ အင်အားအရရော၊ ဩဇာသက်ရောက်မှုအရရော ကျဆင်းနေမှုတွေဟာ အရင်းခံအားဖြင့် ရပ်မသွားသေးဘူး။

၂။ ဆိုရှယ်လစ်ပါတီတွေရဲ့ လက်ယာတိမ်းစောင်းမှု အခြင်းအရာတွေဟာလည်း လျော့မသွားသေးဘူး။ ဒီမိုကရက်တစ် ဆိုရှယ်လစ်စနစ်ကို ပွေ့ပိုက်ထားတဲ့ ဆိုရှယ်လစ်အင်တာနေရှင်နယ်နဲ့ ဆိုရှယ်လစ်ပါတီအသီးသီးဟာ သဘောတရားရေးအရ ဆိုရှယ်

လစ်စနစ်ကို ရည်မှန်းချက်အဖြစ်ထားပြီး လွတ်လပ်မှု၊ ဒီမိုကရေစီ၊ တရားမျှတမှု၊ တန်းတူမှုနဲ့ အပြန်အလှန် ကူညီမှုတို့ကို တန်ဖိုးတရားအဖြစ်ထားကာ အရင်းရှင်စနစ်ကို ဝေဖန်တိုက်ခိုက်ခဲ့ကြပေမယ့် စောစွာကတည်းက ကမ္ဘာ့အဝန်းအဝိုင်းအတွင်း ဆိုရှယ်ဒီမိုကရက်တစ်ဝါဒရဲ့ အပေါ်ယံပြုပြင်ပြောင်းလဲရေးဝါဒကိုသာ အကျယ်အပြန့် ကျင့်သုံးခဲ့တာဖြစ်တယ်။ အရင်းရှင်စနစ် ဘောင်အတွင်းက ပြုပြင်ပြောင်းလဲရေးကို အရင်းရှင်စနစ် "ကျော်လွှားသွားရေး" ရဲ့ တခုတည်းသောနည်းနာအဖြစ်ထားခဲ့လို့ "အရင်းရှင်စနစ် လူနာခုတင်ဘေးက ဆရာဝန်နဲ့သူနာပြုလို့" ခေါ်ဝေါ်ခဲ့ကြတယ်။ စစ်အေးခေတ် အဆုံးသတ်သွားပြီးနောက် ဆိုရှယ်လစ်ပါတီများအတွင်း လက်ယာတိမ်းစောင်းမှု အခြင်းအရာတွေ တိုးပွားလာတယ်။ လောလောဆယ်ဆယ်မှာတော့ လက်ဝဲတိမ်းစောင်းမှုတွေ ရှိလာပေမယ့် တကယ်အပြောင်းအလဲ လုပ်ဖို့ကတော့ ခက်ခဲပါလိမ့်မယ်။

၃။ လက်တင်အမေရိက လက်ဝဲဂိုဏ်းတွေ အဆက်မပြတ် ရှုံးနိမ့်လာနေပြီး နိုင်ငံရေးအခြေအနေဟာ လက်ယာသို့ တိမ်းစောင်းမှုကို ဖော်ပြနေတယ်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၆ အထိ ကျင့်သုံးခဲ့တဲ့ "၂၁ ရာစု ဆိုရှယ်လစ်စနစ်" ရဲ့ လက်တင်အမေရိက လက်ဝဲဂိုဏ်းသစ် ဗင်နီဇွဲလားရဲ့ တပေါင်းတစည်းတည်းရှိသော ဆိုရှယ်လစ်ပါတီ၊ အီကွေဒို အချုပ်အခြာအာဏာပိုင်မှု အမိနိုင်ငံ မဟာမိတ်အဖွဲ့၊ ဘိုလီးဗီးယား ဆိုရှယ်လစ်စနစ်အောင်ပန်းဆွတ်ခူးရေး လှုပ်ရှားမှု ပါတီ၊ ဘရာဇီးအလုပ်သမားပါတီစတဲ့ ပါတီများဟာ ရွေးကောက်ပွဲများအတွင်း ဆက်တိုက်ဆိုသလို ရှုံးနိမ့်မှုနဲ့ ရင်ဆိုင်ကြရပါတယ်။ အထူးသဖြင့် ဘရာဇီးအလုပ်သမားပါတီမှ ပေါ်ထွက်ခဲ့တဲ့ ဘရာဇီးသမ္မတ Dilma Rousseff ဟာ လွှတ်တော်ရဲ့ စွပ်စွဲချက် ခံခဲ့ရတယ်။ "လက်ဝဲဂိုဏ်းလမ်းစဉ်ဟာ လက်တင်အမေရိကမှာ နောက်ဆုတ်ရတဲ့" အခြေအနေ ပေါ်နေတယ်။ လက်ဝဲလက်ယာ (၂) ဖက် အားပြိုင်မှုအောက်မှာ လက်တင်အမေရိက အနာဂတ်နိုင်ငံရေးမြေပုံရဲ့ မရေရာမှုတွေဟာ ကျယ်ပြန့်လာနေပါတယ်။

အထက်ဖော်ပြချက်တွေကနေ ချုပ်လိုက်ရင် မျက်မှောက် ကမ္ဘာ့ဆိုရှယ်လစ်စနစ်ဟာ အသက်ပြန်ဝင်လှုပ်ရှား ဖွံ့ဖြိုးတိုးတက်လာတဲ့ အခြေအနေအောက်မှာ ရှေ့ချီတက်နေကြပါတယ်။ ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှုဟာ စိန်ခေါ်မှုနဲ့ ဖိနှိပ်မှု အများအပြားနဲ့ ရင်ဆိုင်နေရပေမယ့် ကျွန်တော်တို့ဟာ ဆိုရှယ်လစ်စနစ် ယုံကြည်ချက်နဲ့ မျှော်မှန်းချက်အပေါ် ပြတ်သားရန်လိုပါတယ်။ ကမ္ဘာ့ဆိုရှယ်လစ်စနစ် တခုလုံး ဖွံ့ဖြိုးတိုးတက်ရေး သေနင်္ဂဗျူဟာ သဘောထားဟာ ကမ္ဘာ့ဆိုရှယ်လစ်စနစ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အမျိုးမျိုးအဖုံဖုံ ဖွံ့ဖြိုးတိုးတက်မှုအဖြစ် သဘောထားသင့်တယ်။ တချိန်တည်းမှာ အပြုသဘောဆောင်တဲ့သဘောထား ကျင့်သုံးသင့်ပြီး မှုကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်တဲ့ ရှေးဦးလိုအပ်ချက်အောက်မှာ ဆိုရှယ်လစ်စနစ်အင်အားစု အချင်းချင်းအကြား ဆက်ဆံမှုကို အားဖြည့်ပေးရန်။ အချင်းချင်းအကြား အပြန်အလှန်သိမြင်နားလည်မှုနဲ့ ဆိုရှယ်လစ်စနစ်နဲ့ပတ်သက်တဲ့ သိမြင်နားလည်မှုကို အဆက်မပြတ် နက်ရှိုင်းရေးကို အားဖြည့်သွားရန်။ ၎င်းမှတဆင့် ကမ္ဘာ့ဆိုရှယ်လစ်စနစ်ကို လှပတဲ့မနက်ဖြန်သို့ ရှေးရှုချီတက်သွားရေး အတူတကွ တွန်းဆော်ပေးသွားရန် ဖြစ်ပါတယ်။

အေးမြမွန်သိန်း
မတ် ၂၅၊ ၂၀၁၇။

**(စဉ်းစားချင့်ချိန်ရန်သာ)**

ကိုးကား။ စန်တုန်းတက္ကသိုလ်၊ မျက်မှောက်ဆိုရှယ်လစ်စနစ် သုတေသနဌာနမှ စာတမ်း။

တရုတ်ပြည် လူမှုရေးသိပ္ပံ ကွန်ရက် (၂၀၁၇ ဇန်နဝါရီ ၃ ရက်)

## ၂၀၁၇ ခုနှစ်အတွင်း လှုပ်လှုပ်ခတ်ခတ် ရက် (၃) ရက်

(ဖောင်ပိတ်ဆောင်းပါး)

**အေးငြိမ်း**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်အငြိမ်းစား
ရှိသေစွာပေးအပ်စဉ်၊

## တပတ်အတွင်း ဖြစ်ပွားခဲ့တဲ့ ရက် ၃ ရက်

(၁) မတ်လ (၂၇) ရက်

(၂) မတ်လ (၃၀) ရက်

(၃) ဧပြီလ (၁) ရက်

**(၁)**

စကတည်းက ယဉ်သကိုဖြစ်နေတယ်။ ဒီချုပ်က ဖက်ဆစ်တော်လှန်ရေးနေ့ဆိုပြီး သူတို့ဌာနချုပ်မှာ ကျင်းပတယ်။ ဗိုလ်မင်းအောင်လှိုင်တို့ စစ်အုပ်စုက သူတို့အပိုင်သိမ်းထားတဲ့ 'တပ်မတော်'နေ့အမည်နဲ့ တနေရာမှာ ကျင်းပခဲ့တယ်။ ဒါပေမဲ့ ဒီနာမည်က ရုံးပိတ်ရက်အမည်ပေါက် နေတယ်။ ဒါကြောင့်လည်း သံခင်းတမန်ခင်း အစီအစဉ်နဲ့ ကျင်းပနိုင်ခဲ့တယ်။

ကာချုပ်ဗိုလ်မင်းအောင်လှိုင် မိန့်ခွန်းပြောတဲ့အထဲမှာ ဗိုလ်နေဝင်း အုတ်မြစ်ချခဲ့တဲ့စစ်အုပ်စု၊ စစ်အစိုးရအဆက်ဆက် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခဲ့တဲ့သမိုင်းပဲ မိတ်ဆက်ပြတယ်။ ပေးချင်တဲ့သတင်းစကား(Message) က ဗိုလ်နေဝင်းလုပ်ခဲ့တာ မှန်လို့ တပ်မတော်က ဒီနေ့အထိ မိမိတို့ပါဝါကို ထိန်းသိမ်းနိုင်တာ ဖြစ်ကြောင်း၊ ခုလည်း စစ်ဗိုလ်ဟောင်းသစ်တွေ သွေးမကွဲဘဲ ဆက်လက်ချီ တက်ကြဖို့ဆိုတဲ့ အဓိပ္ပာယ်ပဲ။ နောက်ပိုင်းကျင်းပတဲ့ စစ်အရာရှိဟောင်းကြီးများ ပူဇော်ကန်တော့ပွဲမှာလည်း ဗိုလ်မင်းအောင်လှိုင်ဦးစီးတဲ့ လက်ရှိစစ်ဗိုလ်ချုပ်ကြီးတွေ ပါဝင်လက်အုပ်ချီကြတာ တွေ့ရတယ်။ ဒါဟာ စစ်အုပ်စုဝင်တို့ရဲ့ အာဏာသိမ်း၊ အာဏာထိန်းတဲ့ အစဉ်အလာကို ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းသွားပါမယ်လို့ အာမခံကတိပေးတာပဲ ဖြစ်တယ်။ သူတို့တွင်းက ဂိုဏ်းအုပ်စု တိုက်ပွဲတွေ ပြင်းထန်မှု လျော့နည်းအောင် လုပ်တာလည်း ဖြစ်တယ်။ ဒင်းတို့ စစ်အုပ်စု အဆက်ဆက် "ရှေးကထက် ပိုချစ်ကြတယ်"လို့ ဖော်ပြချင်တဲ့ အဓိပ္ပာယ်ပဲ။

စစ်တပ်နဲ့ ဒီချုပ်အားပြိုင်မှုဟာ ဒီလောက်နဲ့ မပြီးပါ၊ နောက်ဆက်တွဲသတင်းတွေ ထွက်ပေါ်လာပါတယ်။ ကာချုပ်ဦးစီး ကျင်းပတဲ့ အခမ်းအနားကို တက်ရောက်ဖို့ ဖိတ်ကြားပေမယ့် ဒေါ်စုက မတက်ရောက်ခဲ့ဘူး။ ဒီချုပ်မှ သာမန်အဆင့်ခေါင်းဆောင် တချို့သာ သွားတက်ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ဒီစစ်ရေးပြ အခမ်းအနားဟာ ကာချုပ်ကို ဂါရဝပြုကြရတဲ့ ပွဲဖြစ်လို့ပါ....တဲ့။ ဦးဝင်းထိန် ပြောကြားချက်အရ နိုင်ငံတော်အဆင့် နံပါတ်(၂) ရှိသူအနေနဲ့ နံပါတ်(၈) အဆင့်ရှိသူက ဖိတ်တာ သွားချင်မှ သွားမှာပေ့ါ-တဲ့။ ဒါပေမဲ့ ညနေထမင်းစားပွဲကို တက်ရောက်ဖို့ ပြင်ထားတယ်၊ ဒါပေမဲ့ မဖိတ်လို့ မတက်နိုင်တာပါ-လို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး ပြောရေးဆိုခွင့်ရှိသူက ဖြေကြားပါတယ်။

နောက်သတိထားမိတဲ့ အချက်က ဒီချုပ်ရဲ့ မတ် (၂၇) တော်လှန်ရေးနေ့ ကြေညာချက်ထဲမှာ စဉ်းစားရမယ့် အချက် တချက်ပါလာတယ်။ “အမျိုးသားရေး၊ တိုင်းရင်းသားမျိုးနွယ်စုများအရေးတွင် စစ်ရေးအင်အားဖြင့် သြဇာသက်ရောက်အောင် ဖိအားပေးလေ့ရှိသည့် ရွေးချယ်မှုမျိုးကိုလည်း နိဂုံးချုပ်အောင် ဆောင်ကြဉ်းပေးကြပါလိမ့်မည်”....တဲ့။

ဒါပေမဲ့ ကာချုပ်ဘက်ကတော့ “ခေတ်သစ်စစ်ပွဲ ဆင်နွှဲနိုင်တဲ့ တပ်မတော် တည်ဆောက်ဖို့”ပြောပြီး ငြိမ်းချမ်းရေးရအောင် ဘယ်လိုလုပ် မယ်ဆိုတာ ထပ်မပြောဘဲ တပ်မတော်မူ (၆) ချက်လောက်နဲ့ ချုပ်ထားလိုက်တာ တွေ့ရတယ်။

ဦးဝင်းထိန်က “ NLD ဟာ တပ်မတော်ရဲ့ သြဇာနာခံနေရတာ မဟုတ်ဘူး”လို့ ပြောခဲ့တယ်။ ဒီအချိန်မှာ တရုတ်ဗမာနယ်စပ်တိုက်ပွဲတွေအကြောင်းပြပြီး ပြည်တွင်းပြည်ပ စစ်ဗိုလ်ဟောင်းတွေက တရုတ်နဲ့တိုက်ဖို့ စစ်ပြင်ခိုင်းနေကြတယ်။ စစ်မှုထမ်းဥပဒေ ထုတ်ပြန်ဖို့ ဆော်သြနေကြတယ်။ အနောက်အုပ်စုကို ချဉ်းကပ်ခိုင်းပြီး ပြည်တွင်းကို ဖိတ်ခေါ်ခိုင်းဖို့ ခြေလှမ်းပြင်လာကြတာ တွေ့ရတယ်။ ဒါတွေဟာ မကောင်းတဲ့ လက္ခဏာပဲ။ သူတို့တတွေ စစ်သံပေးနေတာဟာ တိုင်းပြည် ချောက်ထဲကျအောင် လုပ်နေတာပဲ...လို့ ရင်မ နေမိပါတယ်။

ဒီအတိုင်းဆိုရင်တော့ ၂၀၁၇ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်လို့ ဆောင်ပုဒ်တင်ထားတဲ့ ဒီချုပ်ရဲ့ ရည်မှန်းချက်ဟာ ရွှေပြည်တော် မျှော်တိုင်းဝေး ဖြစ်နေပါလိမ့်မယ်။

(၂)

**‘တနစ်အတွင်း ပျာယာခတ်နေတဲ့ အစိုးရ’**

အစိုးရ (၅) မျိုး ရှိတယ်...တဲ့။

(၁) ပြည်သူက ကြောက်တဲ့အစိုးရ

(၂) ပြည်သူက မုန်းတဲ့ အစိုးရ

(အထက်ပါ အစိုးရ ၂ ရပ်က မကောင်းဘူး)

(၃) ပြည်သူချစ်တဲ့အစိုးရ

(၄) ပြည်သူက လေးစားရတဲ့ အစိုးရ

(ဒီအစိုးရ တွေက ကောင်းပါတယ်၊ ဒါပေမဲ့ အကောင်းဆုံး မဟုတ်သေးဘူး) အကောင်းဆုံး အစိုးရဆိုတာ-

(၅) ပြည်သူက ရှိလို့ရှိမှန်းမသိတဲ့ အစိုးရပဲတဲ့။

(ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းတခုမှ)

ဒီချုပ်မဲနိုင်လို့ ဖက်စပ်အစိုးရဖွဲ့ပြီးတနှစ်အကြာမှာ ပေးတဲ့ နိုင်ငံတော်အခြေပြမိန့်ခွန်း (မတ် ၃၀) မိန့်ခွန်းမပြောမီနဲ့ ပြောပြီးတဲ့နောက် ဂယက်တွေ ပလုံစီထလာပါတယ်။

တနှစ်အတွင်း တခေါက်ပြန်လာလေ့လာတဲ့ အမေရိကန်သံအမတ်(ဟောင်း) ဒဲရစ်မစ်ချယ်ကတော့ ...

NLD ရဲ့ အစိုးရ သက်တမ်းအတွင်း သွားရာလမ်းကြောင်းပေါ်တွင် စိတ်ပျက်လက်ပျက်ဖြစ်နေမှုတွေနဲ့ စိုးရိမ်မကင်းဖြစ်နေတာတွေ ကြားသိခဲ့ရတယ်။ အစိုးရ ဝန်ကြီးတွေ ထိထိရောက်ရောက် မလုပ်နိုင်ခြင်း၊ ရှင်းလင်းပြတ်သားတဲ့ စီးပွားရေးမူဝါဒများ မရှိခြင်း၊ စီးပွားရေးကိစ္စအပါ သေးသေးကြီးကြီးကိစ္စတွေ ဒေါ်အောင်ဆန်းစုကြည်ဆီရောက်ပြီး ဆုံးဖြတ်ပေးမှ လုပ်ရဲတာဖြစ်တဲ့အတွက် စွမ်းဆောင်ရည် မဲ့ခြင်း ... လို့ ထောက်ပြပါတယ်။ ဒါတွေက အားမရတဲ့ဘက်က ပြောတာပါ။

ဒါကြောင့် မတ် ၃၀ မိန့်ခွန်းဟာ-

- စီးပွားရေးကိစ္စ ရှင်းရှင်းလင်းလင်း ချမပြနိုင်/ ကိန်းဂဏန်းတွေနဲ့ ပြောမပြဘူး။

- ဒေါက်တာ ခင်မောင်ညို က "ခု-အဆင်မချောပေမယ့် ရေရှည်ကောင်းလာနိုင်ပါတယ်။"တဲ့။- ကြားဖြတ်အတွက် မဲဆွယ်တဲ့ မိန့်ခွန်းပဲလို့ ပြောသူက ပြောတယ်။

- လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းတယ်ပြောတယ်။ (ကျုပ်တို့) ချင်းပြည်နယ်မှာ ဘာမှမတွေ့ရဘူး...လို့ ချင်းနိုင်ငံရေးသမားတယောက်က ပြောတယ်။ (အဓိက လမ်းသစ်ဖောက်တာတွေဟာ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုတွေကို ထိုးစစ်ဆင်ဖို့အတွက် စစ်ကားတွေ၊ ယန္တရားတပ်တွေ သွားနိုင်ဖို့ ဖောက်လုပ်တာတွေပါ။)

- ရင်းနှီးမြှုပ်နှံမှုမှာ ၉ ဘီလျံမှ ၆ ဘီလျံထိုးကျ။

ဒီချုပ်တာဝန်ရှိသူ ဦးဝင်းထိန်က "မပြောရဲတာတွေ ပြောရဲလာတယ်။

- တနှစ်အတွင်း NLD နဲ့ တပ်မတော်ကြား အင်မတန်သိသာ ထင်ရှားသည့် အဖုအထစ်မရှိ၊ တဦးကိုတဦး ပိုမိုနားလည်ပြီး နိုင်ငံရေးအရ ဆောင်ရွက်နိုင်မည့်မျှော်လင့်ချက်များကို ဒေါ်အောင်ဆန်းကြည်က ဆက်လက်လုပ်ဆောင်နိုင်မည်လို့ ယုံကြည်တယ်။

- ဒေါ်စုနဲ့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ အဆင်ပြေမှ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေပြင်နိုင်မည်ဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်မည်၊ နောက် ငြိမ်းချမ်းရေး အဆင်ပြေမယ်"လို့ ပြောခဲ့တယ်။

ဘာပဲဖြစ်ဖြစ် ဒီတနှစ်ကို ချုပ်ကြည့်ရင် NLD မျက်နှာပန်းမလှသေးတဲ့ နှစ်ပဲ။ ခြေ/ဥ ပြင်ဆင်ရေး၊ ဖျက်သိမ်းရေးကတော့ ရောင်နီတောင် မသန်းသေးဘူးလို့ ပြောနိုင်တယ်။

စာနာသူ ပုဂ္ဂိုလ်တဦးက "မိန့်ခွန်းပေးတာမှာ နွမ်းနယ်နေတဲ့ပုံ တွေ့ရတယ်"လို့ စိုးရိမ်မကင်းပြောတာ ဖတ်လိုက်ရတယ်။

ကျွန်တော်တို့အနေနဲ့ ကြိုပြောခဲ့တာ ရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ လူစွမ်းပြချင်လို့ ဦးပေါင်းကျား ပေါင်းကာ တူရွင်းတောင်ခြေ မြင်းစိုင်းထွက်လာတာတော့ ဟုတ်ဟန်မတူ-မယူမဖြစ်လို့ ဝန်ကြီး (၄) နေရာ ယူလိုက်တဲ့ကိစ္စ စောင်းပါးရိပ်ခြေ သတိပေးခဲ့တယ်။ အသက် က ကြီးပြီကော ဆိုပြီး ထောက်ပြခဲ့တယ်။

ပြည်သူနာတွေက သောင်းခြောက်ထောင်-ရှုပ်လည်းရှုပ်ထွေးတယ်။ ထောက်ပြဝေဖန်၊ ရှုတ်ချ၊ ဆန့်ကျင်ကြတာတွေကြည့်ပြီး "အယက်အကန်ခံလို့ - ဗေဒါပျံ အံကိုခဲ" နေရမှတော့ ဘယ်လောက်ကြာကြာ တောင့်ခံနိုင်မလဲ။ မနိုင်ဝန်ထမ်းနေရတာမှန်း သိသာတယ်။

### ဘယ်လိုအစိုးရမျိုးလဲ

အစိုးရ (၅) မျိုးရှိတဲ့အနက် နံပါတ်(၁) နဲ့ (၂) အမျိုးအစားကိုတော့ စစ်အစိုးရအဆက်ဆက်က တောက်လျှောက် သိမ်းပိုက်ခံယူထားခဲ့တယ်။

ဒီချုပ်အစိုးရအနေနဲ့ နံပါတ်(၃) အမျိုးအစားကိုတော့ တစိတ်တပိုင်းခံယူခွင့်ရှိတယ်လို့ မြင်ပါတယ်။ နံပါတ်(၄) အချက်နဲ့ စောစော ပိုင်းကိုက်ညီပေမယ့် နောက်ပိုင်းလျော့နည်းသွားတယ်လို့ ထင်ပါတယ်။ နံပါတ်(၅) အချက်နဲ့တော့ လုံးဝမကိုက်ညီဘူး ပြောရပါမယ်။ မသိ ဘယ်ရှိမလဲ။ ရုံးရုံး ရုံးရုံးနဲ့ အုပ်ချုပ်နေတာကလား။

ခုလက်ရှိအစိုးရက ဖက်စပ် အစိုးရ ဖြစ်နေတယ်။ စစ်အုပ်စု အမွေစား အမွေခံ ဗိုလ်မင်းအောင်လှိုင်အုပ်ချုပ်တဲ့ ဝန်ကြီးဌာန (၃) ခုပါတဲ့ အစိုးရကတပိုင်း၊ သူတို့က ခုအထိ နံပါတ်(၁) နဲ့ (၂) ကို အပိုင်စားယူထားတယ်။

ပြောချင်တာက ဒီချုပ်အနေနဲ့ (၃) (၄) (၅) ကို လိုချင်တယ်ဆိုရင် မှားလို တွယ်ကပ်နေတဲ့ ကပ်ပါးသတ္တဝါကို ခွာချဖို့လိုတယ် … ဆိုတာပဲ။

မိန့်ခွန်းပြောအပြီး ဂြိုဟ်မွှေတဲ့ ကိစ္စတခု ပေါ်လာတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံရုံး ပြောရေးဆိုခွင့်ရှိသူဆီကလာတဲ့ သတင်းတခုပါ။ UNFC အဖွဲ့ဝင် (၅) ဖွဲ့က NCA မှာ လက်မှတ်ထိုးတော့မယ်ဆိုပြီး အပိုင်ပေါက် အစီရင်ခံလိုက်ပါတယ်။ ဒါကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ခွန်းအပြီးမှာ ဝမ်းသာအယ်လဲ ဖြည့်စွက် ပြောခဲ့မိပါတယ်။

ကာယကံရှင် (၅) ဖွဲ့က ဒီအဆင့်အထိ မရောက်သေးပါဘူးလို့ ဖြေရှင်းပြကြတော့မှ သတင်းပို့သူပုဂ္ဂိုလ်က 'ဆန္ဒစောပြီး လုပ်မိပါတယ်' ….ဖြစ်သွားတယ်။

(၃)

**"ပြည်သူတွေ စိတ်မဝင်စားတဲ့ ကြားဖြတ်ရွေးကောက်ပွဲ"**

### (၁) ဦးလှသိန်းကော်မရှင်

ရွေးကောက်ပွဲ အနိုင်အရှုံးထွက်လာပါပြီ။ အားလုံးသိကြတဲ့အတိုင်း NLD မျက်ခုံးလှုပ်တယ်။ တိုင်းရင်းသားပါတီ (၂) ခု ရလဒ်ကောင်းတယ်။ ဒဏ်ရာမကျက်သေးတဲ့ ကြံ့ဖွံ့က အခြောက်တိုက် အသားယူတယ်။

ကြံ့ဖွံ့ခေတ် 'တင်အေးကော်မရှင်' နာမည်ပျက်ခဲ့ရာက အခု '(ဦး)လှသိန်းကော်မရှင်' အစားထိုးလာခဲ့ကြတယ်။ စောစောပိုင်း ကျွန်ရေရရ ပွဲစီစဉ်လာနိုင်ခဲ့ပေမယ့် မြေပဲလှော်ရွှရွကလေး စားနေရာက နောက်ဆုံးအတောင့်မှာ အအောက်နဲ့ တွေ့သွားခဲ့တယ်။ ဘာပဲဖြစ်ဖြစ် 'တင်အေးကော်မရှင်'ထက်တော့ သာပါတယ်။

## (၂) အကြိုကာလ

ဒီချုပ်-ပြိုင်ရမှာက (၁၉) နေရာ၊ နေရာစေ့ ဝင်ပြိုင်မယ်၊ နေရာတိုင်းမှာ နိုင်မယ်လို့ ဦးညဏ်ဝင်းက ကြုံးဝါးခဲ့တယ်။ ဒါပေမဲ့ ပွဲမထွက်လိုက်ရခင်ကတည်းက အအောက်တတောင့် ဝါးလိုက်မိတယ်။ နိမိတ်မကောင်းဘူး။ ကယားပြည်နယ်ဘက်မှာ အချိန်မီ ကိုယ်စားလှယ် မတင်ပြလိုက်နိုင်လို့ ဦးလှသိန်းတုတ်စာမိသွားတယ်။

ကြံ့ဖွံ့- ပါတီဝင် (၄) သန်းကျော် ကျန်သေးတယ်။ ဘဏ္ဍာရေးက တောင့်ပြီးသား၊ မူလကတည်းက စစ်တပ်ပါတီအနေနဲ့ အစိုးရလုပ်လာတော့ အရှိန်အဝါရှိပြီးသား၊ အခုလည်း အာဏာပြင်းတဲ့ ဝန်ကြီး (၃) ဌာနအောက်မှာ လုပ်နိုင်ကိုင်နိုင်တဲ့ ရာထူး ဌာနဆိုင်ရာတွေ ကိုင်ထားတဲ့ အမာခံလက်ရုံးတွေက တပြည်လုံးအနှံ့ရှိတယ်။ ဒ့ါအပြင် ကြည်လင်း၊ အောင်ဝင်းခိုင် တို့လို အရန်အင်အားတွေ ရှိသေးတယ်။ ဥက္ကဋ္ဌသစ်ကလည်း အရင်ဥက္ကဋ္ဌတွေနဲ့ မတူဘူး။ ဥက္ကဋ္ဌသစ်ကိုလည်း လူတွေက သရော်လှောင်ပြောင်နေကြတယ်။ တဆိတ်ကို တအိတ်လုပ်ရာမှာ 'ဇ' သေးလှသူမဟုတ်ဘူး။ ကြံရည်ဖန်ရည်ရှိတယ်။ ဟုတ်ဟုတ် မဟုတ်ဟုတ် နှုတ်ရေး ကြွယ်ကြွယ်နဲ့ ပြောနိုင်တဲ့ စစ်ထွက် နိုင်ငံရေးသမား။

တပြည်လုံးအတိုင်းအတာနဲ့ နေရာအများဆုံး ပြိုင်ကြတဲ့ပါတီ (၃) ခုထဲက အစွယ်မရှိတော့တဲ့ တစည ပါတီကို ချန်လုပ်ခဲ့ပြီး အလေးထားစရာ (၂) ပါတီပဲ ယှဉ်ကြည့်တာပါ။

## (၃) ရွေးကောက်ပွဲအပြီး

ဒီချုပ်-(၉) နေရာရတယ်။ မဲဆန္ဒနယ်အားလုံးရဲ့ ၄၇ ရာခိုင်နှုန်း နိုင်တာဖြစ်တယ်။ (၂၀၁၅ တုန်းက ၈၂ ရာခိုင်နှုန်း ရခဲ့) ဒီအပေါ် သူတို့ခံယူချက်ကို ပြောရေးဆိုခွင့်ရှိသူ (ဝင်း ၂ ဝင်း) က ထုတ်ပြောခဲ့တယ်။

ဦးညဏ်ဝင်းက (တိုက်ပွဲတွေဖြစ်နေတဲ့အတွက် အာဏာရပါတီဖြစ်တဲ့ NLD ထောက်ခံမှု နည်းလိမ့်မယ်လို့ ကြိုခန့်မှန်းထားတယ်။

-မိုင်းရှူးကျေးသီကို ဌာနချုပ်က အုံနဲ့ကျင်းနဲ့ သွားကူညီခဲ့တာပဲ။ တိုင်းရင်းသား ဒေသတွေမှာ စည်းရုံးရေးကောင်းကောင်း မလုပ်နိုင်ဘူး။ စကားမပေါက်တာ ရှိတယ်။)လို့ ပြောခဲ့တယ်။

ဦးဝင်းထိန်က မဲပေးမှု ရာခိုင်နှုန်းနည်းတာတချက်၊ (လှိုင်သာယာမှာ ၁၂ ရာခိုင်နှုန်းပဲ မဲပေး) -ဒေါ်အောင်ဆန်းစုကြည် မဲမဆွယ် နိုင်တာလည်း ပါတယ်။ (ကြံ့ဖွံ့ဦးစီး ၁၂ ပါတီကတော့ မတ် ၃၀ ရက်၊ မိန့်ခွန်းဟာ မဲဆွယ်မိန့်ခွန်းဖြစ်လို့ ရုံးကို တိုင်မယ်... .တဲ့)ဒါတွေက ရှုံးတဲ့အပေါ်က ဖြေပြောပြောနေတာပါ-ကြံ့ဖွံ့ဘက် ကြည့်ပါဦး-

ကြံ့ဖွံ့-ဥက္ကဋ္ဌလုပ်သူက "မိမိတို့အပေါ် ပြည်သူလူထုအားထားယုံကြည်မှု မြင့်မားလာသည်ကို အထင်အရှားတွေ့ရှိရတယ်။ ၂ နေရာမှာ ပြတ်ပြတ်သားသား အနိုင်ရတယ်။ တခြားမဲဆန္ဒ ၆ နေရာမှာ အဓိက ပြိုင်ဘက် NLD ထက် လူထုထောက်ခံမှု ပိုရခဲ့တယ်"... လို့ ဝံ့ကြွားခဲ့တယ်။ ၂၀၂၀ အတွက် အားတက်ပါတယ်ဆိုတဲ့ အသံလည်း ကြားလိုက်ရတယ်။ ဒါတွေက အဖြေမှန်တွေ မဟုတ်ပါဘူး- တကယ်အဖြေမှန်က NLD မဲရှုံးခဲ့တဲ့ ဒေသက တိုင်းရင်းသားတွေအသံထဲမှာ ရှိပါတယ်။

"ဒေါ်စု စစ်တပ်နဲ့ တွဲနေတာ မကြိုက်ဘူး။ သူက ဗမာဖြစ်လို့ ဗမာတွေအတွက်ပဲလုပ်နေတယ်။ မိမိတို့ဒေသခံတွေကို လျစ်လျူရှု နေတယ်။ ငြိမ်းချမ်းရေးရအောင် မလုပ်နိုင်ဘူး။ မဲပေးခဲ့တဲ့ တိုင်းရင်းသားတွေကို အကာအကွယ် ပေးဖို့ ပျက်ကွက်ခဲ့တယ်"-တဲ့။

ဒီနေရာမှာ တွေ့ရတဲ့ ထူးခြားချက်တခုကို ထုတ်ဖော်လိုတယ်။ (၆) နေရာအနိုင်ရတဲ့ SNLD က ဘာမှ အသားမယူဘူး။ နိုင်တဲ့ ကိုယ်စားလှယ်တွေ NLD နဲ့ လက်တွဲလုပ်ပါဆိုတဲ့ ညွှန်ကြားချက်ကိုတောင် ထုတ်ပြန်လိုက်ခြင်းဖြစ်ပါတယ်။

**(၄) စုဖွဲ့မှုပုံစံပြောင်းနေပြီ**

ဒီနေ့ခေတ်ဟာ လူမျိုးစုတွေ နိုးကြားလာနေတဲ့ ခေတ်ဖြစ်တယ်။ ဒီချုပ် ယိုယွင်းစပြုလာတယ်။ ဟာသွားတဲ့ကွက်လပ်တွေမှာ ဘယ်အင်အားစုတွေ အစားထိုးဝင်လာမလဲ။ တိုင်းရင်းသားဒေသတွေမှာ တိုင်းရင်းသားပါတီတွေ အစားထိုးဝင်ရောက်လာကြလိမ့်မယ်။

ပြည်မမှာတော့ ဒီချုပ်ကို မဲမပေးရင် ဘယ်သူ့ပေးမလဲ-ဆိုတဲ့ မေးခွန်းရှိတယ်။ ပြည်သူ့အကျိုးဆောင်မယ့် တိုးတက်တဲ့ ပါတီငယ်တချို့ ရှိပေမယ့် အချိန်ယူလုံးပန်းကြရလိမ့်မယ်။ ပြည်မမှာ အာဏာနိုင်ငံရေးပဲသိတဲ့ တခြားအုပ်စုတခု ပေါ်လာနေတယ်။ အင်အားလည်း မသေးဘူး။ ငွေလည်းပေါတယ်။ အသံလည်း ကျယ်တယ်။ သမိုင်းအမှိုက်ပုံထဲ ရောက်ကြမယ့်သူတွေပဲ။ ဒါပေမဲ့ ဒီကာလမှာ သူတို့တတွေရဲ့ ဖျက်ဆီးစွမ်းအင်က မသေးဘူး။ ဒါကို သတိရှိသင့်ကြတယ်။

ဒီချုပ်အတွက် အသက်ရှူချောင်စရာ ရှိတာက အရင်လက်တွဲလာခဲ့တဲ့ နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသားအဖွဲ့အစည်းတွေ၊ (SNLD, UNA စသည်) က ခုအထိ မိတ်ဖက်ဆက်ဆံရေးသဘော ဖော်ပြနေသေးတယ်။ တိုင်းရင်းသားအများစုကလည်း စောင့်ကြည့်နေဆဲပဲ။ ကြံ့ဖွံ့နဲ့ မသူတော်အုပ်စုက ဖုတ်သွင်းတစ္ဆေအဆင့်ပဲ ရှိတော့တယ်။ ပြင်မယ်ဆိုရင် ပြင်ဖို့ အချိန်ကလည်း ရှိနေသေးတယ်။ သို့သော် ငေါ်ပြတ်နေပြီဖြစ်တဲ့ အခြေခံလူတန်းစားတွေက နောက် ဘယ်လောက်အထိ သည်းညည်းခံနိုင်ဦးမလဲ ဆိုတာကိုလည်း သတိထားဖို့ လိုပါတယ်။

ဒီအချက်တွေကို အလေးထားမယ်ဆိုရင် "ပြည်သူနဲ့အတူ" လို့ ကြွေးကြော်သံတင်လာတဲ့ ဒီချုပ် ပန်းပန်နေဦးမယ်လို့ ထင်မိကြောင်းပါ။

**အေးငြိမ်း**

၁၀၊၄၊၂၀၁၇။

အတွဲ (၂) အမှတ် (၈)

## မာတိကာ


"အလင်းတချက် အမှောင်တကွက်နဲ့ သွားနေတဲ့ ငြိမ်းချမ်းရေး"(စာတည်းအဖွဲ့အမှာ)- (၁)

To, Presidium of the 20th CongressCommunist Party of Greece-(၃)

ဂရိကွန်မြူနစ်ပါတီသို့ ပေးပို့သည့် သဝဏ်လွှာ(၄)

အမျိုးသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးဆိုတာ တဆက်တစပ်တည်း ကိစ္စတွေပါ(၆)

ဗမာပြည်နိုင်ငံရေးအရွေ့(၈)

တိုက်ရဲမှ အောင်ပွဲရမယ်(၁၁)

စစ်ထွက်ဆရာကြီးတွေ ဘာလုပ်နေသလဲ(၁၃)

သမိုင်းကနေ ပြေးမလွတ်(၁၄)

ဗိုလ်ချုပ်အောင်ဆန်း သနားစရာ(၁၈)

ကွယ်လွန်သူ ရဲဘော်မောင်မောင်အတွက် အမှတ်တရ တမ်းချင်းလွှာ(၂၀)

လွမ်းလေသမျှ(၂၁)

အမျိုးသားရေးစိတ်ဓာတ်များ ပြင်းထန်စွာ ဖြစ်ပေါ်လာတာ...(၂၅)

ဘယ်အချိန်ကထက်မဆို ပိုမိုကြည်လင် ရှင်းလင်းပြတ်သားလာနေပါပြီ(၂၈)

၂၀၂၀ အလားအလာ(၃၀)

ပြီးဆုံးဖို့မလွယ်လှတဲ့ ၁၉၄၈ က စခဲ့တဲ့ ဗမာပြည် ပြည်တွင်းစစ်(၃၂)

အမှတ်တရ ရဲဘော်ကျော်လေး(၃၄)

ကွန်မြူနစ်စနစ်နှင့် အမျိုးသမီး(၃၉)

လူ သန်း ၂၀ အငတ်ဘေး ကြုံဖွယ်ရှိ(၄၂)

နိုင်ငံတကာ သတင်းသုံးသပ်ချက် (၂၁-၃- ၂၀၁၇) (၄၃)

ညစ်ပတ် သွေးစွန်းကြေး (၄၅)

(၁၈) ကြိမ်မြောက် နိုင်ငံတကာ ကွန်မြူနစ်ပါတီများနှင့် အလုပ်သမားပါတီများရဲ့ အစည်းအဝေး(၄၆)

၂၀၁၆ ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှုကို အကဲခတ်ကြည့်ခြင်း(၅၀)

၂၀၁၇ ခုနှစ်အတွင်း လှုပ်လှုပ်ခတ်ခတ် ရက်(၃) ရက် (၅၈)